HAL open science

# Myanmar Anya day tha yay ya hmatdan

Stéphen Huard

▶ **To cite this version:**

Stéphen Huard. Myanmar Anya day tha yay ya hmatdan. Anthro&Co, 98 p., 2026, 979-10-982813-0-3. ⟨10.23708/fdi:010097843⟩. ⟨hal-05722474⟩

**HAL Id: hal-05722474**

**https://hal.science/hal-05722474v1**

Submitted on 24 Aug 2026

**HAL** is a multi-disciplinary open access archive for the deposit and dissemination of scientific research documents, whether they are published or not. The documents may come from teaching and research institutions in France or abroad, or from public or private research centers.

L'archive ouverte pluridisciplinaire **HAL**, est destinée au dépôt et à la diffusion de documents scientifiques de niveau recherche, publiés ou non, émanant des établissements d'enseignement et de recherche français ou étrangers, des laboratoires publics ou privés.

Distributed under a Creative Commons CC BY-NC-ND 4.0 - Attribution - Non-commercial use - No Derivative Works - International License

Stéphen Huard

# မြန်မာ့အညာဒေသရေးရာ မှတ်တမ်း



Stéphen Huard

# မြန်မာ့အညာဒေသရေးရာ မှတ်တမ်း

Credits
© 2026 Stéphen Huard

Credit photos
© Stéphen Huard

Tous droits réservés

မြန်မာ့အညာဒေသရေးရာ မှတ်တမ်း © 2026 par Stéphen Huard
est sous licence CC BY-NC-ND 4.0.

Graphiste : Marianne Chauveau-Smolska

Traduction : Mee Phaw

Publié par
Anthro&Co
Nantes 44000 – France

Imprimé en Thaïlande

Achevé d’imprimer en juin 2026

Une notice bibliographique pour cet ouvrage est disponible auprès de la Bibliothèque nationale de France – dépôt légal : juillet 2026

ISBN du livre broché 979-10-982813-0-3

ISBN du livre électronique 979-10-982813-1-0

ကျွန်ုပ်၏ မြန်မာညီအစ်ကိုများအတွက်

# စာဖတ်သူထံအမှာစကား

ဒီစာတမ်းလေးက Berghahn Books က ထုတ်ဝေထားတဲ့ အင်္ဂလိပ်စာအုပ် "Calibrated Engagement. Chronicle of Local Politics in the Heartland of Myanmar" ကို အကျဉ်းချုပ်ရေးထားတဲ့ မူရင်း ဖြစ်ပါတယ်။ မြန်မာလိုဆိုရင်တော့ "ချိန်ညှိ အကဲဖြတ်ဆက်ဆံဆောင်ရွက်ခြင်း - မြန်မာ့အညာဒေသရေးရာ မှတ်တမ်း" လို့ ခေါ်ပါတယ်။ အင်္ဂလိပ်လိုမူရင်းစာအုပ်ကိုတော့ အွန်လိုင်းမှာ https://doi.org/10.3167/9781805396772. အခမဲ့ ဖတ်လို့ရပါတယ်။ ဒီအကျဉ်းချုပ်ကို မြန်မာ ဘာသာနဲ့ရေးထားတာက သုတေသနလုပ်နေချိန်အတွင်း အတူနေ၊ အတူစား နေထိုင်ခဲ့ရတဲ့သူတွေ၊ အလုပ်အတူတူလုပ်ခဲ့ကြသူတွေနဲ့ ရပ်ရွာအသိုင်းအဝိုင်းတွေကို ကျွန်တော့်ရဲ့ ဒီ သုတေသနရလဒ်တွေကို ပြန်မျှဝေချင်လို့ပါ။ ဒီစာတမ်းရဲ့ ရည်ရွယ်ချက်က ကိုယ်သိထားတာ တွေကိုပဲ "နောက်ဆုံးအဖြေ၊ အပြီးသတ်အမှန် တရား" လို့ သတ်မှတ်ပြီးပြောဖို့မဟုတ်ဘဲ ဆွေးနွေးတိုင်ပင်လို့ ရမယ့် နေရာတွေ ပိုမိုဖန်တီးချင်တာ၊ အမြင်မတူမြင်နေကြတာတွေကို လွတ်လပ်စွာ ပြန်ပြောလို့ရအောင် လုပ်ချင်တာ၊ မေးခွန်းအသစ်တွေ ထပ်မံ ပေါ်ထွက်လာစေချင် တာပါ။ ဒီစာတမ်း ကို ဖြန့်ဝေခြင်းအားဖြင့် အတူ စဉ်းစား၊ အတူဆွေးနွေးပြီး ဒီသုတေသနကို နောက် တစ်ဆင့် ဘယ်လို ဆက်တိုးတက်အောင်သယ်ဆောင်သွား မလဲဆိုတာကိုလည်း အတူပူးပေါင်းတည်ဆောက်နိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

# အကြောင်းအရာများ စာရင်း


နိဒါန်း ............ 7

ဂေါ်ကြီးရွာ ............ 11

လူနှင့်ရွာသမိုင်း၊ ကိုယ်ကျင့်တရားနှင့် အချိန် ............ 22

မြင်းမီးလောင် ............ 34

အကဲဖြတ်ဆက်ဆံဆောင်ရွက်မှု ............ 40

အခန်း ၁။ ရွာအကြီးအကဲပေါ်ထွက်လာခြင်း (သူကြီး) ............ 47

အခန်း ၂။ ဘုန်းဖြင့်ဦးဆောင်ခဲ့သည့်နောက်ဆုံးအမျိုးသားများ ............ 53

အခန်း ၃။ ရပ်ရေးရွာရေးများထွန်းကားလာခြင်း ............ 58

အခန်း ၄။ ရွာအကြီးအကဲဖြစ်ခြင်း ............ 63

အခန်း၅။မြေယာအမွေပေးခြင်း ............ 68

အခန်း ၆။ ကျေးရွာရေးရာများအား ကြည့်ရှုစောင့်ရှောက်ခြင်း ............ 76

နိဂုံး ............ 86

ရည်ညွှန်းကိုးကားချက်များ ............ 97

# နိဒါန်း

၂၀၁၀ ခုနှစ်များတွင် မြန်မာနိုင်ငံ အညာကျေးလက်ဒေသသို့ သွားရောက်သည့်အခါ အုပ်ချုပ်ရေးမှူး များနှင့်တွေ့ဆုံရမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ ၁၉ ရာစုနှောင်းပိုင်းတွင် ကျေးလက်ဒေသများ၌ ဆူပူအုံကြွမှုများအား ဗြိတိသျှတို့က အကြမ်းဖက်နှိမ်နင်းပြီးကာလအတောအတွင်း မြေယာနှင့်လူထု အား စီမံအုပ်ချုပ်နိုင်ရေးအတွက် အစိုးရအဖွဲ့အစည်းယန္တရားများကို စိတ်ကူးယဉ်တည်ထောင်ခဲ့သည်။ ရွာသူကြီးများသည် ထိုအစိုးရအဖွဲ့အစည်းယန္တရားများကို ကိုယ်စားပြုပုံဖော်ဆောင်ရွက်ပေးသူများ ဖြစ်သည်။ ထိုအချိန်မှစ၍ သူကြီးများနှင့်ပတ်သက်၍ ပြောဆိုမှု နှစ်မျိုးရှိခဲ့သည်။ တစ်ခုမှာ ၎င်းတို့ သည် ၎င်းတို့၏ရွာအတွက် အကောင်းဆုံးလုပ်ဆောင်ရန် ကြိုးစားနေသော အဖိနှိပ်ခံရဆုံးအရာရှိများ ဖြစ်ကြသည်ဟုဆိုကြပြီး၊ နောက်တစ်ခုမှာ ၎င်းတို့သည် ဘုရင်ငယ်များအဖြစ်လုပ်ဆောင်ကာ တန်ရာ တန်ကြေးဖြင့် လုပ်ပိုင်ခွင့်များချပေးခြင်းနှင့် သတင်းအချက်အလက်များမျှဝေပေးခြင်း၊ မိမိထက် ရာထူးဂုဏ်ကြီးသူများနှင့်ဆိုလျှင် အထောက်အပံ့ခံယူသူတစ်ဦးအနေဖြင့်လည်းကောင်း၊ မိမိထက် နိမ့်ကျသူများနှင့်ဆိုလျှင် ထောက်ပံ့သူတစ်ဦးအနေဖြင့်လည်းကောင်း ပြုမူဆောင်ရွက်ခြင်းများရှိကြ သည်ဟု ဆိုသည်။ တရားဝင်အားဖြင့် သူကြီးများသည် ၎င်းတို့ကျေးရွာအုပ်စုအတွင်း သူစိမ်းများအဝင် အထွက်ကို သိရှိခွင့်ရှိသည်။ ကျေးရွာအုပ်စုဆိုသည်မှာ ကျေးရွာများကိုစုစည်းထားပြီး အုပ်စုတစ်ခု အနေဖြင့် စီမံအုပ်ချုပ်ခြင်း ဖြစ်သည်။ လက်ရှိတွင် "အုပ်ချုပ်ရေးမှူး" များရှိပြီး ၎င်းတို့သည်ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့်ဆင်တူပြီး ကျေးလက်ဒေသန္တရအုပ်ချုပ်ရေးကိစ္စအဝဝအတွက် တာဝန်ယူ ကြီးကြပ်ကွပ်ကဲဆောင်ရွက်သည်။ ဤအမျိုးသားများကြီးစိုးသည့်ရုံးသည် အစိုးရရာထူးနှင့်ဆင်တူ သော ဗျူရိုကရေစီယန္တရားတစ်ခုဖြစ်သော်လည်း ကျွန်ုပ်၏ကွင်းဆင်းလေ့လာမှုအတွင်းတွေ့ဆုံခဲ့ရ သောရွာများရှိ အမျိုးသားအများစုသည် သူကြီးဖြစ်လိုကြခြင်း မရှိပါ။

သူကြီးများ၏တရားဝင်အခန်းကဏ္ဍ၊ အထူးသဖြင့် ရဲဌာနသည် အချိန်ကြာလာသော်လည်း များစွာ ပြောင်းလဲသွားခြင်း မရှိပါ။ ကျေးရွာဒေသန္တရအုပ်ချုပ်

ရေးယန္တရားကို ကိုယ်စားပြုအကောင်အထည် ဖော်ပေးသူများနှင့် အယူအဆ/အခင်းအကျင်းကသာ ပြောင်းလဲသွားခြင်းဖြစ်သည်။ အကြီးအကဲကို ကနဦးက "သူကြီး" ဟု အများကခေါ်ဝေါ်ကြပြီး ကိုလိုနီနယ်မြေအသစ်များကို ထိန်းချုပ်ရာတွင် နည်းလမ်းတစ်ခုအဖြစ်အသုံးပြုရန် ဓလေ့ရိုးရာလုပ်ပိုင်ခွင့်အာဏာတစ်ခုကိုရှာဖွေခြင်း ဖြစ်သည်။ ဤ အမည်သည် ကျေးလက်လူ့အသိုင်းအဝိုင်းတွင် လိမ္မာပါးနပ်သူ အမျိုးသားများ၏ ပုံရိပ်ကိုဖော်ပြသည်။ ရာထူးဂုဏ်ရှိန်မြင့်သူက ၎င်းထက်နိမ့်ပါးသူကိုပံ့ပိုးကူညီ၍ ဆက်ဆံရေးတည်ဆောက်ခြင်းအားဖြင့် စည်းရုံးထားမှုကိုဖြစ်စေပြီး ၂၀ ရာစုအလယ်မတိုင်မီ ကိုလိုနီစနစ်နှင့်စျေးကွက်အင်အားစုများက ထိုအခြေအနေကို တဖြည်းဖြည်းတိုက်စားပျောက်ကွယ်သွားစေခဲ့သည်ဟု အချို့သော လေ့လာသုံးသပ်သူများကဆိုကြသည် [Scott 1972]။ သူကြီးများသည် မိရိုးဖလာအစဉ်အဆက် သူကြီးအဖြစ် အာဏာ ရခဲ့ပါလျှင်တောင်မှ ၎င်းတို့၏အာဏာပါဝါများကို ဆုံးရှုံးလာသည်ဟူ၍ ၁၉၆၀ အစောပိုင်းနှစ်များတွင် အမေရိကန်မနုဿဗေဒပညာရှင် Nash ကဆွေးနွေးခဲ့သည်။ ဆန့်ကျင်ဖက်အားဖြင့် (ဘုန်းကံကြီး သူ/လူစွမ်းကောင်း) ဘုန်းရှိသူအမျိုးသားများ၏ဦးဆောင်မှုသည် ပိုမိုထင်ရှားလာပြီး ခေတ်သစ်နိုင်ငံ ရေးပါတီတည်ထောင်မှု ပြဿနာများကို ပို၍ ထင်သာမြင်သာရှိလာစေသည် [Nash 1963]။

ကိုကျော်ကို ကျွန်ုပ်၂၀၁၃ ခုနှစ်က သူ၏ရွာ"ဂေါ်ကြီး"တွင်တွေ့ဆုံခဲ့စဉ်က သူသည် မြင်းမီးလောင်ကျေး ရွာအုပ်စု၏ အုပ်ချုပ်ရေးမှူး ဖြစ်လာကာစပင် ရှိသေးသည်။ ထိုစဉ်က ကျေးလက်ရေးရာကိစ္စများတွင် ပါတီနိုင်ငံရေးသည်အရေးမပါလှသေးဘဲ လူတိုင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီထက် စာလျှင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို အားပေးထောက်ခံနေစဉ် ဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအား မြန်မာနိုင်ငံကို ၁၉၆၂ မှစ၍ (နိုင်လုံးဆိုင်ရာ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနိုင်ရသည့်) ၂၀၁၅အထိအုပ်ချုပ်ခဲ့ သော မြန်မာတပ်မတော်ကတည်ထောင်ခဲ့သည်။ နိုင်ငံရေး/အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် အင်စတီ ကျူးရှင်းများကို ကိုယ်စားပြုအကောင်အထည်ဖော်သည့်ပုံစံများပြောင်းလဲလာခဲ့သောကြောင့် ၂၀၁၀ ခုနှစ်များတွင် "သူကြီး" ဟူသည့်အခေါ်အဝေါ်သည် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာကို ပျက်

ရယ်ပြုလို သည့် သဘောဆောင်ခဲ့သည်။ ကျေးရွာဒေသန္တရအရေးကိစ္စများကိုကြည့် ရာတွင် "ဘုန်း"ဖြင့် ဦး ဆောင်မှုထက်စာလျှင် ယခင်ခေါင်းဆောင်များ၏ စံတန်ဖိုးနှင့် ကျင့်ဝတ်ကိုချိုးဖောက်ခဲ့မှုများနှင့် တစ် နိုင်ငံလုံးအဆင့်ပြောင်းလဲမှုများကြောင့် ယခု လက်ရှိတွင် ကျေးရွာလူထုအပေါ် မည်သို့သက်ရောက်မှု ရှိသနည်းဟူသည့် ရှုထောင့် မှကြည့်သော ကိစ္စရပ်ဖြစ်လာခဲ့သည်။ ဆိုရှယ်လစ်စနစ် ချမှတ်အကောင် အထည် ဖော်ပြီးနောက် (၁၉၆၂-၁၉၈၈)ကာလ မြန်မာ့ကျေးလက်ဒေသများ လျစ်လျူရှုခံနေ ရစဉ် အတွင်း ၁၉၈၀ - ၁၉၉၀ ခုနှစ်များရှိ မြန်မာတပ်မတော်က ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများကြောင့် လည်း ထိုကျင့်ဝတ်နှင့်စံတန်ဖိုးဆိုင်ရာအပြောင်းအလဲ များ ဖြစ်လာခဲ့သည်။ အတိတ်တွင်ရှိခဲ့သည့် "ဘုန်း"ဖြင့်အုပ်ချုပ်သူအမျိုးသား များ (ဘုန်းတော်ကြီး/သံဃာတော်များမှလွဲ၍) ယခုမရှိတော့ပေ။ ဤ ဖြစ်စဉ်တွင် "ဘုန်း"အစား လူ့တန်ဖိုး(လူသားတစ်ဦးအဖြစ်တန်ဖိုးရှိမှု)က အတိုင်းအတာတစ်ခုထိ အစားထိုးဝင်ရောက်လာခဲ့ပြီး အာဏာပါဝါပုံစံအသစ်တစ်ခု ထွက်ပေါ်လာခဲ့သည်။

ဒေသခံအထက်တန်းလွှာ "လူကြီး" သို့မဟုတ် လူကြီးလူကောင်းများဟု ခေါ်သော အမျိုးသားအများ အပြားသည် ဂေါကြီးရွာရေးရာများကို လူတို့၏တန်ဖိုး ကို အကဲဖြတ်သည့် ပါဝင်ဆောင်ရွက်မှုနေရာ တစ်ခုအဖြစ်ပြုလုပ်ခဲ့သည်ကို အထင်အရှားမြင်နိုင်ပြီး ကျေးရွာအရေးကိစ္စများသည် ဩဇာနယ်ပယ် တစ်ရပ် ဖြစ်လာခဲ့သည်။ ကျေးရွာအရေးကိစ္စများတွင် ဥပမာအားဖြင့် အခမ်းအနားများကျင်းပ ခြင်း၊ ရေနှင့်လျှပ်စစ်ဓာတ်အား ထောက်ပံ့မှုစနစ်များကို စီမံခန့်ခွဲခြင်း၊ လမ်းများ ပြန်လည်တည်ဆောက်ခြင်း၊ မကျန်းမာသူများကိုဆေးကုသခြင်းနှင့် စျာပနကိစ္စများ ဆောင်ရွက်ခြင်း၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများနှင့်ဆက်ဆံခြင်း သို့မဟုတ် ရွာကိုတိုးချဲ့ခြင်းဆိုင်ရာကိစ္စများ ပါဝင်သည်။ ဤနည်းအားဖြင့် ဂေါကြီးရွာတွင် ကျေးရွာကိစ္စရပ်များသည် ဩဇာနယ်ပယ်တစ်ရပ် ဖြစ်လာခဲ့သည်။ လူမှုရေးရာ ရိုးရာ အယူအဆပုံစံဖြင့် စုပေါင်းလုပ်ဆောင်မှုများ(လူမှုရေး)တွင်ပါဝင်ခြင်းသည် "ကိုယ်ထူကိုယ်ထ"ဟူ သည့် မိမိကိုယ်ကိုအားကိုးခြင်း အယူဝါဒကိုလိုက်နာခြင်း ဖြစ်ပြီး၊ အကြမ်းဖက်၍အဂတိလိုက်စားသော နိုင်ငံတော်နှင့် ကျေးရွာများအကြား ကိုယ်ကျင့်တရားဆိုင်ရာကွဲလွဲမှု၏ အစိတ်အပိုင်းတစ်ရပ် ဖြစ် သည်။ ကျေးရွာ

ကိစ္စရပ်များအား စီမံဖြေရှင်းရန် ယုံကြည်အပ်နှံခံရပြီး၊ “တောင်သူ-လယ်ယာမြေများ ပိုင်ဆိုင်သူ” နှင့် “မြောက်သူ-နေ့စားအလုပ်သမား” ဟူသည့် အထက်အောက် အဆင့်ဆင့်ဆက်ဆံရေး ၏ထိပ်ဆုံးတွင်ကိုယ်စားပြုထားသည့် ဂေါကြီးရွာ၏လူကြီးများသည် နိုင်ငံတော်နှင့်ပတ်သက်ဆက်ဆံ မှု တဖြည်းဖြည်းဝေးကွာလာပြီး “လူကြီး” ဟူသည့်အဓိပ္ပါယ်ကို ပြသလာခဲ့သည်။

ဤအခြေအနေမျိုးတွင် အကြီးအကဲဖြစ်လာခြင်းသည် မရေမရာသော အဖွဲ့အစည်းတစ်ခု၏ အဝတ် အစားကိုဝတ်ဆင်ရခြင်း၊ တစ်နည်းအားဖြင့် ကိစ္စများ မြောင်ပြီးမြောက်အောင် လုပ်ဆောင်ရခြင်းပင် ဖြစ်သည်။ သူကြီးအဖြစ်ရပ်တည်နိုင်ခြင်းသည် သူ၏အောင်မြင်မှုနှင့်ကံကြောင့်သာဖြစ်သည်ဟု ဆိုရုံမျှ လောက် မရိုးရှင်းပါ။ ထို့ထက်များစွာပိုပါသည်။ မဖြစ်မနေတာဝန်ဝတ္တရားများကို လက်ခံခြင်း၊ ရှောင်ရှားခြင်း၊ ဖန်တီးခြင်း၊ အချို့သောနယ်ပယ်များတွင် အရည်အချင်းကိုဖုံးကွယ်ခြင်း၊ အချို့နယ် ပယ်များတွင် အရည်အချင်းကို ပြသခြင်း၊ အချို့နယ်ပယ်များတွင် အရည်အချင်းမပြည့်မီမှုကို ဖြေရှင်း ပေးခြင်းတို့ပါဝင်ပြီး “ပညာသည်ဆန်မှု” ဟု ဆိုနိုင်သည်။ လက်ရှိသူကြီးတစ်ဦး၏ အခက်အခဲဖြစ်သော “အယုံအကြည်မရှိကြတော့သည့်ရာထူးကိုကိုယ်စားပြုနေစဉ် အပြောနှင့်အလုပ်ညီအောင်ဆောင်ရွက် ရခြင်း”ကိုနားလည်ရန်အတွက် အတိတ်ကာလက လူတို့၏နေ့စဉ်ဘဝတွင် ဖြစ်ပေါ်တည်ရှိခဲ့မှုများ အားသိကျွမ်းခြင်းမှာ အရေးကြီးသည်။ အဖွဲ့အစည်း/အင်စတီကျူးရှင်းကို ဦးဆောင်မှုဆိုသည်မှာ လူ တစ်ဦးစီကိုယ်စားပြုပုံဖော်နေသည့်ဆက်ဆံရေးများနှင့်အသင်းအဖွဲ့များ၏ကွန်ရက်ဟုလည်း ဆိုနိုင် ပြီး အကြီးအကဲအဖြစ်ရပ်တည်ဆောင်ရွက်ရန် ရနိုင်သမျှသောရင်းမြစ်များနှင့်ဆက်ဆံရေးများကို ပေါင်းစည်းကာ စဉ်ဆက်မပြတ်တည်ဆောက်ရခြင်းလည်းဖြစ်သည်။ ကိုကျော်အတွက်မူ အုပ်ချုပ်ရေး မှူးတစ်ဦး၏ အခန်းကဏ္ဍများအပြင် သူသည် သားတစ်ဦး၊ အိမ်နီးချင်းတစ်ဦး၊ ခင်ပွန်းတစ်ဦး၊ မိတ်ဆွေ တစ်ဦး၊ ဝမ်းကွဲတစ်ဦးလည်းဖြစ်ပြီး ငွေကြေး၊ လက်ဖက်ရည်၊ ကွမ်းယာနှင့် စာချုပ်များဖြင့် လည် ပတ်နေသော ဉဿဝတ်ကျေပွန်မှု၊ ရင်းနှီးမှု၊ လောင်းကစားမှုစသည့် အခြေအနေများတွင် လူများနှင့် နေ့စဉ်ထိတွေ့ဆက်ဆံနေရသော ဒေသခံ အထက်တန်းလွှာဝင်တစ်ဦးလည်း ဖြစ်သည်။

ကိုကျော်နှင့်အတူ ကျွန်ုပ်၏ ကွင်းဆင်းလေ့လာမှုများက ကျွန်ုပ်ရေးသားလိုသည့် အရာကိုနားလည်ရန် အတွက် အခြေခံအခင်းအကျင်းဖြစ်တည်မှုတစ်ခုအဖြစ်ဖော်ပြရန် နည်းလမ်းအသစ်တစ်ခုကို စိတ်ကူး မိစေခဲ့သည်။ ၎င်းမှာ - "ပုဂ္ဂိုလ်ရေး"၊ "ရပ်ရွာရေးနှင့်လူမှုရေး" နှင့် "အစိုးရ"ဟု ကျွန်ုပ်ခေါ်ဆိုသည့် နယ်ပယ်များကြား မရေရာသည့်နယ်နိမိတ်များဖြင့် ပိုင်းခြားထားသော ဆက်ဆံရေးကွန်ရက်များရှိပြီး ၎င်းတို့နှင့် လူတစ်ဦး၏ပါဝင်ဆောင်ရွက်မှုကို ချိန်ညှိခြင်း ဖြစ်သည်။ "ပုဂ္ဂိုလ်ရေး"ဆိုသည်မှာ - ပုဂ္ဂိုလ် ရေးအရ ယူသင့်သည့်တာဝန်များ၊ မဖြစ်မနေယူရမည့်တာဝန်များရှိပြီး အခြားသူများထံ လွှဲပြောင်း၍ မရသည့် လူနှစ်ဦးကြားဆက်ဆံရေးများလည်းပါဝင်ကာ အိမ်တွင်း၊ မိသားစုဆက်ဆံရေးများမှသည် ထောက်ပံ့သူ-အထောက်အပံ့ခံယူသူဆက်ဆံရေးများအထိ ပါဝင်နိုင်သည်။ "ရပ်ရွာရေးနှင့်လူမှုရေး" ဆိုသည်မှာ - တစ်ရွာလုံး အနေအထားဖြင့်စုပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များဖြစ်ပြီး ထိုကိစ္စရပ်များ အား မည်သူတို့က မည်သည့်နည်းနှင့် ဖြေရှင်း/ဆောင်ရွက်ကြသနည်းဟု ဆိုလိုသည်။ ဂေါကြီးရွာတွင် ဤနယ်ပယ်၌ ရပ်ရွာကိစ္စနှင့် လူမှုရေးကိုပေါင်းစည်းထားပြီး တစ်ဦးချင်းသည် မိမိတို့ ဘုံရပ်ရွာအတွက် တာဝန်များကိုယ်စီယူကာ စုစည်းအင်အားပုံစံဖြင့်ဆောင်ရွက်ခြင်းလည်းဖြစ်သည်။ ကျွန်ုပ်ကမူ ဤ နယ်ပယ်ကို "ဩဇာနယ်ပယ်" ဟုခေါ်ရသည့်အကြောင်းမှာ ဩဇာအာဏာဖွဲ့စည်းမှု၏ အဓိကနယ်ပယ် ဖြစ်ခြင်းကြောင့် ဖြစ်သည်။ ဤနယ်ပယ်တွင် ဂေါကြီးရွာ အရေးကိစ္စများအား အကဲဖြတ်သုံးသပ်မှုကို အဓိက ပြုလုပ်ကြသည်။ "အစိုးရ"နယ်ပယ်ဆိုသည်မှာ - သူကြီးပါဝင်ရမည့်ကိစ္စရပ်များနှင့် သူကြီး အဆက်ဆက်သည် တစ်ဦးနှင့်တစ်ဦး မည်သို့ညှိနှိုင်းကြသည် သို့မဟုတ် မည်သို့ ကွဲပြားကြသည် ဆိုသည့် ငြင်းခုန်မှုများကိုသာ ရည်ညွှန်းပါသည်။

## ဂေါကြီးရွာ

ဂေါကြီးသည် ကန်ဂေါကြီးကိုအတိုကောက်ခေါ်ခြင်းဖြစ်ပြီး "ကြီးမားကျယ်ပြန့်သည့်ရေကန်" ဟု ဆိုလိုသည်။ လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ရာက ၎င်းသည် ရွာငယ်လေးတစ်ခုသာဖြစ်ပြီး နေရာအနှံ့ဖြစ်ပွား သည့် အစာရေစာခေါင်းပါးမှု

ကာလအတွင်း ရာသီအလိုက်ရေရှိသည့် ရေကန်အနီးတွင် ကနဦး အခြေ တည်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။

အချို့သော အသက်အရွယ်ကြီးသူများသည် ၎င်းတို့၏ဘိုးဘွားများကို ရွာတုံရွာမှ တောင်ဘက်သို့ ပြောင်းရွှေ့ရန် တွန်းအားပေးခဲ့သည့် အဖြစ်အပျက်များကို သိရှိကြသည်။ အစာရေစာခေါင်းပါးမှုသည် ဘိုးတော်ဘုရား (၁၇၈၂-၁၈၁၉) လက်ထက် စစ်သားအင်အားစုဆောင်းမှုနှင့် အခွန်ကောက်ခံမှုမြင့် တက်လာခြင်းကြောင့် နိုင်ငံ၏ လူဦးရေနှင့်လူနေမှုပုံစံတွင် ကြီးမားသောပြောင်းလဲမှုတစ်ခုဖြစ်ပေါ်စေ ခဲ့ခြင်းနှင့် ဆက်စပ်နေဖွယ်ရှိသည်။ ၁၈၀၉ ခုနှစ်တွင် ထိုင်းနိုင်ငံကို ဆန့်ကျင်သော စစ်ရေးလှုပ်ရှားမှု အတွင်း 'မြို့နှင့်ရွာတိုင်းသည် သတ်မှတ်ထားသော လူအရေအတွက်ကို ပို့ဆောင်ပေးရန်လိုအပ်ခဲ့ သည်' [Koenig 1990: 34]။ ဒေသခံမျိုးရိုးစဉ်ဆက် အကြီးအကဲများ၊ မင်းမျိုးမင်းနွယ်များသည် စစ်သားစုဆောင်းပေးရန် ပျက်ကွက်ပါက ရွာသားများ၏ ပိုင်ဆိုင်မှုများကို သိမ်းယူရန်နှင့် ကိုယ်ထိလက်ရောက်ပြစ်ဒဏ်ပေးရန် စစ်သားစုဆောင်းရေးတာဝန်ရှိသူများအား အမိန့်ပေးခဲ့သည်။ 'ဤကဲ့သို့ သောကန့်သတ်ချက်များကြောင့် မိသားစုများစွာသည် ရေရရှိနိုင်သည့် သွားလာရခက်ခဲသော ကျေး လက်ဒေသများသို့ ရွှေ့ပြောင်းစခန်းချခဲ့ကြရသည်'(ibid.)။ ထို့အပြင် မိုးများမှု/မိုးနည်းမှု၊ လယ် ယာလုပ်သား ရှားပါးမှု၊ စစ်သားစုဆောင်းမှု၊ ရွှေ့ပြောင်းနေထိုင်မှုနှင့် မကြာခဏ ဖြစ်ပွားသော ပြည်တွင်းပဋိပက္ခများစသဖြင့် ပေါင်းစည်းလိုက်သောအခါ ၁၈၁၂ ခုနှစ်၏ ကြီးမားသော အစာရေစာခေါင်းပါးမှု သို့မဟုတ် "မဟာသရေကြီး" ကို ဖြစ်ပေါ်စေခဲ့သည် [Furnivall 1957: 39]။

မုတ်သုံရာသီအတွင်း ရာသီအလိုက် ရေကန်ကြီးတစ်ခုပေါ်လာသည့်နေရာတွင် မိသားစုတစ်ဒါဇင်ခန့် စုဝေးခဲ့ကြပြီး ဂေါကြီးရွာကို ဤသဘာဝအလှအားအစွဲပြု၍ အမည်ပေးခဲ့ကြဟန်တူသည်။ ထိုရွာ သည် မြန်မာနိုင်ငံအလယ်ပိုင်း၏ မိုးနည်းရပ်ဝန်းခြောက်သွေ့ဇုန်ဖြစ်သော အညာဒေသတွင် တည်ရှိပြီး ၁၇ ရာစုအတွင်းနှင့်ကိုလိုနီခေတ်မတိုင်မီ ဘုရင့်နိုင်ငံတော်များ၏ "အရေးပါသည့်ဗဟိုချက်မ" နေရာ

ဖြစ်လာခဲ့သည်။ ၁၉ ရာစုအစောပိုင်းစတင်တည်ထောင်ချိန်မှစ၍ ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့နှင့် ရင်ဆိုင်ခဲ့ရသည်အထိ ဂေါ်ကြီးသည် ဗဒုံ/အလုံဒေသ၏အစိတ်အပိုင်း တစ်ခုဖြစ်ပြီး တကျော့ပြန် တောင်ငူမင်းဆက်(၁၅၉၇-၁၇၅၂)မှအစပြုသည့် တော်ဝင်မျိုးနွယ်များအတွက် အရေးပါသော စစ်အင် အားစု တစ်ခုဖြစ်ခဲ့သည်။ ၁၇ ရာစုနှင့် ၁၈ ရာစုအတွင်း လူဦးရေ၊ ကျွဲနွားအရေအတွက်နှင့် စိုက်ပျိုးမြေ ဧရိယာတိုးလာခဲ့ပြီး ဒေသန္တရဗုဒ္ဓဘာသာပုံစံများကို သက်ရောက်မှုရှိခဲ့ကာ ရဟန်းသံဃာများသည် တောတွင်း၌သာသီတင်းသုံးနေထိုင်မှုမှသည် ကျေးရွာနှင့်မြို့ပြများတွင် သတင်းသုံးနေထိုင်သည့် အနေအထားသို့ တဖြည်းဖြည်း ရောက်ရှိလာစေခဲ့သည်။

ဂေါ်ကြီးရွာ၏မူလအစကိုမေးမြန်းသည့်အခါ ရွာ၏ရှေးအကျဆုံးနှင့်လူအထူထပ်ဆုံးနေရာတွင် နေ ထိုင်သည့် သက်ကြီးရွယ်အိုဘိုးဘွားအနည်းငယ်ထံ မလွဲမသွေ ပို့ပေးလေ့ရှိသည်။ ဒေသခံတို့ပြောကြား ချက်အရ ရွာ၏အဓိကမျိုးရိုးများသည် ရွာတုံမိသားစုများထံမှ ဆင်းသက်လာပြီး ဂေါ်ကြီးတွင် ပထမ ဆုံးသောလယ်သမားများဖြစ်ခဲ့သည်ဟု ဆိုသည်။ ရေကန်အနီးနားတွင် အခြေချနေထိုင်ပြီးနောက် ရွာ သားများသည် ပိုမိုတည်တံ့သောနေထိုင်ရာနေရာကို အနောက်ဘက်တွင် ဖန်တီးခဲ့ကြသည်။ ထို နေရာကို အရှေ့မှအနောက်သို့သွားသောလမ်းကြောင်းနှင့် မြောက်မှတောင်သို့သွားသော လမ်း ကြောင်းနှစ်ခုပတ်လည်တွင်စီစဉ်ခဲ့ကြပြီး ကျေးရွာလူထုထံ မင်္ဂလာရှိမှုများဦးတည်လာစေရန် ဖြစ် သည်။ အရှေ့ဘက်သည် မင်္ဂလာရှိသောဝင်ပေါက်ဖြစ်ပြီး တောင်ဘက်သည် သုသာန်သို့ဦးတည်သော မကောင်းသော အမင်္ဂလာထွက်ပေါက်ဖြစ်သည်။ အိမ်များဆောက်လုပ်ခြင်းကိုလည်း ရွာလမ်းကြောင်း များအတိုင်းဆောက်လုပ်ခဲ့ကြပြီး အရှေ့တောင်ဘက်ရှိ ဘုန်းကြီးကျောင်းနှင့် ရွာနတ်စင်ကို ၂၀ရာစု အစောပိုင်းတွင် ၎င်း၏ ပထမဆုံးသော ကျောင်းထိုင်ဆရာတော် ဦးဇာနေယျမှ တည်ထောင်ခဲ့သည်။

တဖြည်းဖြည်းနှင့် ဂေါ်ကြီးရွာသားများသည် ရွာတုံ၏ ချိတ်ဆက်ပေးမှုမှ တစ်ဆင့် ကျောက္ကရွာ၏ ခေါင်းဆောင်ကြီးများနှင့် ဆက်နွယ်လာခဲ့သည်။ ဂျုံ၊ပဲပါးနှင့် ပဲအမျိုးမျိုးကို ရွှေ့ပြောင်းစိုက်ပျိုးခြင်းဖြင့် ပထမဆုံးစိုက်ပျိုးခဲ့သောမြေဧရိယာ



များ(အများစုမှာခြောက်သွေ့မြေများ)သည် ရွာလူဦးရေတိုးပွား လာမှုနှင့် ၎င်းတို့၏ကျွဲနွားများနှင့်မျိုးစေ့များစုဆောင်းနိုင်စွမ်းနှင့် ဒေသခံလူကုံထံများထံမှ ချေးငွေများရယူနိုင်စွမ်းတို့အပေါ် မူတည်၍ ကွဲပြားလာခဲ့သည်။ ဂေါ်ကြီးရွာသားများသည် မြောက်ဘက်တွင် မြင်းမီးလောင်ရွာသားများ၊ သာဇီခေါင်းဆောင်များနှင့် ဆက်ဆံခြင်း၊ တောင်ဘက်တွင် ရွာတုံ့ရွာနှင့် အရှေ့ဘက်တွင် ကျောက္ကရွာခေါင်းဆောင်များနှင့်ဆက်ဆံခြင်းဖြင့် ၎င်းတို့၏ လယ်ယာမြေများကို တဖြည်းဖြည်း ဖန်တီးခဲ့ကြသည်။ အမှုထမ်းများနှင့်သာမန်ပြည်သူများအကြား အထက်အောက် အဆင့်ဆင့်အုပ်ချုပ်မှု၊ အခွန်အခကြေးငွေများနှင့် အခြေချနေထိုင်မှုများ တည်ငြိမ်လာခြင်းကြောင့် ပေါ်ပေါက်လာသော မြေယာလုပ်ပိုင်ခွင့်များသည် - သဘာဝဘေးအန္တရာယ်များ၊ စစ်ပွဲများနှင့် အစာ ရေစာခေါင်းပါးမှုများကြောင့် ရွှေ့ပြောင်းနေထိုင်မှုများနှင့် လူ့စွမ်းအားအရင်းအမြစ်၊ ရိတ်သိမ်းပြီး ကောက်ပဲသီးနှံများ၊ ကျွဲနွားနှင့်မြေအသုံးပြုမှုတို့ကို ခေါင်းဆောင်များကထိန်းကြောင်းထားနိုင်မှုအ ပေါ် - မူတည်၍ အမြဲတမ်းပြောင်းလဲနိုင်သည်။ ၁၈၈၅ ခုနှစ်တွင် အထက်မြန်မာပြည်ကို သိမ်းပိုက် ပြီးနောက်ဗြိတိသျှတို့သည် 'ဆူပူအုံကြွမှုများကိုနှိမ်နင်းခြင်း' နှင့် 'အခြေချနေထိုင်မှုစီမံချက်များ' ပြုလာသည့်ကာလအတောအတွင်း ရွာသူကြီးထားရှိ၍ ရွာကိုအုပ်ချုပ်မှုပေါ်ပေါက်လာသောအခါ ဂေါ်ကြီးနှင့်မြင်းမီးလောင်ရွာတို့ကို မြေခွန်ကောက်ခံရန်တာဝန်ရှိသော ရွာသူကြီးတစ်ဦးလက်အောက် တွင် ကျေးရွာအုပ်စုတစ်ခုအဖြစ်စုစည်းခဲ့သည်။ ဤရိုးရှင်းသော ကျေးရွာအုပ်ချုပ်ရေးစနစ်သည် ၂၀ ရာစုတလျှောက်နှင့် ဂျပန်ကျူးကျော်မှု (၁၉၄၅-၄၈)၊ လွတ်လပ်ရေးတိုက်ပွဲ(၁၉၄၈)၊ ဆိုရှယ်လစ်သူ ပုန်ထမှုများ (၁၉၄၅-၁၉၅၆)၊ စစ်တပ်အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲ 'ဗမာ့ဆိုရှယ်လစ်လမ်းစဉ်' (၁၉၆၂-၁၉၈၈) နှင့် စစ်အုပ်ချုပ်ရေးအကျပ်အတည်း (၁၉၈၉-၂၀၁၀) တို့တလျှောက်လုံးတွင် ပြောင်း လဲမှုအနည်းငယ်သာရှိခဲ့သည်။ သို့သော် 'ဒီမိုကရေစီ' ပွင့်လင်းလာပြီး ၂၀၁၃ ခုနှစ်၊ ရွာသို့ ကျွန်ုပ် ပထမ ဆုံးရောက်ရှိသည့်အခါ နက်၍ [Nash] ဖော်ပြခဲ့သော "ဘုန်း" ဖြင့် ဦးဆောင်သူလူပုဂ္ဂိုလ်များ ပျောက် ကွယ်သွားခဲ့ပြီဖြစ်သည်။ လူတစ်ဦးချင်းစီ၏ ကံနှင့်အောင်မြင်မှုများအပေါ်မူတည်ပြီး "ဘုန်း" သည် လူ့ဘုံခန်းဝါတွင် တစ်နည်းတစ်ဖုံ ရှိနေဆဲဖြစ်သည်။ သို့သော် "ဘုန်း"

သက်သက်ဖြင့်ခေါင်း ဆောင်ဖြစ် လာရန် မလုံလောက်တော့ဘဲ ဘုန်းတော်ကြီး/ ရဟန်း/သံဃာများကိုသာ "ဘုန်း"ကြီးသူအဖြစ် ဂုဏ်ပြု ကြသည်။ ဤသို့ဖြင့် လွန်ခဲ့ သည့်ရာစုနှစ်အတွင်း ခေါင်းဆောင်မှုပုံစံများပြောင်းလဲလာသည်ကို တွေ့ မြင်ရမည် ဖြစ်သည်။

ယနေ့ခေတ်တွင် ဂေါ်ကြီးသည် စစ်ကိုင်းတိုင်း၏ မြို့တော်ဖြစ်သော မုံရွာမြို့ မှ ခြောက်မိုင်အကွာတွင် တည်ရှိပြီး ဗမာလူမျိုးခြောက်ရာနီးပါးရှိသော ဗုဒ္ဓဘာသာရွာ ငယ်လေးတစ်ခု ဖြစ်သည်။ ၂၀၂၁ ခုနှစ် စစ်တပ်မှအာဏာသိမ်းမှုမတိုင်မီက ဤဒေသ သည် လက်ပံတောင်းကြေးနီသတ္တုတွင်းကြောင့် မြေယာ သိမ်းပိုက်မှုအတွက်စိုးရိမ်မှု များမှလွဲ၍ တိုင်းရင်းသားဒေသများ၊ နယ်စပ်ဒေသများနှင့် မြစ်ဝကျွန်းပေါ် ဒေသများ ထက်စာလျှင် အတင်းအကျပ်နေရာရွှေ့ပြောင်းခြင်းနှင့် စစ်ရေးအကြမ်းဖက်မှုများ မှ အတော် အတန်ပင် ကင်းလွတ်ခဲ့သည်။ ဥပမာအားဖြင့် အိမ်နီးချင်းရွှေဘိုမြို့တွင် ဖြစ်ပွားခဲ့သော မွတ်စလင် လူနည်းစုများအပေါ် တိုက်ရိုက်အကြမ်းဖက်မှုများ ဂေါ် ကြီးတွင် မရှိခဲ့ပါ။ သို့သော်လည်း ဗမာ့ကျေး လက်ဒေသအဖြစ်သတ်မှတ်ခံထား ရသော ထိုဒေသတွင် နိုင်ငံတော်အကြမ်းဖက်မှု၏ သမိုင်းကြောင်း များရှိခဲ့သည် (အခန်း ၃)။

ဂေါ်ကြီးတွင်အစိုးရကျောင်းတစ်ကျောင်း (ဆဋ္ဌမတန်းအထိ) ရှိခဲ့ပြီး အိမ်ခြေတစ်ရာ့သုံးဆယ်ကျော်ကို ဆယ်အိမ်စုများအဖြစ်အုပ်စုဖွဲ့ကာ အုပ်ချုပ်ရေး ဇယားကွက်ထဲတွင်စုစည်းထားသော ဆယ်အိမ်တစ်စု အတွင်းမှအိမ်ထောင်ဦး စီးတစ်ဦးအား ထိုအုပ်စု၏(အမျိုးသား)ကိုယ်စားလှယ်အဖြစ် သတ်မှတ်ပြီး 'ဆယ် အိမ်မှူး' ဟုခေါ်သည်။ ၂၀၁၂ ခုနှစ်မှစ၍ ၎င်းတို့သည် ငါးနှစ်တစ်ကြိမ် ရွာတာဝန်ခံများ ကို ရွေးကောက်တင်မြှောက်သူများဖြစ်သည်ဟု သဘောတရားအရ ဆိုနိုင်ပါသည်။ ရွာတာဝန်ခံများက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးကိုရွေးချယ်ပြီး ၎င်းအား ပြည်ထဲရေးဝန်ကြီးဌာနက အထွေထွေ အုပ်ချုပ်ရေးဌာနမှတစ်ဆင့် ထောက်ပံ့ကြေး ပေးသည်။ ထို့အပြင် ကျေးရွာအုပ်စုစာရေးလည်းရှိပြီး အုပ်စုအုပ်ချုပ်ရေးမှူးအား သူ၏တာဝန်များတွင်ကူညီပေးရမည့် ဒုတိယမြောက်အစိုးရဝန်ထမ်းဖြစ် သည်။

အမြဲတမ်းကော်မတီများနှင့်လိုအပ်မှဖွဲ့သောကော်မတီများလည်းရှိပြီး ဖြစ်ပေါ်သည့် အရေး ကိစ္စနှင့်ပါဝင်ပတ်သက်သည့်အကျိုးစီးပွားများပေါ်မူတည်၍ ဖွဲ့ရုံသာဖွဲ့ထားပြီး အလုပ်မလုပ်သော ကော်မတီ သို့မဟုတ် အမှန်တကယ်အရေးပါသော ကော်မတီများလည်း ဖြစ်သွားနိုင်သည်။ မီးသတ် တပ်ဖွဲ့အတွက် ကော်မတီ၊ ဂေါ်ကြီးရွာဘုန်းတော်ကြီးနှင့် နီးကပ်စွာဆက်ဆံနေသော ဘုရား/စေတီနှင့် ဘုန်းကြီးကျောင်းစီမံခန့်ခွဲမှုအတွက် ဂေါပကအဖွဲ့၊ မကြာသေးမီက အစိုးရ၏ဖွံ့ဖြိုးရေးချေးငွေပြန်ဆပ်မှုကိုကိုင်တွယ်သည့်ကော်မတီ၊ အစိုးရမဟုတ်သည့်နိုင်ငံတကာအဖွဲ့အစည်းများ၏ အသေးစား ချေးငွေစီမံကိန်းတစ်ခုကိုကိုင်တွယ်နေသည့်ကော်မတီ နှင့် အစိုးရ၏စိမ်းလန်းစိုပြည်ရေးစီမံကိန်း (ရန် ပုံငွေမရှိခြင်းကြောင့်မအောင်မြင်ခဲ့)ကို အကောင်အထည်ဖော်သည့်ကော်မတီ စသဖြင့် ကော်မတီများ ရှိသည်။ နောက်ဆုံးနှင့် အရေးကြီးသော ကော်မတီကို ဂေါ်ကြီးတွင် 'ငါးဦးကော်မတီ' သို့မဟုတ် 'မြေယာကော်မတီ' ဟုခေါ်ဆိုပြီး မြင်းမီးလောင်ကျေးရွာအုပ်စုအဆင့်တွင် လည်ပတ်လျက်ရှိသည်။ ၎င်းသည် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကြောင့်ပေါ်ပေါက်လာသော မြေယာပိုင်ဆိုင်မှုနှင့် လုပ်ပိုင် ခွင့်ဆိုင်ရာပြဿနာများကို ဖြေရှင်းရန်ရည်ရွယ်ထားပြီး မြေယာများကို ကုန်စည်အဖြစ်ပြောင်းလဲနိုင် စေရန်အတွက် ပုဂ္ဂလိကပိုင်ဆိုင်မှုကိုပြန်လည်မိတ်ဆက်ရန်ရည်ရွယ်ကာ ကိုလိုနီနှင့်ဆိုရှယ်လစ် ခေတ်မှ ဆင်းသက်လာသော ဥပဒေများနှင့်စည်းမျဉ်းများကို ပြုပြင်ပြောင်းလဲရန် ရည်ရွယ်ထားသည်။ ကိုကျော်၏ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်မှုသည် ဤမြေယာစည်းမျဉ်းများ ကို ပြန်လည်ပြင်ဆင်ခြင်းနှင့် နီးကပ်စွာ ဆက်စပ်နေသည်။

မြင်းမီးလောင်ကျေးရွာအုပ်စုကို ဂေါ်ကြီး၊ မြင်းမီးလောင်၊ အိုးကုန်းနှင့် မင်္ဂလာကုန်း အမည်ရှိ ရွာလေး ရွာဖြင့် ဖွဲ့စည်းထားသည်။ နောက်ဆုံးရွာသုံးရွာသည် အခြေချနေထိုင်မှုသမိုင်းကြောင်းနှင့် ရွာနေ လူထုသည် တစ်သားတည်းဖြစ်သည်ဟူသည့်ခံစားချက်ကို ခံယူထားကြသည်။ ဂေါ်ကြီးရွာသားများ ကမူ ၎င်းတို့ကို "မြင်းမီးလောင်လူများ" ဟု မရေမရာခေါ်ဆိုလေ့ရှိပြီး ထို သုံးရွာမှ ကျေးရွာသားများနှင့် အတော်ပင် တင်းမာသောဆက်ဆံရေးရှိသည်။ ဘောလုံးပွဲများနှင့် ရွာသူကြီးရွေးချယ်မှုများသည် ဤပြိုင်ဆိုင်မှုများ၏ အထွတ်အထိပ်ဖြစ်သည်။ တစ်ဦးနှင့်တစ်

ဦးမကြိုက်ကြကြောင်းကိုလည်း ပွင့်ပွင့် လင်းလင်းထုတ်ပြောကြသည်။ ဝေါကြီး ရွာသားများက ၎င်းတို့သည် ထိုမြေတွင်အစောဆုံး အခြေချ နေထိုင်ခဲ့သူများဖြစ်ပြီး မြင်းမီးလောင်လူများကို ကိုယ်ကျင့်တရားမကောင်းသူ၊ သစ္စာမရှိသူ၊ မယုံ ကြည် ရသူများဖြစ်သည်ဟု ဆိုသည်။ မြင်းမီးလောင်လူများအတွက်မူ ဝေါကြီးရွာသား များသည် သူတို့ ထက်သာလွန်သူများ၊ ကိုယ်ကျင့်တရားပိုမိုကောင်းမွန်သူများကဲ့သို့ ပြုမူတတ်ကြသည်ဟုဆိုသည်။ မြင်းမီးလောင်လူများသည် ပိုမိုအားကောင်းသန်မာ ပြီး စစ်သားမျိုးရိုးမျိုးနွယ်များမှဆင်းသက်လာကြ သူများဖြစ်သည်ဟုလည်း ဆို ကြသည်။ ကျွန်ုပ်၏ ကွင်းဆင်းလေ့လာမှုကာလများအတွင်း ကိုကျော် သည် မြင်း မီးလောင်ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးမှူးဖြစ်ပြီး ၂၀၁၃ မှ ၂၀၁၆ အထိတာဝန်ထမ်း ဆောင် ခဲ့သည်။

၂၀၁၅ ခုနှစ်အတွက် မုံရွာမြို့နယ်တွင်အလုပ်လုပ်နေသော အစိုးရမဟုတ် သောအဖွဲ့အစည်းများက ဝေါကြီးရွာသားအများစုကို “အတော်အတန်ဆင်းရဲနွမ်းပါး သူများ”အဖြစ် သတ်မှတ်ခဲ့ကြပြီး ရွာလူဦး ရေစုစုပေါင်း၏ ထက်ဝက်အောက် က လယ်သမားမိသားစုများအဖြစ် ရှိနေခဲ့သည်။ ဝေါကြီး အနီး တဝိုက်ရှိမြေ များသည် ပျမ်းမျှအရည်အသွေးထက်ခြောက်သွေ့သည့်ယာမြေအမျိုးအစားများ ဖြစ်ပြီး မိုးရွာသွန်းမှုမှာ ခန့်မှန်းရ ခက်ခဲသည်ထက်ခက်ခဲလာခဲ့သည်။ လယ်သမား များသည် ၎င်းတို့၏ နွားများ အတွက်အစာအဖြစ် ဂျုံစပါး၊ ဈေးကွက်အတွက် နှမ်း နှင့်ပဲအမျိုးမျိုးကို စိုက်ပျိုးနေကြဆဲဖြစ်သည်။ ဆန်ကို တစ်ခါတစ်ရံ ဂျုံစပါးနှင့် ရော၍ အဓိကအစားအစာအဖြစ် ဝယ်ယူကြသည်။ ဟင်းသီးဟင်းရွက် အမျိုးမျိုး၊ အရွက် သို့မဟုတ် ပဲဟင်းချိုများနှင့် မိသားစု၏ ငွေရေးကြေးရေးအခြေအနေက ခွင့် ပြုသည့် အခါ ကြက်သား သို့မဟုတ် ဝက်သားတို့နှင့်အတူ ချက်ပြုတ်လေ့ရှိသည်။ များသောအားဖြင့် သီးနှံ ရိတ်သိမ်းပြီးနောက် ငွေပေါ်ချိန်တွင်ဖြစ်သည်။ အိမ်ထောင်စု များသည် တစ်ခုနှင့်တစ်ခု နီးကပ်စွာ နေထိုင်ကြပြီး အခြေချနေထိုင်မှုပုံစံသည် အများ အားဖြင့် အိမ်ထောင်ကျပြီးလျှင် အိမ်ခွဲနေထိုင်ကြ သည့်ပုံစံဖြစ်ပြီး မိသားစုအမွေကို သားသမီးတိုင်းအား အညီအမျှခွဲဝေပေးလေ့ရှိသည်။ ရွာဧရိယာ တဖြည်းဖြည်းတိုးချဲ့ လာမှုကြောင့် ပတ်ဝန်းကျင်ရှိ လယ်ယာမြေဧရိယာများ လျော့နည်းလာခဲ့သည်။

ဂေါ်ကြီးတွင် လယ်ယာလုပ်ငန်းသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၏ အဓိကရင်းမြစ် မဟုတ် တော့ပါ။ လူဦးရေ၏ လယ်ယာမလုပ်သည့်အပိုင်း တိုးပွားလာပြီး ကျွမ်းကျင်လုပ်သား၊ လက်သမား၊ လုံချည်ရက်ကန်းလုပ်သူများ၊ ဟင်းသီးဟင်းရွက်ရောင်းချသူများနှင့် ကြက်မွေးမြူရေးစသည့် လယ် ယာပြင်ပ လုပ်ခလစာရသည့်လုပ်ငန်းအမျိုးမျိုးတွင် အများဆုံး လုပ်ကိုင်နေကြသည်။ တစ်နည်းအား ဖြင့် ကျေးလက်လူဦးရေသည် လယ်သမားအများစု မဟုတ်တော့ပေ။ ၂၀၀၀ ခုနှစ်များမှစတင်ကာ ဒေသတွင်းလယ်ယာလုပ်ငန်း၊ အိန္ဒိယ-မန္တလေးနှင့် တရုတ်နိုင်ငံတို့အကြား ဒေသတွင်းကုန်သွယ်မှုနှင့် မြေဈေးနှုန်းများ မြင့်တက်လာမှု တို့အပေါ်အခြေခံပြီး အလျင်အမြန်ပြောင်းလဲနေသည့် စီးပွားရေး တစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ဤပြောင်းလဲနေသောအခြေအနေသည် ဦးသိန်းစိန်အစိုးရလက် ထက် ၂၀၁၀-၁၁ ခုနှစ်တွင်စတင်ခဲ့သော နိုင်ငံရေးအရ ဒီမိုကရေစီပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ စီးပွား ရေးလွတ်လပ်ခွင့်တို့နှင့် ကိုက်ညီခဲ့သည်။ သို့သော် စစ်ကိုင်းတိုင်းဒေသကြီးအတွက်မူ Griffiths က ဖော်ပြခဲ့သည့်အတိုင်း ကျေးလက်ဒေသများသည် 'မရေရာ မသေချာသည့်အခြေအနေများတွင်ရှိနေ သည် - ဆိုလိုသည်မှာ အဆင်မပြေသော စိုက်ပျိုးရေးမူဝါဒများနှင့် အလေ့အကျင့်များ၊ ထိရောက်သော လူမှုဖူလုံရေးမရှိခြင်း၊ အကြွေးများမြင့်တက်လာခြင်း နှင့် များပြားလှသော ပြင်ပသို့ရွှေ့ပြောင်းမှုများသည် ငွေကြေးနှင့်လူအင်အား အရင်းအနှီးနှစ်မျိုးလုံးကို တိုက်စားနေသည်' [2018: 152]။

မကြာသေးမီကပြောင်းလဲမှုများသည် ရွာသားများအတွက် လက်ခံနိုင်ရန် များပြားလွန်းလှပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှု၏အကျိုးကျေးဇူးများကို ရှုမြင်မှုတွင် ရောထွေးနေကြသည်။ ဒေသတွင်းတွင် အမျိုး သမီးအများအပြားသည် လယ်ယာလုပ်ငန်းအစားထိုး လုံချည်ရက်ကန်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခဲ့ကြပြီး လယ်သမားများသည် သီးနှံအသစ်များကို ရေသွင်းစိုက်ပျိုးနိုင်စေရန်အတွက် ရေတွင်းများ/ အဝီစိ တွင်းများ တူးခဲ့ကြသည်။ အမျိုးသားအများအပြားသည် မုံရွာမြို့၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ တွင်'လက်သမားများ'ဖြစ်လာရန် လယ်ယာများကိုစွန့်ခွာခဲ့ကြပြီး အချို့မှာ ရာသီအလိုက် ရွှေ့ပြောင်း နေထိုင်ကြသည်။ ကုသိုလ်

ကောင်းမှုပြုသည့် အလှူငွေများတိုးပွားလာခြင်းကြောင့် ဘုန်းကြီးကျောင်း များ ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ရဟန်းများ၏လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေး ခဲ့သော်လည်း ရဟန်းဘဝကို "လောကီစည်းစိမ်နှင့်ဖယ်ခွာပြီးနေထိုင်ခြင်း"ဟု မြင် သူများကမူ မနှစ်သက်ခဲ့ပါ။ အများ ပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ၏ အခြေအနေ ဆိုးရွားမှုကြောင့် မိသားစု စုဆောင်းငွေများကို ကျောင်းပညာရေး (အထူးသဖြင့် ပုဂ္ဂလိကကျူရှင်များ) နှင့် ပုဂ္ဂလိက ကျန်းမာရေး စောင့်ရှောက်မှုအတွက် ပိုမိုသုံးစွဲလာကြသည်။ ၂၀၀၅ ခုနှစ်မှစ၍ နေ့စဉ်လုပ်အား ခများ တဖြည်းဖြည်း မြင့်တက်လာသောကြောင့် အနီးနားရှိရွာများစွာကဲ့သို့ပင် ဝေါကြီးရွာရှိ လယ်သမားများသည်လည်း ယခုအခါ ၎င်းတို့တတ်နိုင်သည့်ငွေဖြင့် အလုပ်သမားရှာဖွေရာတွင် အခက်အခဲများနှင့်ရင်ဆိုင်နေရ သည်။

လယ်ပိုင်ရှင်များ(တောင်သူ) နှင့် သာမန်နေ့စားအလုပ်သမားများ(မြောက် သူ)အကြား ကွာဟချက် တစ်ခုဖြစ်ခဲ့မှုသည် ဖြည်းဖြည်းချင်းပြောင်းလဲလာပြီး ရွာ များအတွင်း အာဏာချိန်ခွင်လျှာ၊ မှီခိုမှု ဆက်ဆံရေးများနှင့် မြေယာစာချုပ်အမျိုး အစားများကို ပြောင်းလဲစေခဲ့သည်။ ဥပမာအားဖြင့် လယ်ယာစိုက်ပျိုးရေးအတွက် အရေးကြီးသောအစီအစဉ်တစ်ခုဖြစ်သည့် ကျွဲ/နွားမွေးမြူရေးသည် ကျဆင်းလာ ခဲ့သည်။ ဓာတ်မြေဩဇာအတုများ၊ ပိုးသတ်ဆေးများ၊ ရိုတိုလယ်ထွန်စက်များနှင့် ထွန် စက်များသည် လယ်ယာမြေများသို့ တဖြည်းဖြည်း(ပြန်လည်)ဝင်ရောက်လာ ပြီး နွားလှည်းများနှင့် ကျွဲချေး/ နွားချေးစသည့် သဘာဝမြေဩဇာများကို အစားထိုး လာခဲ့သည်။ ကုမ္ပဏီများသည် ၎င်းတို့၏ ထုတ်ကုန်အသစ်များ၏ ယုံကြည်စိတ်ချ ရမှုကိုပြသရန် ရွာများသို့ သွားရောက်ခဲ့ကြပြီး အစိုးရ မဟုတ်သောအဖွဲ့အစည်း များကလည်း ရွာများကို ၎င်းတို့၏စီမံကိန်းများတွင်ပါဝင်လာရန် ကြိုးပမ်းခဲ့ ကြ ကာ ပညာတတ်ဝန်ထမ်းများက ထိုအဖွဲ့အစည်းနှစ်ခုလုံးကို လမ်းညွှန်ပေးခဲ့ကြ သည်။ အမွေဆက် ခံခြင်းဖြင့် ဆယ်စုနှစ်များစွာခွဲဝေပြီးနောက် လယ်ယာမြေကွက် များသည် ချဲ့ထွင်ပြီးပေါင်းစည်းလာ လေ့ရှိသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း အဓိကလမ်းမကြီးများနှင့် နီးကပ်မှု၊ ရေရရှိနိုင်မှု၊ မြေအရည်အသွေးနှင့်ဈေးကစားမှု များပေါ်မူတည်၍ မြေဈေးနှုန်းများ အလွန်အမင်း မြင့်တက်လာခဲ့ သည်။ ၎င်းသည်

ဘုန်းကြီးကျောင်းများအတွက် လှူဒါန်းမှုများ၊ အခမ်းအနားများ ပိုမိုကြီးကျယ်လာခြင်းတို့ကိုဖြစ်ပေါ်စေပြီး မကြာခဏဆိုသလို ပဋိပက္ခဟောင်းများနှင့်ရန်လိုမှုအသစ်များလည်း ပေါ်ပေါက်လာသည်။

မုံရွာမြို့မှ ပြင်ပလူများနှင့် စီးပွားရေးသမားများသည် လွန်ခဲ့သည့်ဆယ်နှစ်က မည်သူမျှ မဝယ်ဖူးသော နေရာများတွင် မြေယာများကို တဖြည်းဖြည်း ဝယ်ယူလာကြသည်။ ရာဘာပင်များကို စတင်ရိတ်သိမ်း ပြီး အလုပ်သမားအဖွဲ့အသစ်များ ဖွဲ့စည်းခဲ့ကြသည်။ အရည်အသွေးအသင့်အတင့်ရှိသော တရုတ်ကုန် ပစ္စည်းများသည် ဒေသခံဈေးကွက်များတွင်လွှမ်းမိုးနေပြီး ရွာသားများကလည်း မြန်မာနိုင်ငံထုတ် ကုန်ပစ္စည်းများ လုံးဝမရှိသလောက်ဖြစ်နေပြီဟု ပြက်လုံးထုတ်ခဲ့ကြသည်။ အသက်ကြီးသူများသည် ရှေးယခင်ကာလများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကြိုးစားအားထုတ်မှုနှင့် ဒုက္ခဆင်းရဲကာလများအဖြစ် အပြုသဘောဆောင်စွာ ရည်ညွှန်းခဲ့ကြသည်။ အစိုးရသည် မတရားပြီး အကြမ်းဖက်မှုများရှိခဲ့လျှင်ပင်၊ အထူးသဖြင့်ဆိုရှယ်လစ်အကျပ်အတည်း(၁၉၆၂-၁၉၈၈) ပြီးနောက်တွင်ပင် အချို့လူများတွင်ကိုယ် ကျင့်တရားနှင့် သစ္စာစောင့်သိမှုစိတ်ဓာတ် ရှိခဲ့ကြသည်ဟုဆိုသည်။ ယခုအခါလူငယ်များသည် လယ် ယာများတွင် အလုပ်လုပ်ကိုင်မှုနည်းပါးလာပြီး မုံရွာစက်မှုဇုန်တွင်အလုပ်လုပ်ကိုင်နိုင်ကာ စမတ်ဖုန်း များပိုင်ဆိုင်လာနိုင်ကြပြီး နိုင်ငံတကာကြယ်ပွင့်များ၏အမည်များရိုက်နှိပ်ထားသည့်အင်္ကျီများကို ဝတ်ဆင်ကာ ဘောလုံးကစားနေကြပြီ ဖြစ်သည်။ ခေတ်ကာလများ ပြောင်းလဲလာပါပြီ။ ဂေါကြီး ရွာသားများသည် ထိုပြောင်းလဲမှုများနှင့် နေသားကျရေး၊ တစ်နည်းနည်းဖြင့် ရုန်းကန်နေရသည့်ခံစား ချက်ဖြင့် ထိုပြောင်းလဲမှုများကို ရင်ဆိုင်ကြရသည်။ ၎င်းတို့သည် ၎င်းတို့၏ ကိုယ်ပိုင်ဘဝကိုဖန်တီးပြီး နေ့စဉ်ဘဝများကို ပြောင်းလဲစေကြသည်။

NLD အောင်ပွဲရပြီးနောက် အာဏာရှင်စနစ်ကို ဆန့်ကျင်ရန် အမှတ်အသားတစ်ခုအဖြစ် တိတ်တဆိတ် အသုံးပြုခဲ့သော 'ဒီမိုကရေစီ' ဟူသော စကားလုံးသည်အခွံသက်သက်သာ ဖြစ်လာခဲ့သည်။ လူများက ၎င်း၏အဓိပ္ပာယ်နှင့်ပတ်သက်၍ မေးခွန်းထုတ်လာကြသည်။ နိုင်ငံတော်အဆင့်တွင် တိုးတက်မှုဖြစ် ပေါ်နေ

သော်လည်း ကျေးရွာအဆင့်တွင်မူ လူတို့၏ကောင်းခြင်း/ဆိုးခြင်း(ကိုယ်ကျင့်တရား) ကို အကဲ ဖြတ်၍ဆောင်ရွက်ကြပြီး ကမ္ဘာလုံးဆိုင်ရာလူအခွင့်အရေးများရှုထောင့်မှ မဟုတ်ဘဲ ဒေသတွင်း ဖြစ်ပေါ်တည်ရှိမှုသမိုင်းကြောင်းကို ပို၍အခြေခံသည်။ မကြာ သေးမီက စီးပွားရေးတွင် ပြောင်းလဲလာ မှုများကိုလည်း အခွင့်အလမ်းအဖြစ်အသုံးမ ပြုမီ ရောဂါများ သို့မဟုတ် အစိုးရများကဲ့သို့ပင် မိမိဘဝကို ရှင်သန်စေရန် ထိန်းချုပ် ရမည့် အင်အားတစ်ခုအဖြစ် ရှုမြင်ခဲ့ကြသည်။

## လူနှင့်ရွာသမိုင်း၊ ကိုယ်ကျင့်တရားနှင့် အချိန်

လူနှင့်ရွာသမိုင်းသည် အကြောင်းအရာများစွာကို ဖော်ပြနေပြီး အတိတ်ကာလရှိ အကြောင်းအရာများ ကို ရည်ညွှန်းချက်များနှင့် ပြည့်နှက်နေသည်။ ဂေါကြီးရွာကိုကြည့်ပါက ရာသီဉတုပေါ်မူတည်၍ ကွဲ ပြားသည့် စိုက်ပျိုးရေး လုပ်ငန်းများ၊ ရွာသားများ၏သွားလာမှု၊ အုတ်မြစ်ချခဲ့မှုဆိုင်ရာအကြောင်းအရာ များ၊ အပူဒဏ်၊ မိုးရွာသွန်းမှု၊ မင်္ဂလာရှိမှု၊ ဈာပနဆောင်ရွက်မှု၊ ရိုးရာဓလေ့များ တည်ရှိလည်ပတ်မှု၊ ရွာပုံသဏ္ဍာန်ပြောင်းလဲလာမှု၊ မျိုးဆက်တစ်ခုနှင့်တစ်ခုကြား ဆက်ခံမှုဝေမှုနှင့် ပဋိပက္ခများ၊ အိမ်နီး ချင်းများ/ဆွေမျိုးများကြား ဆက်နွယ်မှု နှင့်၊ အသိုင်းအဝိုင်းတစ်ခုတွင် တူညီပါဝင်သည်ဟု ခံစားရမှု (သို့မဟုတ်) ကွာခြားမှု စသည်တို့ကို မည်သို့ဖော်ပြသနည်းဟူ၍ မြင်တွေ့ကြားသိနိုင်သည်။ ထို့ပြင် ဖော်ပြ စရာများသည် ဆုံးနိုင်မည်မထင်ပါ။ ဤ “လူနှင့်ရွာသမိုင်း” ဆိုသည်မှာ အချိန်ကာလ ရွေ့လျား လာသည်နှင့်အမျှ အရေးပါသည့် လူများ၊ ပတ်သက်ဆက်ဆံရေးများ နှင့် ရည်တည်ချက်/တာဝန်များ အကြောင်း လေ့လာဆန်းစစ်နိုင်ရန်အတွက် နေရာ ဒေသတစ်ခု၏ အဖွဲ့အစည်းအမျိုးအစားများနှင့် သမိုင်းကြောင်းသက်သက်ထက် ကျော်လွန်၍ ရှုမြင်သုံးသပ်ခြင်း ဖြစ်သည်။ ဩဇာလွှမ်းမိုးနိုင်မှုကို လေ့ လာသည့် အခါ ၎င်းသည် လက်ရှိအခင်းအကျင်းတွင်တည်ရှိနေသည့် ကိုယ်ရည်ကိုယ်သွေး များ၊ အထက်အောက် ဆက်ဆံရေးများ၊ ရင်းနှီးထားသည့်အရာများနှင့် အမှတ်ရစရာ များ၏ ကွန်ရက်အဖြစ် မြင်ယောင်ကြည့်ရန်ဖြစ်သည်။



ဂေါ်ကြီးရွာလူထုအတွက် ဂေါ်ကြီးသည် ဗမာပြည်မနှင့် မင်းမျိုးမင်းနွယ်များ၏ အဓိကဒေသဖြစ်သော အညာမြေ၏ သမားရိုးကျရွာတစ်ရွာ ဖြစ်သည်။ ဤပြန့်ပြူးသောကျေးလက်ဒေသတွင် အခြေချ နေ ထိုင်မှုများ၊ စေတီပုထိုးများနှင့် တောင်ကုန်းအချို့ အနည်းငယ်သောမြစ်များနှင့် ချောင်းများဖြင့် ပြည့်နှက်နေပြီး ထေရဝါဒဗုဒ္ဓဘာသာ၊ မင်းမျိုးမင်းနွယ်များနှင့် နတ်/ဝိညာဉ်ကိုးကွယ်မှုများကို ရည် ညွှန်းထားသည့် ဇာတ်လမ်းအမျိုးမျိုးရှိသည်။ ထို့ကြောင့် ဗမာတို့၏ လူနှင့်ရွာသမိုင်းကိုကြည့်ပါက ဗုဒ္ဓ ဘာသာ၊ ဘုရင်စနစ်နှင့် နတ်/ဝိညာဉ်ကိုးကွယ်မှုများသည် အုတ်မြစ်ချ ပုံပြင်အကြောင်းအရာများ သဖွယ်ပေါင်းစပ်တည်ရှိနေပြီး လူတို့ဖြစ်တည်နေထိုင်မှုကို သိရှိစေသည်။ ယေဘုယျအားဖြင့် အညာ မြေရှိရွာများသည် ဘာသာရေးထုံးတမ်းစဉ်လာများ (အထူးသဖြင့် ရှင်ပြုပွဲများနှင့် ဗုဒ္ဓဘာသာအလှူ များ)၊ ဘဝသသရာများ (မွေးဖွားခြင်း၊ မင်္ဂလာဆောင်ခြင်း၊ ဈာပနစသည်တို့)နှင့် လူမှုရေးကိစ္စရပ်များ စုပေါင်းဆက်ဆံရာနေရာများ ဖြစ်သည်။ ဤစုပေါင်းလုပ်ဆောင်မှုသည် “လူမှုရေး” ဟု ခေါ်သော ရိုးရာ လူမှုရေးပုံစံတစ်ခုနှင့် ထဲထဲဝင်ဝင်ဆက်စပ်နေပြီး ဘုံနေထိုင်ကြသည့်နေရာနှင့် တစ်နယ်တည်းသား ဖြစ်၍သွေးနီးမှုဟူသည့် အခင်းအကျင်းကို ဖြစ်ပေါ်စေသည်။ သဘောတရားအရ လူမှုရေးနယ်ပယ် သည် လူတိုင်းနှင့်သက်ဆိုင်ပြီး ဥဒ္ဓဝတ်ကျေပွန်မှုမှ သူစိမ်းများအထိ၊ အိမ်နီးချင်းများ၏ ဈာပနအထိ ကျယ်ပြန့်သော ဆက်ဆံရေးအစုံကို လွှမ်းခြုံထားသည်။ သို့သော် ၎င်းသည် ရွာများကို သွေးစည်းစေ သကဲ့သို့ ဖယ်ထုတ်မှုကိုလည်း ဖြစ်စေနိုင်သည်။ အဆင့်အတန်း၊ မျိုးရိုး၊ အလုပ်အကိုင်၊ တာဝန် ဝတ္တရားများ၊ အကြွေး၊ အမွေဆက်ခံမှု၊ ထောက်ပံ့မှုတို့နှင့်ဆက်စပ်၍ ပါဝင်ခြင်းနှင့် ချန်လှပ်ခြင်း ဖြစ်စဉ်များသည် (ဥပမာ- မိသားစုများအတွင်းနှင့် တောင်သူနှင့် မြောက်သူများကြားတွင်) အမြဲတမ်း လှုပ်ရှားဖြစ်ပေါ်နေသောကြောင့် စုပေါင်းဆောင်ရွက်မှု သို့မဟုတ် စည်းလုံးညီညွတ်မှုကို အမြဲတည်ရှိနေလိမ့်မည်ဟု ပုံသေ မမှတ်ယူသင့်ပါ။ အခြားအကြောင်းရင်းများ ရှိနေနိုင်သေးသော်လည်း ရပ်ရေး ရွာရေးကိစ္စဟူသည့်အယူအဆသည် အဓိကအားဖြင့် ဗုဒ္ဓဘာသာနှင့် ဒေသခံသမိုင်းအမြင်များဖြင့် ပြည့်နှက်နေသော နေ့စဉ်ဘဝ၏ ကျင့်ဝတ်တစ်ခုကို လိုက်နာခြင်းဖြစ်သည်။ လူ့တန်ဖိုးနှင့် သူသည် အခြားသူများအပေါ် မည်သို့အကဲဖြတ်ဆက်ဆံသနည်း စသည်တို့ကို နောက်ခံကားချပ်အဖြစ် အသုံး ပြု၍ ထောက်ပံ့သူ -

အထောက်အပံ့ခံယူသူအခင်းအကျင်းနှင့် "ဘုန်း"ဖြင့်ဦးဆောင်မှုတို့၏ မရေရာ သော ဆက်ဆံဆောင်ရွက်မှုများကို လေ့လာဆန်းစစ်နိုင်သည်။

ထို့ကြောင့် ရပ်ရေးရွာရေးဆိုသည်မှာ အလှူငွေများ၊ မင်္ဂလာဆောင်များ၊ ရှင်ပြုပွဲများ၊ ဈာပန အခမ်း အနားများ၊ ကလေးများကို ပညာသင်ကြားစေခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများကို ညှိနှိုင်းဆောင်ရွက်ခြင်း၊ ရွာရေကန်ကို ထိန်းသိမ်းခြင်း၊ ရွာငွေစု ငွေချေးကိစ္စများ၊ လမ်းပြုပြင်ခြင်း စသည်တို့ကဲ့သို့သော လှုပ်ရှား မှုများအားလုံးကို လွှမ်းခြုံထားသည့် ဘဝနယ်ပယ်တစ်ခု ဖြစ်သည်။ ထိုကဲ့သို့သော လှုပ်ရှားမှုများတွင် စည်းရုံးခြင်း၊ ကတိကဝတ်နှင့် ကွန်ရက်များ လိုအပ်သည်။ လူ့တန်ဖိုးများဖြစ်သည့် "ယုံကြည်စိတ်ချ ရမှု/သစ္စာရှိမှု"တို့ကို ၎င်းတို့တွင် အကဲဖြတ်နိုင်သည်။ ရွာလူကြီးများသည် ရပ်ရေးရွာရေးများကို အလုံး စုံထိန်းကြောင်းလမ်းညွှန်ရန် တာဝန်ပေးအပ်ခံရသည်။ ဤသို့ လူကြီးများက ကျေးရွာလူထုအစုအဝေး နှင့်ထိတွေ့ဆက်ဆံမှုသည် ဒေသတွင်း တာဝန်ဝတ္တရားများနှင့်ကျင့်ဝတ်များအရ တရားဝင်မှုနှင့်အခွင့် အာဏာကိုဖန်တီးပေးပြီး ၎င်းသည် ၂၀ ရာစု ဒုတိယနှစ်ဝက်မှစ၍ အစိုးရကနိုင်ငံကိုအုပ်ချုပ်ပုံ (လာဘ် ပေးလာဘ်ယူမှု၊ အတင်းအကျပ်ခိုင်းစေမှုနှင့် အကြမ်းဖက်မှု စသည်တို့) နှင့် သွေဖီလာသည်။ ၁၉၈၀ ပြည့်လွန်နှစ်များမှစ၍ ကျေးလက်ဒေသန္တရကိစ္စရေးရာများတွင် နိုင်ငံတော်၏ပါဝင်ပတ်သက်မှု ပြတ်တောက်လာခြင်းနှင့်အတူ အညာဒေသတွင် လူနေမှုအဆင့်အတန်းများ ဆိုးရွားနိမ့်ကျလာခြင်း ကြောင့် ကိုယ့်ကိုယ်ကိုယ်အားကိုးခြင်း(ကိုယ်ထူကိုယ်ထ)အယူဝါဒပေါ်ပေါက်လာပြီး အစိုးရဌာနဆိုင် ရာများကို တတ်နိုင်သမျှ ရှောင်ရှားလာကြသည်။

ဝေါကြီးကျေးရွာလူထုသည် ဗုဒ္ဓဘာသာဝင်ဖြစ်ခြင်းကိုဂုဏ်ယူကြပြီး အညာသီးနှံများကို စိုက်ပျိုးကြ သည်။ ရိုးရာဓလေ့များကို (လက်ထပ်ခြင်း၊ ဈာပန၊ ဘုရားပွဲ၊ ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူခြင်း၊ နတ်ပွဲ စသည်ဖြင့်) လိုက်နာကြသည်။ ရိုးရှင်းသော်လည်း မရှိမဖြစ်လိုအပ်သည့် ကိုယ်ကျင့်တရား လမ်းညွှန် များကို ဗုဒ္ဓ၏အဆုံးအမ(သာသနာ)တွင် တွေ့မြင်ကြသည်။ တစ်ခါက ကျွန်ုပ်အတွက် - မကောင်းတာ မလုပ်နှင့်၊ မကောင်းတာ မတွေးနှင့်၊ သူတပါးအသက် မသတ်နှင့် - ဟူ၍ စာကြောင်းသုံးကြောင်းဖြင့် အနှစ်ချုပ်ပြောကြားခဲ့ဖူးသည်။ ဘုန်းကြီးကျောင်း

များ၊ စေတီများ၊ စာပေများနှင့် ရဟန်းသံဃာများဖြင့် ဗုဒ္ဓဘာသာကိုရည်ညွှန်းကြပြီး ယာယီဖြစ်မှု (မမြဲခြင်းတရား)ကို သိနားလည်အောင် ညွှန်ပြပေးပါ သည်။ အရာအားလုံးသည် မမြဲခြင်း (အနိစ္စ)ဆီသို့ ဦးတည်နေပါသည်။ လောကဓံနှင့်ကြုံရ သည့်အခါ မတုန်လှုပ်ခြင်းသည် တန်ဖိုးရှိသည့်စရိုက်လက္ခဏာတစ်ခုဖြစ်ပြီး သံသရာတွင်ပြန်လည်မွေးဖွားခြင်း၊ ကံ၊ ကုသိုလ်ပြုခြင်းတို့နှင့်လည်း ဆက်စပ်နေသည်။ ကောင်းမှုကုသိုလ်ပြုခြင်းနှင့် အဆင့်အတန်းဟူ၍ ဆွေးနွေးအဖြေရှာမှုများတွင်လည်း အချိန်ကာလ၏ ဩသဘောကို ဖမ်းယူထားသည် - လူမှုအဆင့် အတန်းဆိုသည်မှာ အတိတ်ဘဝ သို့မဟုတ် ယခင်ကပြုခဲ့သောကုသိုလ်ကြောင့် ယခုဘဝတွင် အကျိုး ခံစားရခြင်းဖြစ်သည်။ အချိန်ကို ဤကဲ့သို့မြင်သည့်ပုံစံသည် ဗုဒ္ဓဘာသာ၏ ကိုယ်ကျင့်တရားဆိုင်ရာ မူဘောင်အပေါ်အခြေခံသည့် "အချိန်ကာလကန့်သတ်ချက်မရှိကျင့်ဝတ်" ဖြစ်ပြီး ဂေါ်ကြီးရွာတွင် ထဲထဲဝင်ဝင် လိုက်နာကျင့်သုံးကြကာ ရွာကောင်းတစ်ခု၏အရည်အသွေးကိုပေးစွမ်းသည်ဟု ယူဆ ကြသည်။

ဗုဒ္ဓ၏အဆုံးအမကို လိုက်နာခြင်းသည် ဗုဒ္ဓ၏ အမွေအနှစ်များကို ထိန်းသိမ်းခြင်းဖြစ်သည်။ ဗုဒ္ဓ၏ တရားတော်များသည် ဘုရား/စေတီထံတွင် ကိန်းဝပ်ထားသောဓာတ်တော်မွေတော်များတွင် တည်ရှိ နေသော မီးကဲ့သို့ဖြစ်ပြီး အန္တရာယ်ရှိသောအရာများ (တစ္ဆေသရဲ၊ကံဆိုးခြင်း စသည်ဖြင့်)မှ ကာကွယ် ရန် နည်းလမ်းပေါင်းစုံဖြင့်ထိန်းသိမ်းပြီး အားဖြည့်ရန်လိုအပ်သည်ဟု ဆိုနိုင်သည်။ ကောင်းသော လွှမ်း မိုးမှုများရရှိရန်အတွက်ကိုးကွယ်ရန် ဘုရား/စေတီတော်တစ်ခုရှိရန် မဖြစ်မနေ လိုအပ်သည်။ အလှူငွေ များနှင့် ကုသိုလ်ပြုနိုင်ရန် ရဟန်းသံဃာများရှိသော ဘုန်းကြီးကျောင်းသည်ပို၍ပင် ကောင်းမွန်ပြီး နှစ်စဉ်ဘုရားပွဲတော်ကိုကျင်းပရန် မဖြစ်မနေ လိုအပ်ပါသည်။ အတိုချုပ်ပြောရလျှင် ဗုဒ္ဓ၏ ဓာတ်နှင့် အဆုံးအမများကို စဉ်ဆက်မပြတ်ထိန်းသိမ်းခြင်းနှင့် ကိုးကွယ်ခြင်းသည် ဂေါ်ကြီးရွာ လူ့ဘုံခန်းဝါကို အကာအကွယ်ပေးသည်။ ထို့ကြောင့် အနည်းဆုံးအားဖြင့် ဗုဒ္ဓဘာသာသည် ရွာကို တစ်စုတစ်စည်း တည်းရှိနေစေရန် ထိန်းသိမ်းပေးထားသည်။ သို့သော် ဂေါ်ကြီးရွာ၏ဘုရားနှင့် ဘုန်းကြီးကျောင်းသည် ကြုံသလို ဖြစ်တည်လာခြင်းမဟုတ်ပါ။

ၡင်းတို့သည် ယဉ်ကျေးမှုတိုးတက်ပြောင်းလဲလာသောခေတ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ကိုလိုနီ ခေတ်ပြီးနောက် တောတွင်း၌သာသတင်းသုံးမှုမှသည် ရွာတွင် ဘုန်းကြီးကျောင်းဖြင့်သတင်းသုံးသည့် အခြေအနေသို့တဖြည်းဖြည်းပြောင်းလဲလာခဲ့ပြီး တစ်ချိန်တည်းတွင် လူတို့၏အပြုအမူများကို ကိုယ် ကျင့်တရားနှင့်ညီအောင်ပြုပြင်မွမ်းမံသည့်ကာလလည်း ဖြစ်ခဲ့သည်။ ဤကာလတွင် ဦးဇာနေယျဟု အမည်ရသည့်ဆရာတော်က ဘုရားနှင့်ဘုန်းကြီးကျောင်းကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၈၈၅ ခုနှစ်တွင် ဘုရင်စနစ်ပျက်သုဉ်းပြီးနောက် ဆယ်စုနှစ်အတွင်း လူ့အဖွဲ့အစည်းယိုယွင်းပျက်စီးမှု၏ ခံစား ချက်ကိုရင်ဆိုင်ကြရာတွင် လူဝတ်ကြောင်များက ဗုဒ္ဓ၏ အဆုံးအမများကို ဦးစီးလာခဲ့ကြကြောင်း [Turner 2014]က ထင်ရှားစွာ ပြသခဲ့သည်။ မြင်းမီးလောင်ကျေးရွာအုပ်စုမှ သူကြီးဦးတိုးခိုင်နှင့်အတူ ဆရာတော်ဦးဇာနေယျသည် ၂၀ ရာစု၏ ပထမနှစ်ဝက်တွင် လူတို့၏အပြုအမူများကို ကိုယ်ကျင့် တရားနှင့်ညီအောင် ပြုပြင်မွမ်းမံသည့် ဒေသတွင်းထင်ရှားသူများဖြစ်ခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓအဆုံး အမများအား ကိုယ်ကျင့်တရားဆိုင်ရာမူဘောင်အပေါ်အခြေခံသည့် "အချိန်ကာလကန့်သက်ချက်မရှိ ကျင့်ဝတ်"အဖြစ်မြင်ခြင်းသည် ကိုလိုနီစနစ်ကြောင့် ထပ်ဆောင်းဖြစ်ပေါ်လာသည့် အပြောင်းအလဲ တစ်ခုဟု ဆိုနိုင်သကဲ့သို့ "ဘုန်း" မြင့်သူအမျိုးသားများဟူသည့် ဒေသတွင်းပြောဆိုမှုကြောင့်လည်း ဖြစ်သည်။ ကျင့်ဝတ်ကောင်းကြောင်းပြသခြင်းနှင့် ကျေးရွာအရေးများကိုဆောင်ရွက်ခြင်းတို့သည် ကျေးလက်ဒေသန္တရဩဇာနယ်ပယ်အတွက် အရေးပါသည့်ရှုထောင့်အဖြစ် အဆိုပါ"ဘုန်း"မြင့်သူ အမျိုးသားများက ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

ရွာတစ်ရွာဆိုသည်မှာ လူတို့အခမ်းအနားများ ကျင်းပသည့်နေရာဖြစ်ပြီး အပြန်အလှန်ဆက်သွယ် ဖလှယ်မှုများစွာကြောင့် အခြေချနေထိုင်မှုများနှင့် နေထိုင်သူများအား ချိတ်ဆက်ချည်နှောင်ပေးသည်။ ပုံမှန်တိတ်ဆိတ်ငြိမ်သက်သည့်ဘဝ(ဘောလုံးပွဲအချိန်များမှလွဲ၍)နှင့်ဆန့်ကျင်ဘက်အားဖြင့် ပွဲများ/ အခမ်းအနားများသည် စိတ်ရောကိုယ်ပါနှစ်၍ဆောင်ရွက်ကြသည့် စုပေါင်းလှုပ်ရှားမှု အခိုက်အတန့် များဖြစ်ပြီး ရာစုနှစ်ပေါင်းများစွာ ကျေးလက်နှင့်ရွာလူထု

တစ်သားတည်းဖြစ်မှု၊ ပွဲတော်ကာလ၏ အမှတ်အသားလည်းဖြစ်သည်။ ပွဲများတွင် ကုသိုလ်ဖြစ်လှူဒါန်းမှု အလှူပွဲများ၊ အထူးသဖြင့် သား ယောကျ်ားလေးများ၏ ဗုဒ္ဓဘာသာရှင်ပြုပွဲများက အဓိကကျပါသည်။ စီတန်းလှည့်လည်မှု၊ ချို့ယွင်း နေသောအသံချဲ့စက်များထံမှ အဝေးမှထွက်ပေါ်လာသည့် တေးဂီတ၊ ရွှေပွဲလာများတဖွဲဖွဲရောက်ရှိလာ မှု၊ အစားအသောက် ကမ်းလှမ်းပြင်ဆင်ပေးမှုများဖြင့် ပွဲကာလများတွင် ဂေါကြီးရွာအား ပို၍လှုပ်ရှား သက်ဝင်စေခဲ့သည်။

မုံရွာမှဂေါကြီးသို့သွားသည့် မကြာလှသေးသောမြေသားလမ်းသည် ထန်းပင်များဖြင့်ပြည့်နှက်နေသော လယ်ယာကွင်းများကို ဖြတ်ကျော်သွားသည်။ ၎င်းသည် ဘယ်ဘက်ရှိ ဘောလုံးကွင်းတစ်လျှောက် ဖြတ်သွားပြီး နောက်ဆုံးတွင် ရွာ၏တောင်ဘက်ရှိ 'မကောင်းသောတံခါး' (အမင်္ဂလာတံခါး)မှ တစ်ဆင့် ရွာထဲသို့ ဝင်ရောက်သည်။ ကွမ်းယာဆိုင်နှင့်အဓိကကုန်စုံဆိုင်ကို ဖြတ်ကျော်ပြီးနောက် အရှေ့ဘက်သို့ သွားသောလမ်းကြောင်းသည် ဂေါကြီးရွာ၏ ရှေးအကျဆုံးအခြေချနေထိုင်မှုအပိုင်းကို နှစ်ပိုင်းခွဲပြီး 'မင်္ဂလာတံခါး'သို့ ဦးတည်သည်။ အရှေ့ဘက်ကို မင်္ဂလာအရှိဆုံးအဓိကနေရာအဖြစ် ရည်ညွှန်းကြပြီး ရွာတံခါးသည် မည်သည့်အခါကမျှ မပြောင်းလဲခဲ့ပါ။ လူများသည် ဤရှေးဟောင်းနေရာသို့ ရွှေ့ပြောင်း လာသည်နှင့်အမျှ ဝါး၊ ကောက်ရိုးမိုးနှင့် သွပ်မိုးအိမ်များသည် တစ်ခုနှင့်တစ်ခု ပိုမို နီးကပ်လာသည်။ ဂေါကြီးကို အကြမ်းဖျင်းအားဖြင့် အပိုင်းသုံးပိုင်းခွဲခြားနိုင်သည် - အနောက်ဘက်၊ အရှေ့မြောက်နှင့် အ ရှေ့တောင်တို့ဖြစ်သည်။ ၎င်းတို့သည် ရွာလယ်ရှိ စုပေါင်းရေတွင်းတွင် စုဝေးလေ့ရှိကြသည်။ ရွာတွင်း သွားလာမှုကို လမ်းကြောင်းနှစ်ခုဖြင့်ပြုလုပ်ကြပြီး ရွာ၏ တဖြည်းဖြည်းတိုးချဲ့လာမှုနှင့် ဆွေမျိုးသား ချင်းများနှင့် အိမ်နီးချင်းဆက်ဆံရေးပေါ်မူတည်၍ အိမ်ခြံဝင်းများကိုဖြတ်ကျော်သွားသော သေးငယ် သည့်လမ်းကြားများဖြင့် ခွဲထုတ်ထားသည့် လမ်းကြောင်းငယ်များဖြင့် ဖွဲ့စည်းထားသည်။ ခြုံငုံ၍ဆိုရ လျှင် လမ်းကြောင်းများသည် "စီးဆင်းမှုအမျိုးမျိုး" (မင်္ဂလာပွဲများ၊ အလှူပွဲများ၊ စီတန်းလှည့်လည်မှု များ၊ နေ့စဉ်လမ်းလျှောက်ခြင်း၊ နွားလှည်းများ၊ မော်တော်ဆိုင်ကယ်များ၊ ကားများ၊ ကလေးများသည် လူကြီးစီးစက်ဘီးကြီးများစီး၍ ကျောင်းသွားခြင်း၊ ၂၀၁၃ ခုနှစ်မှစ၍ ရေပိုက်များနှင့် မကြာမီအနာဂတ်

တွင် လျှပ်စစ်မီးရရှိမည်ဖြစ်သည်)ကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် "လူနှင့်ရွာသမိုင်း" သည် "စီးဆင်းမှု အမျိုးမျိုး" ရောယှက်ဖြစ်တည်နေခြင်းဖြစ်ပြီး လူများက လိုက်လျောညီထွေဖြစ်အောင်နှင့် ပဲ့ကိုင်ထိန်း ကြောင်းရန် ကြိုးစားကြသည်။

အိမ်များနှင့် ၎င်းတို့၏ ခြံစည်းရိုးများသည် ရွာနယ်နိမိတ်ကို ပုံဖော်ပေးသည်။ ယခင်က မငြိမ်မသက်မှု များနှင့် ကျွဲနွားများရန်းရင်းဆန်ခတ်ဖြစ်ခဲ့စဉ်က ခြံစည်းရိုးများနှင့်တံခါးများဖြင့် ဝန်းရံထားခဲ့သော နေရာများဖြစ်သည်။ အိမ်များ၏ အုတ်မြစ်နှင့်ချိန်ညှိမှုများကို ဂေါကြီးရွာအတွင်း လမ်းကြောင်းများ အပြင်နေနှင့်လ၏လမ်းကြောင်း (သို့မဟုတ်) ဥပမာအားဖြင့် အိမ်ပိုင်ရှင်၏ဇာတာခွင်နှင့် ဆက်စပ်၍ ရေးဆွဲထားသည်။ မြောက်ဘက်ရှိဘုန်းကြီးကျောင်းနှင့် အနောက်တောင်ဘက်ရှိသုသာန်သည် အတိုင်းအတာတစ်ခုထိ ရွာ၏အစိတ်အပိုင်းတစ်ခုမဟုတ်သကဲ့သို့ အရှေ့တောင်ဘက်ရှိ တောအုပ် ငယ်တစ်ခုတွင်တည်ရှိသော နတ်စင်သည်လည်း ရွာအစိတ်အပိုင်းတစ်ခုမဟုတ်ပါ။ ဤအရှေ့တောင် ဘက်သည် ရွာတုံရွာသို့ သွားရာလမ်းပေါ်တွင်ရှိပြီး ဂေါကြီးရွာတွင် ပထမဆုံးအခြေချနေထိုင်သူများ သည် ဤလမ်းမှတစ်ဆင့် လာခဲ့ကြသည်။ တစ်နည်းအားဖြင့် ဤလမ်းကြောင်းများသည် လက်ရှိရွာ သားများ၏ဘိုးဘွားများက ထိုလမ်းကြောင်းများကို ဖန်တီးခဲ့သောကြောင့် ၎င်းတို့နှင့်ဘိုးဘွားများ အကြား အဓိကချိတ်ဆက်မှုများဟု မှတ်ယူနိုင်သည်။ မျိုးဆက်အဆက်ဆက်သည် ရွာ၏အုတ်မြစ်များ နှင့်အညီ ၎င်းတို့၏ဘဝများကိုချိန်ညှိခြင်းဖြင့် လွှမ်းမိုးမှုအမျိုးမျိုးကို မည်သို့ ပဲ့ကိုင်မည်၊ တားဆီးမည် သို့မဟုတ် ထိန်းသိမ်းမည်ကို ပုံဖော်ပေးသောကြောင့်ဖြစ်သည်။ ဤဘိုးဘွားများကို ဆက်လက်မကိုး ကွယ်ကြသည့်တိုင် ၎င်းတို့သည် "မူလပထမ စတင်နေထိုင်ခဲ့သူများဖြစ်သည်"ဟူသည့် ခံစားချက်ဖြင့် လက်ရှိလူများကို "လူနှင့်ရွာသမိုင်း" တွင်ချိတ်ဆက်ပေးသည်။

ရွာသည် ဘုရား/စေတီ၊ ရဟန်းသံဃာနှင့် နတ်များကို ကိုးကွယ်ကြသော လူသားများ၏ အကောင်းဆုံး နေထိုင်ရာဖြစ်သည်။ အဆိုပါကိုးကွယ်ရာများနှင့်အတူ တစ္ဆေ/သရဲ၊ စုန်းကဝေ(သဘောတရားအရ တစ်ရွာကိုခုနစ်ဦး)၊ နတ်/ဝိညာဉ်များနှင့် အခြားသောဘုံသားများကို ဗမာ ဗုဒ္ဓဘာသာ၏ စကြဝဠာ အနန္တတွင် ဘေးဖယ်ထား



ခြင်း သို့မဟုတ် ထည့်သွင်းထားခြင်းရှိပြီး အဆောက်အဦများ၊ ဘုရားစင်၊ နတ်စင်များတွင် သို့မဟုတ် ပုံပြင်များတွင်တွေ့ရှိရကာ ကျေးရွာလူထု၏ဘဝအပေါ် များစွာလွှမ်းမိုးနိုင် သည်။ သို့ရာတွင် မည်သည့်အရာမျှ ရှင်းရှင်းလင်းလင်း မရှိလှပါ။ ရွာသားအများစုကိုယ်တိုင် နားလည် ရန်ရှုပ်ထွေးနေသည့် ဗုဒ္ဓဘာသာဆိုင်ရာစာပေများနှင့် တဝဲလည်လည်ဖြစ်နေရန် မဆိုလိုပါ။ ထို့ကြောင့် နေရာဒေသတစ်ခုကိုကြည့်၍ ဒေသန္တရ"လူနှင့်ရွာသမိုင်း"ကို လိုက်လျောညီထွေစွာချဉ်း ကပ်မှုသည် ဗုဒ္ဓဘာသာဆိုင်ရာစာပေအပေါ်၊ အမျိုးသားရေး သို့မဟုတ် ခေတ်မီမှုနှင့် ဗုဒ္ဓဘာသာ၏ ဆက်စပ်မှုအပေါ်ကိုသာ အာရုံစိုက်ရန်မဟုတ်ဘဲ အခြားယုံကြည်မှုများဖြင့် (နတ်/ဝိညာဉ်နှင့် ထွက်ရပ် ပေါက်ဝိဇ္ဇာဂိုဏ်းများ အစရှိသဖြင့်) အတူယှဉ်တွဲနေထိုင်မှု၊ အပြန်အလှန်ဆက်စပ်မှု၊ သို့မဟုတ် တစ်ခု နှင့်တစ်ခုဆန့်ကျင်နေမှု စသော လက်တွေ့နေထိုင်မှုအတွေ့အကြုံတစ်ခုအဖြစ်လည်း ရှုမြင်နိုင်သည်။

ဂေါကြီးတွင် အိမ်ထောင်စုတစ်စုဆိုသည်မှာ အနည်းဆုံးအားဖြင့် အိမ်ထောင်ပြုပြီးနောက် အိမ်ခွဲနေ ပြီး တစ်အိုးတစ်အိမ်ထူထောင်ကြသည့် အိမ်ထောင်သည်စုံတွဲနှင့် သူတို့၏ကလေးများပါဝင်သည့် မိသားစုဖြစ်သည်။ သို့သော် မှတ်ပုံတင်ထားသည့် အိမ်ထောင်စု ၁၃၆ စုတွင် သုံးပုံတစ်ပုံခန့်သည် "ဆွေမျိုးအသိုက်အဝန်း" တွင်နေထိုင်ကြသည်။ အိမ်ခြံဝင်းအများစုတွင် အိမ်နှစ်အိမ်သာရှိသော်လည်း အကြီးဆုံးသောအိမ်ခြံဝင်း(ကျွန်ုပ်၏စာရင်းအရ ခုနစ်ခု)တွင်မူ အိမ်ရှစ်လုံးအထိ ရှိနိုင်သည်။ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးဖြစ်သည့်ကိုကျော်သည် ထိုအိမ်များထဲမှ တစ်အိမ်တွင်နေထိုင်သည်။ ၎င်းတို့ သည် ယခင်မျိုးဆက်များတလျှောက် လယ်သမားမိသားစုအနည်းငယ်၏ ချမ်းသာကြွယ်ဝမှုများ စုစည်းလာမှုကိုကိုယ်စားပြုပြီး ဖြစ်နိုင်သည့်အခါတိုင်း ဆွေမျိုးများကိုစုစည်းလေ့ရှိသည့် သဘောထား ကို ဖော်ပြနေသည်။ ၁၉၆၀ ခုနှစ်များက မြန်မာနိုင်ငံ၏အညာဒေသတွင် June နှင့် Manning Nash မြင်တွေ့ခဲ့ရသည့်အရာသည် ၂၀၁၀ ခုနှစ်များတွင်လည်း မှန်ကန်နေဆဲ ဖြစ်သည်။ "မိသားစုတစ်စု သည် ချမ်းသာလေလေ၊ ယခုတည်ထောင်ထားသည့် မိသားစုနှင့်သာမက ယခင်အိမ်ထောင်ဖက်ဖြင့် ရခဲ့သော သားသမီးများနှင့်လည်း အတူတကွစုပေါင်း၍ မိသားစုတစ်စုတည်းပုံစံဖြင့် သို့မဟုတ် အဘိုး/

အဘွား/ဦးလေး/အဒေါ်များနှင့်အတူတကွ မိသားစုတစ်စုတည်းပုံစံဖြင့် နေထိုင်ရန် အလားအလာ ပိုများလေဖြစ်သည်။ အဘိုးအဘွားများပိုင်ဆိုင်သည့် အိမ်ခြံဝိုင်းတွင် အိမ်ခွဲနေသည့်မိသားစုများ အတွက်လည်း သီးခြားနေထိုင်ရန်နေရာရှိသည်” [Nash & Nash 1963: 257]။ ယခင်ကပင် အခြေချ နေထိုင်ခဲ့သူများ၏ အဓိကမိသားစု များသည် နောက်မှ လာရောက်အခြေချနေထိုင်သူများထက် ပိုမို ကြီးမားသောခြံ ဝင်းများကိုသတ်မှတ်နိုင်ပြီး လယ်ယာမြေများကို ပိုမိုပိုင်ဆိုင်နိုင်ခဲ့ကြသည်။ နောက်မှ လာရောက်အခြေချနေထိုင်သူများတွင် အခြားဒေသများမှ လာရောက်သူများ သို့မဟုတ် ရွာခံနှင့် အိမ်ထောင်ကျသူများဖြစ်ပြီး အမွေဝေစုကို မိဘသေဆုံးချိန်တွင် သားသမီးအားလုံးအတွက် အညီအမျှ ခွဲဝေပေးသဖြင့် အမွေအရွယ်အစား သေးငယ် လာခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ရွာ၏ ဗဟိုပြု အခြေချနေထိုင်မှုပုံစံ၊ အိမ်ကြီး များနှင့်ကျွဲနွားများကိုပိုင်ဆိုင်သော လယ်သမားအစစ် (တောင်သူ) နှင့် နေ့စားလယ် အလုပ်သမား(မြောက်သူ)ဟူ၍ ကွာဟချက်ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ရွာ၏ပုံ သဏ္ဍာန်သည် မိသားစုများအတွင်း ခွဲဝေပေးမှု/ဆက်ခံစေမှု (မိဘမသေဆုံးမီ စောလျင် စွာ သို့မဟုတ် မိဘသေဆုံးပြီးနောက်)၊ အတိတ်က ဒေသခံလူ့အဖွဲ့အစည်း၏အလွှာ အချို့က ဩဇာအာဏာကိုချုပ် ကိုင်ထားနိုင်မှုနှင့် ဆွေမျိုးတော်စပ်မှုကို မည်သို့စီစဉ် စီမံပုံတို့၏ ရလဒ်တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဗမာတို့၏ဆွေမျိုးနီးစပ်ရင်းနှီးမှုသည် ‘ရွေးချယ် မှုပြုနိုင်သည့်အရာ’ - မတင်း ကျပ်သောစနစ်တစ်ခုဖြစ်သည်ဟု မကြာခဏငြင်းခုန် ခဲ့ကြသည် [Nash 1965: 59]။ ရင်းနှီးအောင် လည်းပြုနိုင်သည်၊ မရင်းနှီးအောင် နေမည်ဟူ၍လည်း ရွေးချယ်မှုပြုနိုင်သည်။ ဆိုလိုသည်မှာ အိမ်ခွဲ နေ၍ တစ်အိုးတစ် အိမ်ထူထောင်ကြသည့်မိသားစုအပြင် အခြားဆက်ဆံရေးများကို ပြုစုပျိုးထောင် ရန် လိုအပ်သည်။ ထို့ကြောင့် အဓိကအချက်မှာ ထိုမိသားစုဖြစ်ပြီး အိမ်ခွဲနေ၍တစ် အိုးတစ်အိမ် ထူ ထောင်မှု၊ နှစ်ဖက်မိဘထံမှ သားသမီးများ တန်းတူအမွေခွဲဝေဆက်ခံ နိုင်မှုဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထား သည်။ မိသားစုဆက်ဆံရေးဆိုသည်မှာ အချိန်နှင့်အမျှ ပြောင်းလဲနေသည့် ရပိုင်ခွင့်၊ ကိုယ်ကျင့်တရား နှင့် လူမှုတာဝန်ဝတ္တရားများ၏ ကိစ္စ ရပ်တစ်ခုပင်ဖြစ်သည်။ မိသားစုအပြင်၊ ဆွေမျိုးနီးစပ် ရင်းနှီးမှု/ တစ်နယ်တည်းသား

ဖြစ်မှုကိုလည်း ဖြစ်တည်မှုနယ်ပယ်တစ်ခုအဖြစ် ကျယ်ပြန့်သည့် အဓိပ္ပာယ်နှင့် ရှုမြင်နိုင်သည်။ စိတ်ဝင်စားစရာကောင်းသည်မှာ လူများတွင် သဘာဝအလျောက်နှစ်သက်သည့်အရာ များရှိတတ်ကြပြီး ၎င်းတွင် ဆွေမျိုးနီးစပ်ဖြစ်မှု/တစ်နယ်တည်းသားဖြစ်မှုလည်း ပါဝင်ကာ ကောင်းမွန် သည့်ဆက်ဆံရေးကိုထိန်းသိမ်းရန် ဆန္ဒရှိကြသည်။ Spiro က ဆွေမျိုးနီးစပ်ဆက်ဆံမှု သို့မဟုတ် တစ်နယ်တည်းသားဖြစ်မှုသည် ရွာတစ်ရွာကို နယ်မြေပိုင်နက်တစ်ခုအဖြစ်မဟုတ်ဘဲ လူမှုဆိုင်ရာ အုပ်စုတစ်ခုအဖြစ် သတ်မှတ်ပေးသည့် ကျင့်ဝတ်/စံနှုန်းဆိုင်ရာအင်အားတစ်ရပ်ဖြစ်သည်ဟု အကြံပြုထားပြီးဖြစ်သည်။ သူ့အတွက်မူ "၎င်းသည် ဆွေမျိုးနီးစပ်ဆက်ဆံရေး သို့မဟုတ် တစ်နယ်တည်းသား ဖြစ်မှုဟူသည့်ကွန်ရက်တွင် ရွာသူရွာသားများ အတူတကွပါဝင်နေကြပြီး အချင်းချင်း တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊ ဆင်တူသည့်ဖြစ်တည်မှုများနှင့် အပြန်အလှန်တာဝန်များအတွက် အဓိကဇစ်မြစ်ကို ဖြစ်ပေါ်စေသည်" [1986: 99]။

ဂေါကြီးရွာသည် အနီးနားရှိရွာများ၊ လယ်ယာမြေများနှင့် နွားလှည်းလမ်းကြောင်းများမှတစ်ဆင့် ချိတ် ဆက်ထားပြီး မုတ်သုံရာသီတွင် ရံဖန်ရံခါ ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် တူးမြောင်းများအဖြစ်သို့ ပြောင်းလဲသွားကာ ၂၀၀၀ ခုနှစ်များနှောင်းပိုင်းတွင် တရုတ်ကုန်ပစ္စည်းများ အမြောက်အများရောက်ရှိ လာပြီးနောက် ခြေလျင်လမ်းများသည် မော်တော်ဆိုင်ကယ်လမ်းကြောင်းများအဖြစ်သို့ ပြောင်းလဲ သွားခဲ့သည်။ ရွာအပြင်ဘက်တွင် လယ်ကွင်းများ(တော)ရှိသည်။ ဤသို့ ရွာနှင့်လယ်ကွင်း ခွဲခြား ထားမှုသည် လူနှင့်ရွာသမိုင်းဖြစ်ပေါ်မှုကို ပုံစံချပေးသည်။ လူတစ်ဦးက သူ၏လယ်ယာမြေသို့သွား ခြင်းသည် "တော"ကိုသွားခြင်း ဖြစ်သည်။ လယ်ကွင်းသည် လယ်ယာလုပ်ငန်းအတွက်သာ နေရာ မဟုတ်ပါ။ ရွာတွင် ကြုံတွေ့ရသော လူမှုထိန်းချုပ်မှု၊ တစ်အိမ်နှင့်တစ်အိမ် နီးကပ်စွာတည်ရှိခြင်း၊ အတင်းအဖျင်း/ကောလာဟလများနှင့် အမျိုးသား-အမျိုးသမီးနှင့် ဂျူနီယာ-စီနီယာဆက်ဆံရေးဆိုင်ရာစည်းမျဉ်းများသည်လည်း လယ်ယာများတွင် သက်ရောက်မှုရှိပြီး အထူးသဖြင့် လယ်ကွင်းများတွင် အုပ်စုလိုက်အလုပ်လုပ်ကြသော်လည်း ကွဲပြားသောနည်းလမ်းဖြင့် လုပ်ဆောင်သည့်အခါတွင် ဖြစ် သည်။ တောသည် ပိုမိုပွင့်လင်းသော လူမှုဆက်ဆံရေးရှိသည့် အဓိကနေရာတစ်ခုဖြစ်ပြီး ဥပမာအားဖြင့် အမျိုးသား

များက ကွမ်းယာများဖလှယ်ခြင်း၊ သီးနှံများအကြောင်း ပြောဆိုခြင်း၊ ရိတ်သိမ်းချိန် အတွက်စီစဉ်ခြင်း၊ အချင်းချင်း၏ နည်းစနစ်များကို အကဲဖြတ်ခြင်း၊ နိုင်ငံရေးအခြေအနေနှင့် ရွာတွင် ပြုလုပ်ခဲ့သည့် နောက်ဆုံးအလှူပွဲ/အခမ်းအနားတစ်ခု၏ အရည်အသွေးအကြောင်း ငြင်းခုန်ခြင်းများ ပြုလုပ်သည့် နေရာတစ်ခု ဖြစ်သည်။ လူငယ်များ ထန်းရည်သောက်ရန် ပုန်းအောင်းသည့်နေရာလည်း ဖြစ်သည်။ ထို့အပြင် ၎င်းတို့၏ အချစ်ဇာတ်လမ်းများရှိရာနေရာလည်း ဖြစ်သည်။ အမျိုးသားများက ငွေဖြင့်လောင်းကြေးထပ်သည့် ကစားနည်းများကစားကြပြီး ချမ်းသာသောမိသားစုအချို့သည် ၎င်းတို့ ၏မြေယာများကို ရောင်းချခဲ့ရသည်အထိ ဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်သည်။ တောသည် မယဉ်ပါးသေး သည့်အန္တရာယ်ရှိရာ နေရာတစ်ခုလည်း ဖြစ်သည်။ သစ်ပင်အိုကြီးများတွင် မှောင်ရီပျိုးချိန်တွင် လူများ ကို လှည့်စားတတ်သော တစ္ဆေသရဲများရှိပြီး ၎င်းတို့အား ကွဲ့နွားများကသာ မြင်နိုင်သည်။ ၁၉၄၅ ခုနှစ်တွင် ဂျပန်တို့ဆုတ်ခွာစဉ်ကချန်ရစ်ခဲ့သည့် စစ်အကြွင်းအကျန်ဖြစ်သည့် လက်နက်ဟောင်းအပိုင်း အစများ၊ ကျည်ဆန်များသည် လယ်ကွင်းများတွင် တစ်ခါတရံ ပေါ်ထွက်လာလေ့ရှိသည်။ ထို့အပြင် ကိုလိုနီခေတ်မတိုင်မီကာလကတည်းက ရှိခဲ့သော "ရွှေပန်းခိုင်" အမည်ရ တစ်ဝက်တစ်ပျက်ယိုယွင်း နေသည့်ရှေးဟောင်းဘုရားစေတီတစ်ဆူရှိရာနေရာလည်းဖြစ်ကာ မည်သူမျှ အိမ်သို့မယူဆောင်လာ သင့်သော ရွှေများကိုထည့်သွင်းဌာပနာထားပြီး မမြင်နိုင်သည့် ဘုရားအစောင့်အရှောက်လည်း ရှိ သည်။

## မြင်းမီးလောင်

လူနှင့်ရွာသမိုင်း၏ နောက်ဆုံးအချက်မှာ လူစိတ်ဝင်စားမှုအနည်းဆုံးသောအချက် ဖြစ်နိုင်ပြီး အစိုးရ အဆက်ဆက်ကြောင့် မည်သို့သက်ရောက်မှုရှိခဲ့သည်ဆိုသည့် အချက်ဖြစ်သည်။ မြင်းမီးလောင်ကျေး ရွာအုပ်စုတည်ထောင်ခြင်း၊ ရွာခေါင်းဆောင်အဆက်ဆက်၏ အုပ်ချုပ်ရေးကိုကိုယ်စားပြု အကောင် အထည်ဖော်ခဲ့သည့်ပုံစံနှင့် ကျေးလက်ဒေသတွင်ရှင်သန်ဖြစ်တည်မှုပြောင်းလဲလာခြင်းတို့သည် ဤ စာအုပ်တွင်ဖော်ပြထားသည့် သမိုင်းကြောင်း၏ အကြောင်းအရာ

များဖြစ်သည်။ ကိုလိုနီခေတ်မတိုင်မီ ကာလကပင် ထောက်ပံ့သူ-အထောက် အပံ့ခံယူသူဆက်ဆံရေးနှင့် ရာထူးများအတွက် ယှဉ်ပြိုင်မှုများ ကြောင့် ပြိုကွဲနေသောအချုပ်အခြာအာဏာပိုင်နယ်မြေများ ရှိခဲ့သည်။ အင်္ဂလိပ်ကိုလိုနီခေတ်တွင် "ကျေးရွာစနစ်" ဆောင်ရွက်လာပြီးနောက် ဂေါကြီးသည် မြင်းမီးလောင်အုပ်စုတွင် ပါဝင်လာခဲ့ပြီး ထို စနစ်သည် ဂျပန်ကျူးကျော်မှုကာလ၊ သူပုန်ထမှုကာလ၊ စစ်တပ်က ဆိုရှယ်လစ်ဝါဒသို့ကူးပြောင်းမှု၊ စစ်တပ်သည် ကျေးလက်ဒေသနှင့်ဆက်ဆံရေး တဖြည်းဖြည်းဝေးကွာလာမှုနှင့် မကြာသေးမီက ဒီမိုက ရေစီအသွင်ကူးပြောင်းမှု စသည့်ကာလတလျှောက်လုံးတွင် ဆက်လက်တည်ရှိနေခဲ့သည်။ မြေများ အားမြေပုံရေးဆွဲခြင်းနှင့် ဗြိတိသျှတို့၏အခွန်စနစ်ကိုပြဋ္ဌာန်းခြင်းဖြင့် သက်ဆိုင်ရာ စီရင်စုအသီးသီး တွင် အုပ်ချုပ်ရေးစနစ်ကိုထိရောက်အောင် ဆောင်ရွက်လာခဲ့သည်။ ၎င်းသည် ဒုတိယကမ္ဘာစစ် အတွင်းပျောက်ကွယ်သွားခဲ့သော်လည်း ရွာသားများက မကြာမီတွင် ၎င်းတို့၏သီးနှံများကို ဆိုရှယ် လစ်နိုင်ငံတော်ကသိမ်းယူသွားသည်ကိုမြင်တွေ့ခဲ့ရပြီး တစ်ချိန်တည်းတွင် မှောင်ခိုဈေးကွက်၊ ကျွဲနွား များခိုးယူခံရခြင်းနှင့် ရွာခြံစည်းရိုးများ (ပြန်လည်)ပေါ်ထွက်လာခြင်းတို့ ဖြစ်လာခဲ့သည်။

ကျေးရွာများတွင် အရှည်ကြာဆုံးရှိနေသူများမှာ သူကြီးများဖြစ်ပြီး ၎င်းတို့၏ ဆောင်ရွက်မှုနှင့်အခွင့် အာဏာမှာ အစိုးရက ၎င်းတို့အား မည်သို့အာဏာအပ်နှင်းထားသည်ပေါ်မူတည်၍ ကွဲပြားသည်။ ထို့ အပြင် လမ်းများနှင့်ဆည်/ရေကာတာအချို့သည် - ၁၉၈၈ အရေးအခင်း၏ သွေးထွက်သံယိုမှုနှင့် နိုင်ငံ တဝှမ်းရှိ လူထောင်ပေါင်းများစွာ၏ အစိုးရကိုဆန့်ကျင်သောလှုပ်ရှားမှုအပြီး စစ်တပ်သည် ကျေးလက် ဒေသနှင့်ဆက်ဆံရေးဝေးကွာနေစဉ် အဓမ္မလုပ်အားပေးခိုင်းစေခြင်းဖြင့် ပြည်သူများအပေါ် မည်သို့ တင်းကျပ်စွာ ထိန်းချုပ်ခဲ့သည်ကိုပြသနေသည့် - ခိုင်မာသောမှတ်တမ်းများဖြစ်သည်။ ကျေးလက် ဒေသတွင်းတွင်မူ မြင်းမီးလောင်ရွာ၏ အမည်ဆိုးနှင့်ကျော်ကြားသူ (လူဆိုး)ရွာသူကြီးတစ်ဦးကြောင့် မယုံကြည်မှုခေတ်တစ်ခု စတင်လာခဲ့ပြီး မြင်းမီးလောင်နှင့်ဂေါကြီးရွာကြား စိတ်ဝမ်းကွဲမသင့်မြတ်မှု နှင့်ရန်ငြိုးများကို ပိုမိုဆိုးရွားလာစေခဲ့သည်။ ထိုအချိန်မှစ၍ ဂေါကြီးရွာမှ လူကြီးအချို့သည် ရိုးရာ ဓလေ့ပုံစံ(လူမှုရေး)နှင့် စံနှုန်းသစ်များကိုပေါင်းစပ်ပြီး ယခင်

ကကဲ့သို့ပင် ကိုယ်ကျင့်တရားအခြေခံသူ အမျိုးသားများဦးဆောင်သည့်ပုံစံဖြင့် ရပ်ရေးရွာရေးများကို စတင် တာဝန်ယူလာခဲ့ကြသည်။

မှတ်သားထားရမည့်အချက်မှာ မြင်းမီးလောင်သည် အကြောင်းအရာပေါ်မူတည်၍ အရွယ်အစားကွာ နိုင်သော သမိုင်းဝင်ရှေးဟောင်းနေရာတစ်ခု ဖြစ်သည်။ ဤစာအုပ်၏ သမိုင်းကြောင်းအပိုင်းတွင် ပါဝင်သောအကြောင်းအရာများထဲမှတစ်ခုမှာ မြင်းမီးလောင်သည် ဒေသန္တရအုပ်ချုပ်ရေး၏ (ရှုထောင့် တစ်ခု၏)အမည်အဖြစ် မည်သို့ဖြစ်တည်လာသည်ကို စူးစမ်းလေ့လာရန်ဖြစ်သည်။ ဤနာမည်သည် နေရာများစွာ (ရွာတစ်ရွာ၊ တူညီသည့် စိတ်ခံစားချက်များဖြင့်ရှိနေသည့် ရွာများ၊ ကျေးရွာအုပ်စု)ကို ရည်ညွှန်းသည်။ ၁၈၈၀ ခုနှစ်များနှောင်းပိုင်းတွင် ဗြိတိသျှကိုလိုနီအော်ပရေးရှင်းများကို အခွင့်ကောင်း ယူကာ "ဦးညွန့်" ဆိုသူက ရွာကိုအာဏာသိမ်းခဲ့ပြီးနောက် မြင်းမီးလောင်သည် ကျေးရွာအုပ်စုအမည် ဖြစ်လာခဲ့သည်။ ဦးညွန့်သည် ဗဟိုအစိုးရအာဏာမငြိမ်မသက်ဖြစ်နေစဉ် (အခန်း ၁ နှင့် ၂) သူ့အတွက် စီရင်စုတစ်ခုရအောင် ဖန်တီးလိုသည်။ မြင်းမီးလောင်သည် တစ်ခါတစ်ရံတွင် ရွာတစ်ရွာတည်းကိုသာ ရည်ညွှန်းသည်။ သို့သော် ရွာခေါင်းဆောင်မှုပိုင်းတွင် ပဋိပက္ခများကြောင့် နောက်ဆက်တွဲကွဲပြားမှု များရှိသော်လည်း အခြေချနေထိုင်မှုသမိုင်းကြောင်းတူညီသောရွာအုပ်စုတစ်စုအကြောင်း ပြောဆိုရာ တွင် မြင်းမီးလောင်အမည်ကို အများဆုံးအသုံးပြုသည်။ ကျွန်ုပ်က ထိုအခြေချနေထိုင်မှုကို မြင်းမီး လောင်နယ်ဟုခေါ်သည်။ 'မြင်းမီးလောင်' ဟူသောအမည်နှင့် အမြဲတမ်းနေရာဒေသ ဒွန်တွဲနေခြင်းမရှိ ပါ။ တစ်ချိန်က အစိုးရစီရင်စုတစ်ခုအဖြစ် အသိအမှတ်ပြုခံရသည့် ရည်ညွှန်းချက်တစ်မျိုးသာဖြစ်လာ ခဲ့သည်။ «မြင်းမလောက်»ဟူသည့်အမည်မှ "မြင်းမီးလောင်"ဟူသည့်အမည်သို့ ပြောင်းသွားခြင်းဖြစ် သည်ဟုလည်းဆိုကြပြီး ၁၈ ရာစုအလယ်ပိုင်းတွင် မင်းမျိုးမင်းနွယ်နှင့် ဒေသခံတို့ဆုံတွေ့ခဲ့သည့် အခြေခံဇာတ်လမ်းမှ ဆင်းသက်လာခြင်း ဖြစ်သည်။ မြင်းမီးလောင်နယ်နှင့်ဂေါကြီးတို့၏ အခြေခံအုတ် မြစ်ဇာတ်ကြောင်းများသည် လက်ရှိယူဆမှုနှင့်အခင်းအကျင်းများကိုရည်ညွှန်းနေပြီး မြင်းမီးလောင် အား တစ်နယ်တစ်ကျေးမှ ရွှေ့ပြောင်းလာသူများဟူ၍လည်းကောင်း၊ ဂေါကြီးအား မူလပထမစတင် နေထိုင်ခဲ့သူများဟူ၍လည်းကောင်း နှိုင်းယှဉ်လာခဲ့သည်။

ယနေ့ခေတ်တွင် မြင်းမီးလောင်သည် စီရင်စုတစ်ခုအမည်ဖြစ်ပြီး မြင်းမီးလောင်ကျေးရွာအုပ်စုကို ဆိုလိုသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အိုးကုန်း၊ မင်္ဂလာကုန်း၊ မြင်းမီးလောင်နှင့် ဂေါကြီး ရွာများပါဝင်ပြီး ကျေးရွာအုပ်စုတစ်ခုလုံးအတွက် အုပ်ချုပ်ရေးမှူးတစ်ဦးကို ရွေးချယ်သည်။ သို့သော် ထိုဒေသ၏သမိုင်းကြောင်းများအရ ရွာများအကြား ကွဲပြားမှုများစွာရှိကြောင်း သိရှိရသည်။ ၁၇၅၀ ခုနှစ်များတွင် မြင်းမီးလောင်နယ်ကိုတည်ထောင်ခဲ့စဉ်က လူများအား အုပ်စုသုံးခုအဖြစ် ပိုင်းခြားခံခဲ့ ရပြီး ဒေသတွင်း တပ်ရင်းအလိုက် ဆက်နွယ်မှုအရ ဖြစ်ပေါ်လာခဲ့ဟန်တူသည်။ အနောက်စု (ယခု မင်္ဂလာကုန်း)၊ အရှေ့စု (ယခု မိုးကောင်း)နှင့် အလယ်စု (ယခု မြင်းမီးလောင်) ဟူ၍ ရှိခဲ့သည်။ ၎င်းတို့ သည် ရွာငယ်လေးများ၏ အမည်ဟောင်းများဖြစ်ပြီး တစ်ခါတရံတွင် ယနေ့တိုင် အသုံးပြုနေဆဲ ဖြစ်သည်ဟု လက်ရှိရွာသားများက ပြန်ပြောင်းပြောပြကြသည်။ ထိုစဉ်က မြင်းမီးလောင်ကို ရွာတစ် ရွာအနေဖြင့် “အလယ်စု” ဟုရည်ညွှန်းကြပြီး ၁၈ ရာစု၏ ဒုတိယပိုင်းတွင် အခြားရွာများအား ၎င်း၏ ဦးဆောင်မှုအောက်တွင် လွှမ်းခြုံရန် ကြိုးစားခဲ့သော ဗဟိုရွာငယ်လေးဖြစ်သည်။

ပိုကျယ်ပြန့်သည့်အဆင့်တွင်မူ မြင်းမီးလောင်နယ်ဆိုသည်မှာ မူလအစတူညီမှုရှိသည်ဟု ဆိုကြသည့် ရွာငါးရွာကို ရည်ညွှန်းပါသည်။ ရွာများကြားတွင် တွန်းထုတ်မှု၊ တွဲခေါ်မှုများ ရှိခဲ့ပြီး ရွာအများစုသည် မြင်းမီးလောင်ဒေသမှ အနည်းနှင့်အများဆိုသလို ထွက်ခွာသွားမှုရှိခဲ့ကြသည်။ ‘အနောက်စု’ သည် ‘မင်္ဂလာကုန်း” အဖြစ် တဖြည်းဖြည်းလူသိများလာခဲ့ပြီး ယင်းရွာကို ဖြတ်သန်းသွားခဲ့သည့် တော်ဝင် နက္ခတ်ဗေဒင်ဆရာတစ်ဦး ပေးထားသည့် နာမည်ကို အစွဲပြုပြီး ခေါ်ဝေါ်ခဲ့ကြသည်။ ‘အလယ်စု’နှင့် အခြားခွဲထွက်သွားသည့် ရွာနှစ်ရွာကိုလည်း အမည်ပြောင်းလဲခေါ်ဝေါ် ခဲ့ကြသည်။ ‘အရှေ့စု’ သည် ‘မိုးကောင်း’ ဟု အမည်ပြောင်းလဲခဲ့ပြီး အခြားကျေးရွာအုပ်စုတစ်ခုနှင့် ချိတ်ဆက်သွားခဲ့သည်။ ကိုလိုနီ ခေတ်အစောပိုင်းနှစ်များတွင် ‘အိုးဘို’ဟု လူသိများသော အနောက်မြောက်ရွာကို ‘အိုးကုန်း’ဟုအမည်ပြောင်းလဲခဲ့သည်။ ယနေ့ခေတ်တွင် မရိုးတောဟုခေါ်သော ပဉ္စမမြောက်ရွာကိုလည်း မြောက်ဘက် တွင် ၁၉၁၀ ခုနှစ်များနှောင်းပိုင်းတွင်တည်ထောင်ခဲ့ပြီး ၎င်းသည်

လည်း အခြားကျေးရွာအုပ်စုတစ်ခု နှင့် ချိတ်ဆက်သွားခဲ့သည်။ ဤရွာများမှ ရွာသားများ၏ရှင်းပြချက်အရ ထိုသို့ရွာများကွဲထွက်သွားမှု များသည် ရွာများရှိလူကြီးများနှင့် ၎င်းတို့၏ နောက်လိုက်အုပ်စုများ သို့မဟုတ် ဆွေမျိုးအုပ်စုများ အကြားတင်းမာမှုများကြောင့်ဖြစ်ကြောင်း သိရှိရသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ မရိုးတောရွာ သည်လည်း ပွဲတော်များ/အခမ်းအနားများအား အမှီအခိုကင်းလွတ်လပ်စွာကျင်းပခြင်းဖြင့် သီးသန့် တည်ရှိလာခဲ့သည်။ သူတို့သည် မြင်းမီးလောင်နှင့် နီးသော ဘုန်းကြီးကျောင်းနှင့်စေတီကို အသုံးပြုကြ သော်လည်း အခမ်းအနားများကျင်းပရန်အတွက်မူ ၎င်းတို့၏ ကိုယ်ပိုင်ရွာဘုံပစ္စည်းများကို အသုံးပြုကြ သည်။ အတိုချုပ်ပြောရလျှင် မြင်းမီးလောင်နယ်၏ ဆင့်ကဲဖြစ်စဉ်သည် ဘုံနယ်မြေတစ်ခုမှသည် ဂိုဏ်းဂဏကွဲပြားမှုများနှင့် နောက်ဆက်တွဲ ခွဲထွက်သွားမှုများပင်ဖြစ်သည်။

နောက်ဆုံးအရေးပါသည့်အချက်မှာ ဂေါကြီးနှင့် မြင်းမီးလောင်နယ်အကြား အငြင်းပွားသည့်ဆက်ဆံ ရေးရှိခြင်းဖြစ်သည်။ ၎င်းတို့တွင် ဘုံအခြေခံသမိုင်းကြောင်း မရှိကြပါ။ မြင်းမီးလောင်ကျေးရွာအုပ်စုကို တည်ထောင်ချိန်မှစ၍ အုပ်စုပါ ကျေးရွာများအဖြစ် ၎င်းတို့ အချင်းချင်း ဆက်ဆံရန် တာဝန်ရှိလာ ခဲ့သည်။ ထိုအချိန်မှစ၍ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်မှုသည် ဤအသိုင်းအဝိုင်းနှစ်ခုကြား ပြိုင်ဆိုင်မှုနှင့် ဆက်စပ်လာခဲ့သည်။ ၎င်းတို့အချင်းချင်း အဘယ်ကြောင့် မနှစ်သက်ကြသနည်း ဟူ၍ ရှင်းပြနိုင်သည့် ရှင်းလင်းသည့် အဖြစ်အပျက် မရှိပါ။ အချင်းချင်းမတည့်ကြဘဲ ဘောလုံးပွဲများ၊ ဘုရားပွဲ များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ပွဲများတွင် ပဋိပက္ခများနှင့်ရန်ပွဲများ ထင်သာမြင်သာဖြစ် ပွားလေ့ရှိသည်။ သို့သော်လည်း သူတို့အချင်းချင်း(အများစုမှာတောင်သူမဟုတ်သူများ) အိမ်ထောင် ပြုကြပြီး လက်ဖွဲ့/လက်ဆောင်ပေးမှုများတွင် ပါဝင်ကြသည်။ ဥပမာအားဖြင့် - ဒေသနှစ်ခုလုံးမှ ကျေးရွာသူ/သားများသည် ဘုရားပွဲတော်မတိုင်မီ မုန့်များကို (လက်ဆောင်များအဖြစ်) မျှဝေကြပြီး မဟာမိတ်ဖွဲ့မှုတစ်မျိုးမျိုး (မိသားစုများအကြား၊ ဝန်ဆောင်မှုဖလှယ်ခြင်းနှင့်ပတ်သက်၍ စသည်ဖြင့်) မြှင့်တင်ကြသည်။ ကျေးရွာအုပ်စုအတွင်းရှိ ရွာသူရွာသားများသည် တရားဝင်အားဖြင့် အတူယှဉ်တွဲ နေထိုင်ကြသည်။ သို့သော် အမျက်ထွက်မုန်းထားမှုများလည်း ပေါ်လာလေ့ရှိသည်။ ဂေါကြီးရွာ အမျိုး သား



များက မြင်းမီးလောင်လူများကို အကျင့်ပျက်ခြစားသူ သို့မဟုတ် ကိုယ်ကျင့်တရား ပျက်ပြားသူ အဖြစ် မကောင်းသည့်အပြုအမူနှင့် ဇာတ်လမ်းများမှတဆင့် ဖော်ပြ လေ့ရှိသည်။ မြင်းမီးလောင်လူများ ကလည်း ဂေါ်ကြီးလူများအား သူတို့ထက်သာနေ သယောင်၊ ကျင့်ဝတ်ကောင်းနေသယောင် ပြုကြသူ များအဖြစ် ပြက်လုံးထုတ်ကြ သည်။ ဤသို့ အစဉ်အဆက်ပတ်သက်ဆက်ဆံရေးအား နှုတ်ပြောသမိုင်း အရခြေရာ ခံရာတွင် ကျွန်ုပ်သည် ဂေါ်ကြီးရွာနှင့်ဆက်စပ်၍ရောက်ရှိလာခဲ့မှုကြောင့် ထိလွယ်ရှ လွယ် ဖြစ်ခဲ့သည်။

## အကဲဖြတ်ဆက်ဆံဆောင်ရွက်မှု

ကျွန်ုပ်ကြုံတွေ့ခဲ့ရသော "ရွာနှင့်လူသမိုင်း"သည် ဘုရားစေတီများ၊ ရဟန်းသံဃာများ၊ ဘုန်းကြီး ကျောင်းများ၊ နတ်များ၊ "ဘုန်း"ဖြင့်ဦးဆောင်ခဲ့သည့် အမျိုးသားများအား ပြန်ပြောင်းအမှတ်ရမှုများ၊ ရေကန်များ၊ တစ္ဆေသရဲများ၊ ကျွဲ နွားများ၊ သစ်ပင်များ၊ အိမ်နီးချင်းများ၊ သူကြီးများ၊ အွန်လိုင်းအဖွဲ့များ၊ တောင်ကုန်း များ၊ ချောင်းများ၊ ကျေးရွာအုပ်စုများ၊ ဆွေမျိုးများ စသဖြင့် အမျိုးမျိုးသောအရာများ နှင့် ပြည့်နှက်နေခဲ့သည်။ လူတစ်ယောက် မြင်ချင်၊ မှတ်မိချင်၊ ပြောချင် သို့မဟုတ် ရှောင်လွှဲချင်သည့်အရာ ပေါ်မူတည်ပြီး ကွဲပြားစွာ ဖော်ပြနိုင်ပါသည်။ သို့သော် ဤသို့ ဖြစ်တည်မှုများစွာ ရောပြွန်းနေမှုသည် ရွာသူရွာသားများအတွက် ဝန်ထုပ်ဝန်ပိုး မ ဖြစ်စေပါ။ စိတ်ဝင်စားစရာကောင်းသည်တစ်ခုမှာ "ရွာနှင့် လူသမိုင်း"ကို လူတို့ထိ တွေ့ဆက်ဆံသည့် (သို့မဟုတ် မဆက်ဆံသည့်) ကွန်ရက်များနှင့် ဖွဲ့စည်းထား သည် ဟူသည့်အမြင်ဖြင့် ကြည့်ရှုသုံးသပ်ခြင်းဖြစ်သည်။ ပို၍တိတိကျကျဆိုရပါလျှင် လူမှု လောကနှင့် လူတို့၏ ချိန်ညှိထိတွေ့ဆက်ဆံမှုနည်းလမ်းများနှင့် ဖွဲ့စည်းထားသည်ဟု သုံးသပ်နိုင်သည်။ ရွာသား များသည် ထိုဒေသတွင် ရှိနေနိုင်သည့် အရာများအားလုံး နှင့် အချိန်တိုင်း ပတ်သက်ဆက်ဆံမှု မရှိကြပါ။ ၎င်းတို့တွင် မည်သည့်အရာများ နှင့် သို့မဟုတ် မည်သူတို့နှင့် ပတ်သက်ဆက်ဆံမည်ဟူသည့် ဆုံးဖြတ်ချက် ချမှတ် နိုင်စွမ်းကို တွေ့မြင်ရပြီး - ဤ/ထို လူပုဂ္ဂိုလ်၊ ဘုန်းတော်ကြီး၊ ဘုရား/စေတီ၊ နတ်

သို့မဟုတ် ကိုးကွယ်ယုံကြည်မှု - စသဖြင့် ထိတွေ့ဆက်ဆံမှု အမျိုးမျိုးရှိနိုင်သည်။ တစ်နည်းအားဖြင့် ဆိုရပါလျှင် လူများသည် လူ့လောကနှင့်၎င်းတို့၏ထိတွေ့ဆက်ဆံမှုကိုချိန်ညှိခြင်းဖြင့် လူနှင့်ရွာဖြစ် တည်မှုကို ပဲ့ကိုင်ထိန်းကြောင်းကြပြီး ထိုသို့ပြုလုပ်ခြင်းဖြင့် အာဏာပါဝါအပေါ် လေ့လာဆန်းစစ်ခြင်း နှင့်/သို့မဟုတ် ပြန်လည်မေးဖွားခြင်းတို့ဖြစ်ပေါ်စေသည်။

ဘာသာရေးဆိုင်ရာအလေ့အကျင့်များအကြောင်း ရပ်ရွာတွင်ကိုယ်တိုင်သွားရောက်နေထိုင်၍ သုတေ သနပြုသည့်နည်းလမ်းကို အစပိုင်းတွင် စိတ်မဝင်စားခဲ့သော်လည်း ဤအပိုင်းသည် "ယုံကြည်ခြင်း" ဆိုင်ရာ ရိုဇန်ဘာ့ဂ် [Rozenberg]၏ စာပေများနှင့် ထဲထဲဝင်ဝင်ချိတ်ဆက်နေသည်။ မြန်မာနိုင်ငံရှိ 'မသေဆုံးနိုင်သော'ဘုံသားများအကြောင်း သူ၏မနုဿဗေဒဆိုင်ရာလေ့လာမှု[2015] တွင် အင်္ဂလိပ် ဘာသာဖြင့် 'ယုံကြည်သည်' နှင့်ကိုက်ညီသော မြန်မာဘာသာ ကြိယာနှစ်ခုကို ခွဲခြားသတ်မှတ်ရန် တင်ပြခဲ့ပြီး - ယူဆ (အယူအဆ)နှင့် ယုံကြည်(ယုံကြည်မှု) ဟူ၍ ဖြစ်သည်။ "အယူအဆ" ဆိုသည်မှာ ငြင်းခုန်ချက် သို့မဟုတ် သက်သေအထောက်အထား မလိုအပ်သော ဖော်ပြချက်ကို ရည်ညွှန်းသည်။ ၎င်းသည် လက်တွေ့သရုပ်ပြရန်မဖြစ်နိုင်သောဖြစ်စဉ်တစ်ခု၏ အမှန်တရားနှင့်ပတ်သက်၍ ထင်မြင် ချက်(စုပေါင်းကိုယ်စားပြုမှု)ကို ဖော်ပြခြင်းဖြစ်သည်။ ဥပမာ- ဂေါ်ကြီးလူများ၏ ဗုဒ္ဓကိုသက်ဝင်ယုံ ကြည်ခြင်း"အယူအဆ"သည် မေးခွန်းထုတ်စရာမရှိပါ။ အခြားတစ်ဖက်တွင်မူ - လူတစ်ဦးသည် ကိုယ်ပိုင်ရပ်တည်ချက်တစ်ခုဖြင့် 'ဘုံသားများ၏တန်ခိုးသတ္တိနှင့် ၎င်းတို့သည် သူ သို့မဟုတ် သူမ၏ ဘဝလမ်းကြောင်းအပေါ် လွှမ်းမိုးမှုကို အသိအမှတ်ပြုသည်' (၂၀၁၅: ၁၅-၁၆) ဆိုပါက "ယုံကြည်မှု"ဟု သုံးနိုင်သည်။

ဤခြားနားချက်သည် လူသားနှင့် လူသားမဟုတ်သည့်အရာအမျိုးမျိုးနှင့် လူများ ထိတွေ့ဆက်ဆံနိုင် သည့် နည်းလမ်းအချို့ကို ထင်ဟပ်စေသည့် စိတ်ဝင်စားဖွယ်ကောင်းသော ဥပမာတစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် လွှမ်းမိုးမှုများနှင့် တာဝန်ဝတ္တရားများကို တိုင်းတာခြင်းဟု ဆိုနိုင်သည်။ အတွေ့ အကြုံနှင့် ကိုယ်ပိုင်

ဆိုးဖြတ်မှုများအား အလေးပေးခြင်းဖြင့် အဓိကလုပ်ငန်းစဉ်မှာ အခြားသူများ အား အကဲဖြတ်ခြင်း၊ တိုင်းတာခြင်း ဖြစ်သည်ဟု ညွှန်ပြနေပါသည်။ မိတ်ဆွေ သူငယ်ချင်းများ၊ ထောက်ပံ့သူ များ၊ တစ္ဆေသရဲများ၊ အရာရှိများနှင့် သင် ဆက်စပ်နိုင် ပြီး အကြောင်းရင်းများစွာကြောင့် ကွဲပြားစွာ ပြုမူဆက်ဆံမှုများ ဖြစ်ပေါ်လာသည်။ ကျွန်ုပ်အတွက် ဂေါ်ကြီးရွာ၏ နေ့စဉ်ဘဝတွင်အဓိကကျသည် မှာ လူများသည် သူ တို့၏ လွှမ်းမိုးမှုအပေါ် ထိန်းချုပ်နိုင်စွမ်းနှင့် သူတို့၏နေရာ/ရာထူးဖန်တီးနိုင်စွမ်း အပေါ်မူတည်၍ အခြားသူများနှင့် မည်သို့ထိတွေ့ဆက်ဆံမည်ဟုရွေးချယ်ကာ ပတ်သက်ဆက်ဆံကြ ခြင်းဖြစ်သည်။

ထိုပွတ်တိုက်မှုများကို ရှင်းပြရန်အတွက်- အကဲဖြတ်ဆက်ဆံဆောင်ရွက်မှု ဆိုသည်မှာ မရေမရာမှုများ ဖြင့်လေးပင်စေသော ပါဝင်ဆောင်ရွက်မှုပုံစံများ ပါဝင် ပြီး ရန်လိုမှုနှင့်မိတ်ဆွေဖွဲ့မှု ဝင်ရိုးစွန်း နှစ်ခု ကြားတွင်ရှိနေသည်ဟု ကျွန်ုပ် အဓိပ္ပာယ် ဖွင့်ဆိုရန် ရွေးချယ်ခဲ့သည်။ ရိုးရိုးရှင်းရှင်းဆိုရပါက လူတစ်ဦး သည် ၎င်း၏မိသားစု၊ အိမ်နီးချင်းများ၊ မိတ်ဆွေများ၊ အလုပ်ရှင်များ၊ အလုပ်သမားများ၊ ထောက်ပံ့ သူ များ၊ ရဟန်းများ စသည်တို့နှင့် ဆက်ဆံရာတွင် ဆက်ဆံသည့်ပုံစံကိုမူတည် ပြီး ဆက်ဆံမှုအတိမ် အနက်များ ကွဲပြားမှုရှိပါသည်။ ဤဆက်ဆံရေးများထဲတွင် အထက်အောက်၊ အဆင့်အတန်း၊ ကျား/မ၊ ဘာသာရေးကိုးကွယ်မှုအနေအထား၊ မိသားစုအတွင်း တာဝန်ဝတ္တရားများနှင့် မိတ်ဆွေဖွဲ့မှုများသည် လူမှုဆက်ဆံရေး၏ အဓိကအစိတ်အပိုင်းများ ဖြစ်သည်။ သို့သော် ယင်းတို့သည် လူများက သူတို့၏ ရပ်တည်ချက်ကို ဖန်တီးရမည့် နယ်ပယ်များ ဖြစ်သည်။ နေ့စဉ်ဆက်ဆံရေးများတွင် ဖြစ်ပေါ်လာသော ပွတ်တိုက်မှုများကို အကဲဖြတ်ဆက်ဆံဆောင်ရွက်မှုများအဖြစ် ကျွန်ုပ်မြင်ပါသည်။ အကဲဖြတ်ဆက်ဆံ ဆောင်ရွက်ခြင်းဆိုသည့် စကားလုံး၏ စိတ်ဝင်စားဖွယ်ကောင်းသည့်အပိုင်းမှာ အကဲဖြတ်ခြင်း၊ ကတိ ကဝတ်နှင့် ငြင်း ခုန်ခြင်းဟူသည့် အယူအဆများအား ပေါင်းစည်းထားခြင်းဖြစ်သည်။ အကဲဖြတ် ဆက် ဆံဆောင်ရွက်ခြင်းဆိုသည်မှာ သက်ဆိုင်ရာကတိကဝတ်များနှင့်တာဝန် ဝတ္တရားများအား လေ့လာ ဆန်းစစ်ခြင်းဖြင့် စည်းနှောင်ခြင်း၊ အကောင်အထည်ဖော် ခြင်း၊ စာချုပ်ချုပ်ဆိုခြင်းနှင့် တာဝန်ယူခြင်း တို့ကို ရည်ညွှန်းပါသည်။ ဤ အယူ

အဆသည် ဥပဒေရေးရာနှင့်ကျင့်ဝတ်ဆိုင်ရာအမျိုးအစားနှစ်မျိုး လုံးတွင် အင်္ဂလိပ် သာသာစကားအရ "ပိုင်ဆိုင်မှု သို့မဟုတ် အာဏာပါဝါရှိခြင်း"ဟူသည့် အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။ Oxford English Dictionary ၏ 'ကတိကဝတ်အဖြစ် အပ်နှံခြင်း သို့မဟုတ် လွှဲပြောင်း ပေးခြင်း' တွင် အကဲဖြတ်ဆက်ဆံဆောင်ရွက်ခြင်းဆိုသည် မှာ ပါဝင်ပတ်သက်ခြင်း၊ တစ်စုံတစ်ရာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်နေခြင်းဆိုသည့် အယူအဆကို ရည်ညွှန်းပါသည်။ 'တစ်ခုခု' (တင်တောင်း ငွေ၊ ကတိပြုမှု၊ ချည်နှောင် မှုလက်ဆောင်၊ အမွေဆက်ခံခြင်း၊ ဝန်ဆောင်မှု၊ ချေးငွေ၊ ရိုးရာဓလေ့ ဖလှယ်ခြင်း အားဖြင့်) ဤကတိကဝတ်ကို အမှတ်အသားပြုပြီး လူပုဂ္ဂိုလ်များအကြား တာဝန် ဝတ္တရား များကို အသွင်ပြောင်းပေးသည်။ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ ယာယီ အာဏာတည်ရှိမှုဖြစ်စေသည့် အမျိုးမျိုးသောကိစ္စရပ်များနှင့် ဖြစ်တည်မှုများတွင် အတိမ်အနက်၊ လျော့ရဲမှု/တင်းမာမှု၊ လှုပ်ရှားသက် ဝင်မှု စသည်တို့ကိုဖြစ်ပေါ်စေ သည့် ချိန်ညှိအကဲဖြတ်ဆက်ဆံဆောင်ရွက်မှုများရှိပြီး ၎င်းအားဖြင့် အာဏာဆက်ဆံ ရေးကို မည်သို့တည်ဆောက်ထားသည်ကို ပြသလိုခြင်းဖြစ်သည်။

ဥပမာအားဖြင့် - အစားအသောက်များကမ်းလှမ်းခြင်းသည် (ဧည့်သည် အား) ဧည့်ဝတ်ကျေပွန်မှုလုပ် ရပ်၊ (သူငယ်ချင်းများနှင့် ဆွေမျိုးနီးစပ်များနှင့်ဆိုလျှင်) မျှဝေခြင်း၊ (အလှူအခမ်းအနားများဖြစ်ပါက) ကုသိုလ်ပြုခြင်း၊ အပြန်အလှန်ကျေးဇူး ကြွေးချခြင်း၊ သို့မဟုတ် တစ်ချိန်တည်းတွင် ထိုအချက်များထဲမှ အများစုလည်း ဖြစ် နေနိုင်သည်။ လူများမည်သို့ပြုမူကြသည်ကို ပြောင်းလွယ်ပြင်လွယ်ရှိသော နည်း လမ်းဖြင့်ချဉ်းကပ်နိုင်မှုကြောင့် (ဥပမာ - ထောက်ပံ့မှု၊ မိတ်ဆွေဖြစ်မှု သို့မဟုတ် မိသားစုစည်းလုံး ညီညွတ်မှုကဲ့သို့သော)ဆက်ဆံရေးများကို ဖော်ပြရန်အသုံးပြု သော စကားလုံးများ၏တန်ဖိုးကို မပျက်စီးစေဘဲ မသေချာမရေရာမှု၊ အကဲဖြတ် ခြင်းနှင့် ဗျူဟာများအတွက် နေရာချန်ထားနိုင်သည်။ ဤကဲ့သို့သော ဆက်ဆံရေး မျိုးတွင် ပါဝင်ပတ်သက်ခြင်းသည် လူတစ်ဦးနှင့်တစ်ဦးကြားတွင် တာဝန် ဝတ္တရား များကိုဖန်တီးပေးပြီး ထိုဆက်ဆံရေး၏ အနှစ်သာရကို ၎င်းတို့အကြား လည်ပတ် နေသည့် အရာများ (အကူအညီ၊ ဝန်ဆောင်မှုများ၊ ငွေကြေး၊ အမွေအနှစ်၊ ကာကွယ် စောင့်ရှောက်မှု ...)ဖြင့် ပေါ်လွင်စေပြီး ထို အကူအညီ၊ ဝန်ဆောင်မှုများ၊ ငွေကြေး၊

အမွေအနှစ်၊ ကာကွယ်စောင့်ရှောက်မှုတို့၏ အရည်အသွေးပေါ်တွင်လည်း မူတည်သည်။ ဥပမာအားဖြင့် ထောက်ပံ့သူတစ်ဦး၏ 'လက်အောက်' တွင် မိမိကိုယ်ကို အောင်မြင်စွာထားရှိလိုက်နိုင်ခြင်းသည် (တစ်စုံတစ်ခုကို ပြန်လည်ရရှိမှု သေချာစေရန် တစ်စုံတစ်ခုကို ပေးအပ်ခြင်းဟူသည့်) မှီခိုမှုမှ ပါဝါအာဏာအဖြစ်သို့ ပြောင်းလဲခြင်းဖြစ်သည်။ ဤ သဘောအရ အကဲဖြတ်ဆက်ဆံဆောင်ရွက်မှုအယူအဆသည် လက်ဆောင်ပေးခြင်းအကြောင်း၊ လူတို့ ၏တန်ဖိုးနှင့် လည်ပတ်နေသည့်အရာများ အကြောင်း အငြင်းပွားမှုများနှင့် သက်ဆိုင်နေသည်။

ဆက်ဆံရေးတစ်ခုတွင် ရှိနေခြင်းပုံစံများအား တန်ဖိုးဖြတ်ခြင်းနှင့် စမ်းသပ်ခြင်းကို မကြာခဏဆိုသလို "ပေးခြင်း/ပေးကမ်းခြင်း/ပေးလှူခြင်း/ပူဇော်ပသခြင်း" စသည်တို့အားဖြင့် ပြုလုပ်လေ့ရှိသည်။ အလှူ ပေးခြင်း၊ အပြန်အလှန်ကူညီခြင်း၊ အမွေပေးခြင်း သို့မဟုတ် နတ်/ဝိညာဉ်များထံ ထုံးတမ်းစဉ်လာအရ ပူဇော်သက္ကာယပြုခြင်း (ကန်တော့ပွဲဆက်ခြင်း)- စသည်တို့အားလုံးသည် "ပေးကမ်းခြင်း"ဖြစ်ပြီး အကြောင်းအရာအလိုက် လူမှုအခြေအနေများ၏ အခြေခံကိစ္စရပ်များကို ခွဲခြမ်းစိတ်ဖြာနိုင်စေသည့် "ပေးကမ်းခြင်းများ" ဖြစ်သည်။ ပေးကမ်းခြင်းဆိုင်ရာ အယူအဆကို - တစ်ဦးထံမှ တစ်စုံတစ်ခု (အရာ ဝတ္ထု သို့မဟုတ် ဝန်ဆောင်မှု)အား နောက်တစ်ဦးထံသို့ပေးလိုက်ခြင်းဖြစ်သည်ဟူ၍ သိနားလည်ကြ သည်။ မတူညီသည့် လူမှုဖြစ်စဉ်အမျိုးမျိုးသည် "ပေးကမ်းခြင်း"ကို ဖြစ်ပေါ်စေနိုင်ပြီး "ပေးခြင်း" အတိုင်းအတာ မည်မျှသွားသည်ဟူ၍ ကောက်ချက်ချနိုင်ကြောင်း ကျွန်ုပ်အလေးအနက်ပြောကြားလို သည်။ ဥပမာ - ရှင်ပြုပွဲ တစ်ခုကိုကြည့်ပါ။ ရှင်ပြုပွဲတွင် "ပေးလှူခြင်း/လက်ဖွဲ့ခြင်းစသည့် ပေးကမ်း ခြင်းတစ်ခု" ဆီလျော်မှုရှိ/မရှိကို အတိတ်တွင် ပေးခဲ့သော သို့မဟုတ် အနာဂတ်တွင် ပြုနိုင်ခြေရှိသော ပေးကမ်းခြင်းနှင့် ယှဉ်ထိုး အကဲဖြတ်နိုင်သည်။ ထို့ကြောင့် ပေးခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် သက်ဆိုင်ရာ မဖြစ်မနေယူရသည့်တာဝန်ဝတ္တရားများနှင့် ယူသင့်သည့်တာဝန်များပေါ်တွင် မူတည်ပါ သည်။ ထို့အပြင် ၎င်းတို့အချို့(ဥပမာ- အပြန်အလှန်ကူညီမှု သို့မဟုတ် အစားအစာ လက်ဆောင်ပေး ခြင်း) နှင့် အချို့သောဖြစ်ရပ်များ (ဥပမာ- ဧည့်ဝတ်ပြုမှု သို့မဟုတ် အလှူပွဲ) သည် ပြုလွယ်ပြင်လွယ်ရှိ ပြီး ရန်လိုမှုနှင့်ချစ်ကြည်ရင်းနှီးမှု၏ ဝင်ရိုးစွန်း

နှစ်ခုအကြား လည်ပတ်တည်ရှိနေခြင်းကြောင့် အာဏာ ဆက်ဆံရေးများသည် ပိုမို မြင်သာသောနည်းလမ်းဖြင့် (သို့မဟုတ် ပိုမြင်သာမှုနည်းသော နည်းလမ်း ဖြင့်) ထွက်ပေါ်လာနိုင်သည်။ ဆိုလိုသည်မှာ လူတို့သည် "ပေးကမ်းခြင်း" ကိုအသုံးပြု၍ မြင်သာစွာ သို့မဟုတ် မမြင်သာစွာအောင် ဩဇာအာဏာကို တည်ဆောက်သွားနိုင်သည်။

ဤအကဲဖြတ်ဆက်ဆံဆောင်ရွက်မှုပုံစံအမျိုးမျိုးဟူသည့်ချဉ်းကပ်မှုသည် [Nash 1965] ၏ "လူကြီး များ"သည် (သက်ကြီးရွယ်အိုများကို သူက လူကြီးများဟု ဖော်ပြခဲ့သည်) "ဘုန်းဖြင့်ဦးဆောင်သူများ" နှင့်မတူဘဲ ဩဇာလွှမ်းမိုးမှုကင်းမဲ့သည်ဟူသည့် ရေးသားချက်အား လက်တွေ့ကျကျ ပြန်လည်အကဲ ဖြတ်ခြင်းအပေါ် အခြေခံထားသည်။ ရွာရေးရာများကို လူ့တန်ဖိုးအကဲဖြတ်သည့် ဆက်ဆံဆောင်ရွက်မှုနေရာတစ်ခုအဖြစ်ပြုလုပ်ခြင်းဖြင့် လူကြီးများသည် ရပ်ရွာအတွင်း စီမံအုပ်ချုပ်မှုစနစ်ကို တရားဝင် ဖြစ်စေကြောင်း ကျွန်ုပ်ပြသခဲ့ပါသည် (အခန်း ၆)။ လူတစ်ဦးချင်းစီ၏ လူဝင်ဆန့်မှုအရည်အသွေးသည် - မိသားစုနှင့် မျိုးဆက်များအကြားဆက်ဆံရေး၊ ထောက်ပံ့သူနှင့် အထောက်အပံ့ခံယူသူဆက်ဆံရေး၊ အပြန်အလှန်ကူညီမှု၊ ရပ်ကွက်နှင့် ဧည့်ဝတ်ကျေပွန်မှု စသော နယ်ပယ်အသီးသီးတွင် ပါဝင်ဖြစ်တည် နေမှုအမျိုးမျိုးကို စုစည်းချိတ်ဆက်နိုင်စွမ်းတွင် အမြစ်တွယ်နေပုံရသည်။ လူတစ်ဦးသည် ထိုသို့ မတူညီသည့် နယ်ပယ်အသီးသီးနှင့်ကွန်ရက်များအကြား ပဲ့ကိုင်ထိန်းကြောင်းမှုကို လေ့လာသုံးသပ် ခြင်းဖြင့် လက်တွေ့ဖြစ်ပေါ်မှုအမှန်တရားများ သိရှိလာရန်နှင့် ပြောင်းလဲလာရန် အကူအညီပေးသည်။ ဤချဉ်းကပ်မှုသည် မတူညီသည့်နယ်ပယ်အသီးသီးတွင် ယူသင့်သောတာဝန်များနှင့် မဖြစ်မနေယူရ မည့် တာဝန်ဝတ္တရားများအကြောင်းကို ပိုမိုဖမ်းဆုပ်မိလာစေသည်။ ယခင်ကဆိုခဲ့သည့်အတိုင်း ကျွန်ုပ် နှင့် ဆွေးနွေးခဲ့ကြသူများက "ကိုယ်ရေးကိုယ်တာကိစ္စ"၊"ရပ်ရေးရွာရေး"၊"လူမှုရေး"နှင့် "အစိုးရကိစ္စ" တို့အကြား မတူကွဲပြားမှုများကို ဖော်ပြခဲ့ကြသည်။



# အခန်း ၁။ ရွာအကြီးအကဲပေါ်ထွက်လာခြင်း (သူကြီး)

အခန်းတစ်သည် ကိုလိုနီခေတ်မတိုင်မီကာလ ဗဒုံ/အလုံဒေသရှိ ဖြစ်ပေါ်မှုများကို လေ့လာထားသည်။ ဂယ်လက်တစ်နိုင်ငံရေး(ဗဟိုနှင့်ဝေးလေအားကောင်းလေ)ပုံစံကိုလိုက်နာ၍ အာဏာအတွက် ယှဉ် ပြိုင်နေသော အစိတ်စိတ်အမွှာမွှာကွဲနေသည့် အချုပ်အခြာအာဏာပိုင်ဒေသများဖြစ်သည်။ မြင်းမီး လောင်နှင့်ဂေါ်ကြီးတို့သည် ယခင်နှင့်လက်ရှိကြိုးပမ်းနေဆဲ အာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံခြင်းဖြင့် မတည်မငြိမ်ဖြစ်နေသော ဗဟိုအဆင့်များကို ပတ်သက်ဖြေရှင်းခဲ့ရသည်။ ရွာနှစ်ရွာစလုံးကို "မငြိမ် မသက်" ကာလများအတွင်း တည်ထောင်ခဲ့ခြင်းဖြစ်ပြီး တော်ဝင်မင်းဆက် ကျဆုံးနေချိန်တွင် မတူညီ သော လုပ်ပိုင်ခွင့်ပါဝါများနှင့် အာဏာပိုင်များသည် ၎င်းတို့၏ ဒေသန္တရဒေသများကို ဗဟိုပြုခဲ့ကြသည့် ကာလ (၁၇၅၀ခုနှစ်များ) သို့မဟုတ် နေရာအနှံ့ဖြစ်ပေါ် ခဲ့သော အစာရေစာငတ်မွတ်ခေါင်းပါးမှုနှင့်ဆက်စပ်သောရွှေ့ပြောင်းမှုများအတွင်း ဘုရင်များက အလုပ်သမားနှင့်စစ်သားများကို ပိုမိုတောင်းဆို လာသည့်ကာလ (၁၈၁၀-၂၀ ခုနှစ်များ)တွင် ထိုကျေးရွာနှစ်ရွာကို တည်ထောင်ခဲ့ကြခြင်း ဖြစ်သည်။ ထိုသို့ဒေသတွင်း၌ အခြေချနေထိုင်မှုသည် ၎င်းတို့၏ ယခင်အတွေ့အကြုံများအပေါ်မူတည်၍ မျိုးရိုး အလိုက် သို့မဟုတ် တပ်ရင်းဆက်နွယ်မှုများအလိုက် နေထိုင်ကြခြင်းဖြစ်သည်။ ဒေသပြင်ပတွင်မူ ရွာသားများသည် မျိုးစုံပြောင်းလဲနေသော နိုင်ငံရေးအဆက်အစပ်များတွင် ပါဝင်ပတ်သက်ခဲ့ရသည်။ လူကုံထံခေါင်းဆောင်များသည် ၎င်းတို့၏အာဏာစက် တိုးမြှင့်ရန်အတွက် ရွှေ့ပြောင်းမှု၊ စစ်ပွဲနှင့် ဗဟိုရှိ ဘုရင်မင်းများ၏ ကျေးလက်ကိုအုပ်ချုပ်နိုင်သည့် စွမ်းရည်ပြောင်းလာမှုတို့ကို အသုံးပြုခဲ့ကြပြီး ၎င်းတို့ကို ရွာသူရွာသားများက ရင်ဆိုင်ခဲ့ရသည်။ ပြည်သူများ၏ ရည်တည်ချက်နှင့် နေထိုင်မှုများကို မကြာခဏ ညှိနှိုင်းဆွေးနွေးခဲ့ကြရပြီး ကျေးလက်ဒေသအပေါ် လူကုံထံခေါင်းဆောင်များ၏လွှမ်းမိုးမှု သည်လည်း အသွင်ပြောင်းသွားခဲ့သည်။ ကျေးလက်ဒေသအဆင့်တွင် ဤသို့ဆက်နွယ်မှုများပျံ့နှံ့နေမှု က လူကုံထံခေါင်းဆောင်များသည် တစ်ခုတည်းသော

အုပ်စု မဟုတ်ဘဲ အဆက်မပြတ်ပြောင်းလဲနေ သော ဖြစ်တည်မှုအခင်းအကျင်းမှတဆင့် ၎င်းတို့၏ရပ်တည်ချက်ကိုခိုင်မာစေရန်အတွက် မတူညီ သောအရင်းအမြစ်များကို (မျိုးရိုး၊ ထောက်ပံ့မှု၊ ငွေချေးပေးခြင်း၊ အခွန်ကောက်ခံခြင်းနှင့် မြေယာ ထိန်းချုပ်မှု) အသုံးပြု၍ အဆက်မပြတ်ဖန်တီးနေသော အာဏာပါဝါများ၏ စုဝေးမှုတစ်ခုဖြစ်ကြောင်း ပြသနေသည်။ ဤရှုထောင့်မှကြည့်လျှင် ကျေးလက်ဒေသ၏သမိုင်းသည် - အတင်းအကြပ်အားဖြင့် ဖြစ်စေ၊ မိသားစုဆက်ခံမှု၊ ဒေသဆိုင်ရာဓလေ့ထုံးတမ်းများနှင့် တစ်ဦးချင်းစွမ်းရည်များမှတဆင့် ရပိုင်ခွင့် တောင်းဆိုခြင်းဖြင့်ဖြစ်စေ၊ သို့မဟုတ် ငွေအား/လူအား ရင်းနှီး၍ဖြစ်စေ - ဩဇာအာဏာရရှိရန် ယှဉ်ပြိုင်မှုတစ်ခုဖြစ်သည်။ ၁၈၅၀ ခုနှစ်များမှစ၍ ပြိုကွဲနေသော ဤအချုပ်အခြာအာဏာကို ထိန်းချုပ် ရန် ဘုရင်များ၏ပြန်လည်ကြိုးပမ်းမှုများသည် ဒေသန္တရခေါင်းဆောင်မှုများ ပြန်လည်ညှိနှိုင်းခြင်းနှင့် စစ်ပွဲများဆီသို့ ဦးတည်စေခဲ့သည်။ ဤသည်မှာ အထက်မြန်မာပြည်ကိုကိုလိုနီပြုစဉ်က ဗြိတိသျှတို့ ကြုံတွေ့ခဲ့ရသောအခြေအနေဖြစ်ပြီး ၎င်းတို့သည် ရှုပ်ထွေးသော အကြောင်းပြချက်များကြောင့် ကျေးလက်ဒေသကိုထိန်းချုပ်ရန် ရွာအကြီးအကဲများကအုပ်ချုပ်သည့်စနစ်ကို ဖန်တီးခဲ့ကြသည်။ အစောပိုင်း ကိုလိုနီစနစ်၏ အကျိုးသက်ရောက်မှုတစ်ခုမှာ ဒေသန္တရစီမံအုပ်ချုပ်ရေးကို ကျေးရွာများ ပေါ်တွင်ဗဟိုပြုရန်ဖြစ်သည်။ ထို့အပြင် မြင်းမီးလောင်၏ ပထမဆုံးရွာသူကြီးက ၎င်း၏ ကိုယ်ပိုင်အုပ် ချုပ်မှုအာဏာကို ဖန်တီးရန် "ရွာအကြီးအကဲစနစ်"ကို အသုံးပြုသောအခါ မြင်းမီးလောင်နှင့် ဂေါကြီး တို့သည် နောက်ဆုံးတွင် တူညီသောစီရင်စုတစ်ခုအောက်တွင် ကျရောက်ခဲ့သည်။ တစ်နည်းအားဖြင့် ရာစုနှစ်တစ်ခုကျော်ကြာ ကာလများအတွင်း ခေါင်းဆောင်မှုအတွက်ယှဉ်ပြိုင်ရာ၌ လားရာများ/ ပါဝင် မှုများ/ စိတ်ဝင်စားမှုများ ပြောင်းလဲသွားသော်လည်း ယှဉ်ပြိုင်မှုမှာ ဆက်လက်ရှိနေခဲ့သည်။

ဗြိတိသျှကိုလိုနီစနစ်သည် ရွာစနစ်မှတဆင့် အစိုးရပုံစံအသစ်တစ်ခုကို တီထွင်ခဲ့သည်။ ရဲအရာရှိနှင့် အခွန်ကောက်ခံသူအဖြစ်ဆောင်ရွက်သော ရွာသူကြီးတစ်ဦး၏လက်အောက်တွင် ရွာသားများ၏ ပူးတွဲ တာဝန်ယူမှုအပေါ်အခြေခံ၍ ကျေးလက်ဒေသကို ကုန်ကျစရိတ်သက်သာသော ဗျူရိုကရေစီအုပ်ချုပ် ရေးပုံစံ

ဖြင့် အုပ်ချုပ်ခြင်းဖြစ်သည်။ သို့သော် ဤအုပ်ချုပ်မှုဆိုင်ရာအပြောင်းအလဲသည် ရွာသူရွာသား များ၏ လက်တွေ့ဘဝအတွေ့အကြုံနှင့် ကိုက်ညီမှုမရှိလှပါ။ ၎င်းသည် ရှုပ်ထွေးလှပြီး ဆက်လက် ကျင့်သုံးလိုက်နာခြင်းဖြင့် မြင်သာသည့်ပြောင်းလဲမှုများဖြစ်ပေါ်ရန်ထက် အနာဂတ်ကာလတွင် တိုး တက်ရန်လမ်းညွှန်ပေးခြင်းဖြစ်သည်။ လူကုံထံအထက်တန်းလွှာတို့၏ ကိုယ်ကျင့်တရားနှင့်အုပ်ချုပ် ရေးဆိုင်ရာ ထိန်းချုပ်မှုအပေါ်အခြေခံသည့် ထောက်ပံ့သူ-အထောက်ပံ့ခံယူသူဆက်ဆံရေးကို ကိုလိုနီ စနစ်ကတိုက်စားခဲ့သည်ဖြစ်စေ/မတိုက်စားခဲ့သည်ဖြစ်စေ ကျေးရွာစနစ်ပေါ်ပေါက်လာခြင်းသည် ခေါင်းဆောင်မှုအတွက် ယှဉ်ပြိုင်မှု၏ နောက်ထပ်ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ဤအခန်းက ပြသခဲ့ သည်။ 'ဆူပူအုံကြွမှုများအားနှိမ်နင်းသည့်လှုပ်ရှားမှု' ကာလအတွင်း ကိုလိုနီအရာရှိများသည် ရုံးများ အကြား ကျယ်ပြန့်သော ကွဲပြားမှုများကိုကြုံတွေ့ခဲ့ရပြီး ဖြစ်နိုင်သည့်အခါတိုင်း ဗျူရိုကရေစီစနစ်ကို စနစ်တကျဖွဲ့စည်းရာတွင်အထောက်အကူဖြစ်စေမည့် ဒေသဆိုင်ရာဓလေ့ထုံးစံများအပေါ်အခြေခံ သည့်နည်းလမ်းများကိုအစီရင်ခံရန် ညွှန်ကြားခံခဲ့ရသည်။ သို့သော် ထိုအချိန်က လူကုံထံအထက်တန်း လွှာများသည် ဘုံရည်မှန်းချက်ဖြင့်စုစည်းထားသောခေါင်းဆောင်မှုအတွက်ပြိုင်ဘက်အဖြစ် အမြင်ခံ ရနိုင်သောအခြေအနေမရှိဘဲ - စစ်ပြုခြင်း၊ငွေအား/လူအားရင်းနှီး၍ ရုံးအုပ်ချုပ်မှုအာဏာတည်ဆောက် ခြင်း၊ မျိုးရိုးအရ အာဏာတည်ဆောက်ခြင်းတို့ကသာ အဓိကအာဏာအခင်းအကျင်းဖြစ်နေခဲ့ သည်။

ထို့နောက် ရာထူးတာဝန်ရှိသူအများအပြားကို သူကြီးခေါင်းစဉ်အောက်တွင် ပေါင်းစည်းခဲ့သည်။ သို့ သော် ဤတဖြည်းဖြည်းအဓိပ္ပာယ်ပြောင်းလဲမှုသည် မြန်မာအယူအဆနှင့် အပြည့်အဝကိုက်ညီမှု မရှိခဲ့ ပါ။ ဤအပြောင်းအလဲသည် ထိရောက်သောအုပ်ချုပ်ရေးဖြစ်ရန်အတွက် ပုဂ္ဂိုလ်ရေးလွှမ်းမိုးမှု/ ဘက်လိုက်မှုရှိသော ရာထူး/အလုပ်များကို ဖယ်ရှားရန်ဆန္ဒကို ထင်ဟပ်နေသည် (သို့သော် ထိုစနစ် အလုပ်ဖြစ်ရန် တပြိုင်တည်းတွင် ပုဂ္ဂိုလ်ရေးအရဆက်နွယ်မှုနှင့် ခိုင်မာစွာရပ်တည်ချက်လည်း လိုအပ် သည်)။ သူကြီးဆိုသည်မှာ ယေဘုယျအားဖြင့် လူကုံထံအထက်တန်းလွှာများမှလာသော မျိုးရိုး စဉ်ဆက်အလိုက် ခေါင်းဆောင်တစ်ဦးကို ရည်ညွှန်းပြီး ဗြိတိသျှ

ကိုလိုနီအတွေးအခေါ်တွင် အကြီးအကဲ ဟူသောအယူအဆနှင့် နီးစပ်သည်။ သူကြီး သည် ခန့်အပ်ခံရသူဖြစ်ပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်အရ လူ အုပ်စုတစ်စု၏ခေါင်းဆောင် လည်းဖြစ်ကာ အစိုးရကိုကိုယ်စားပြု၍အုပ်ချုပ်သူဖြစ်သည်။ မှန်ပါသည်။ ထိုစဉ်က အုပ်ချုပ်မှုဆိုင်ရာရာထူးများ ရှင်းရှင်းလင်းလင်း ကွဲပြားမှုမရှိခဲ့ပါ။ ကိုလိုနီခေတ်မ တိုင်မီ ကာလနှောင်းပိုင်းတွင်လည်း ရာထူးများတစ်ခုနှင့်တစ်ခု ရောထွေးသွားနိုင်ပုံကို ပြသခဲ့ပါသည်။ ဒေသ တွင်း၌ ခိုင်မာသည့်အမြစ်တွယ်တည်ရှိမှုကြောင့် သူကြီးများ အား သိမ်းသွင်း၍အုပ်ချုပ်ရန် Sladen (စလေဒင်)ကဲ့သို့သော ကိုလိုနီအရာရှိအချို့က တွန်းအားပေးခဲ့ကြသည်။ သဘောတရားအရ ဆိုရ ပါလျှင် ကိုလိုနီဝါဒက စိတ်ကူး ထားသည့်အစိုးရစနစ်အတွက် သိနားလည်နိုင်သော အုပ်ချုပ်သူလူတန်း စားတစ်ခု ရှိစေရန် ရွာအကြီးအကဲစနစ်ကို ဖန်တီးခဲ့ခြင်းဖြစ်သည်။ သို့သော် လက်တွေ့တွင်မူ ထို အကြီးအကဲစနစ်သည် ကျေးလက်ဒေသများတင် အာဏာအတွက် ဆက်လက် ယှဉ်ပြိုင်မှုထဲသို့ ပျံ့နှံ့ သွားခဲ့သည်။ မြင်းမီးလောင်နှင့်ဂေါကြီးတို့ကို ကျေးရွာအုပ်စု အတွင်း ပေါင်းစည်းလိုက်ခြင်းသည် ဤ ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာခဲ့သည်။

ဤအခန်းတွင် အထက်မြန်မာပြည်၏ အစောပိုင်းကိုလိုနီခေတ်ကို ယခင် ကိုလိုနီပုံစံများနှင့် ဆက်စပ်၍ ချဉ်းကပ်ရန် အထောက်အထားတစ်ခု ပေးထားသည်။ ဥပမာအားဖြင့် အစီရင်ခံစာများ စုဆောင်းခြင်း ဖြင့် ရိုးရာဓလေ့များကို ရှာဖွေခြင်း သည် ဘင်္ဂလားနှင့် အောက်မြန်မာပြည်မှ အတွေ့အကြုံများကို အထက်မြန်မာ ပြည်၏အခြေအနေနှင့် ချိတ်ဆက်ပေးသည့် ပိုမိုကျယ်ပြန့်သော လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး၊ မကြာမီဖြစ်ပေါ်လာတော့မည့် အစီအစဉ်မှာ ကျေးလက် ဒေသကို ‘ငြိမ်ဝပ် ပိပြားအောင်’ လုပ်ဆောင်ရန်ဖြစ်သည်။ ကိုလိုနီခေတ်ကျေးရွာ စနစ်သည် ဒေသန္တရနိုင်ငံရေးကို ကျေးရွာအဆင့်တွင် ဗဟိုပြုသည့်အဓိပ္ပာယ်ဖြင့် အကောင်အထည်ဖော်ခဲ့သည်။ ၎င်းသည် ကျေးရွာ အုပ်စုများ၏ပူးတွဲတာဝန်ယူမှု ကို တစ်ခုတည်းသော အကြီးအကဲအောက်တွင်ထားရှိခြင်းဖြင့် ရွာများ ကို အုပ်ချုပ် ရေးစနစ်တွင် ပါဝင်လာစေခဲ့သည်။ ထိုအဓိပ္ပာယ်အရ ကိုလိုနီခေတ် ကျေးရွာ စနစ်တွင် ရွာအကြီးအကဲဖြင့်အုပ်ချုပ်မှုသည် အင်စတီကျူးရှင်းတစ်ခု ဖြစ်လာခဲ့ သည်။ ဒေသခံလူ့အဖွဲ့အစည်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ စည်းရုံး

လိုသော ဆန္ဒအပေါ်မူတည်၍ အစိုးရအဆက်ဆက် သည် ဆိုရှယ်လစ်မူဝါဒများကို အကောင်အထည်ဖော်ရန် သို့မဟုတ် တိုက်ရိုက်စစ်အုပ်ချုပ်ရေး အောက်တွင် အဓမ္မ လုပ်အားပေးခိုင်းစေမှုများပြုလုပ်ရန် ကျေးရွာစနစ်ကို အသုံးပြုခဲ့သည် (အခန်း ၃)။ ၎င်းသည် လူတို့၏ လှုပ်ရှားမှုများကို ထိန်းချုပ်ရန်နှင့် အဓိကအားဖြင့် မြေခွန်များမှ တစ်ဆင့် ချမ်းသာကြွယ်ဝမှုကိုရရှိရန် ကုန်ကျစရိတ်သက်သာသော စနစ်တစ်ခုကို ဖန်တီးခဲ့သည်။



# အခန်း ၂။ ဘုန်းဖြင့်ဦးဆောင်ခဲ့သည့်နောက်ဆုံး အမျိုးသားများ

ဤအခန်းတွင် ၁၈၉၀ ခုနှစ်များမှ ၁၉၅၀ ခုနှစ်များအစောပိုင်းအထိ ဒေသခံ အုပ်ချုပ်ရေး၏ သမိုင်း ကြောင်းကို လေ့လာထားသည်။ မြင်းမီးလောင်အုပ်စု ကို ၎င်း၏ ပထမဆုံးရွာသူကြီးများနှင့်အတူ ဖွဲ့စည်းခြင်း၊ ဘုန်းဖြင့်ဦးဆောင်ခဲ့သူ နောက်ဆုံးလူများ၏ ကိုယ်ကျင့်တရားပြောင်းလဲမှု၊ အစိုးရ အာဏာကိုကိုယ်စားပြုပုံ ဖော်ခြင်းနှင့် ဒေသခံအုပ်ချုပ်ရေးအခင်းအကျင်း၏ တဖြည်းဖြည်းပြောင်းလဲမှု တို့ကို စဉ်ဆက်မပြတ် အလေးထားဖော်ပြထားသည်။ ဗြိတိသျှတို့သည် ကျေးလက်ဒေသ များကို 'ငြိမ်ဝပ်'စေပြီး အခြေချနေထိုင်မှုအစီအမံများမှတဆင့် တိုက်ရိုက်အုပ်ချုပ် မှုအပေါ် အခြေခံသည့် အစိုးရစနစ်အသစ်ကို ဒီဇိုင်းရေးဆွဲပြီး ရွာအတော်များများ ကို သူကြီးတစ်ဦးတည်းအောက်တွင် မည်သို့ စုစည်းခဲ့သည်ကို ၎င်းက မီးမောင်းထိုး ပြသည်။ ကိုလိုနီခေတ်အစောပိုင်းကာလသည် နိုင်ငံရေးအရ အပြောင်းအလဲရှိမှု၊ အစိတ်စိတ်အမွှာမွှာကွဲကွာမှုနှင့် ယှဉ်ပြိုင်မှုတို့ ရောပြွန်းနေသည့်နေရာတွင် ဖြစ်ပေါ် သော နောက်ထပ် ဖြစ်ရပ်တစ်ခုမျှသာ ဖြစ်သည်။ ၎င်းသည် ရွာများကိုဗဟိုပြုသည့် အာဏာ အခင်းအကျင်းတစ်ခုကိုလည်းဖန်တီးခဲ့ပြီး မြေယာနှင့်ချမ်းသာကြွယ်ဝမှုကို ထိန်းကြောင်းပေးသည့် ဓလေ့ရိုးရာအရ တာဝန်ဝတ္တရားများကို ဝေဖန်ရန်/စိန်ခေါ် ရန် နည်းလမ်းများ ပံ့ပိုးပေးခဲ့သည်။ ရွာ အကြီးအကဲဖြင့်အုပ်ချုပ်သည့်အင်စတီကျူး ရှင်းအပြင် အကြီးအကဲရာထူး/တာဝန်သည် ဒေသတွင်း အနေအထားပေါ်မူတည်၍ အဆက်ဆက်သောခေါင်းဆောင်များ၏ မတူညီသည့်ပုံစံများဖြင့် အုပ်ချုပ် မှုတစ်ရပ် လည်း ဖြစ်လာခဲ့သည်။ ရွာသားများသည် ဗုဒ္ဓဘာသာအပေါ် မိမိတို့၏ အခန်းကဏ္ဍ ကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ကိုလိုနီအုပ်ချုပ်ရေးကိုဆန့်ကျင်ခြင်းတို့ ကို ပြုလုပ်လာသောအခါ ၎င်းတို့အနက် အချို့သည် ကိုယ်ကျင့်တရား/အပြုအမူ ကောင်းမွန်စေခြင်းနှင့် ကျေးရွာရေးရာများတွင် ပါဝင်ဆောင်ရွက်မှု၏ စံပြပုဂ္ဂိုလ် များ ဖြစ်လာခဲ့ကြသည်။ နောက်ဆုံးတွင် ဤအခန်း ၂ သည် ထို ကာလတစ်ခုလုံးကို - တောင်သူမိသားစုများမှ ဆင်းသက်လာသူများ၏ အာဏာဆိုင်ရာတောင်းဆိုမှု များ

ကိုလမ်းကြောင်းဖွင့်ပေးခဲ့သည့် အခိုက်အတန့်အဖြစ်ရှုမြင်ရန် အထောက်အထား တစ်ခုအနေဖြင့် လည်းတင်ပြထားသည်။ "လယ်ယာမြေပိုင်ဆိုင်သူတောင်သူများ"က ဒေသန္တရအထက်အောက် ဆက် ဆံရေးများကို အသွင်ပြောင်း၍ဦးဆောင်ခဲ့ပြီး ၎င်းတို့သည် ကိုလိုနီစနစ်၊ နိုင်ငံတော်နှင့် လက်နက်ကိုင် လှုပ်ရှားမှုများကိုအခွင့်အလမ်း အဖြစ်အသုံးပြုကာ ရှိနှင့်ပြီးသားဆက်နွယ်မှုများကိုစိန်ခေါ် ပြီး မြင်းမီး လောင် ကျေးရွာအုပ်စုကို ခေါင်းဆောင်မှုပြုခဲ့သည်။

သို့သော် မြင်းမီးလောင်သည် ဒေသန္တရအုပ်ချုပ်ရေးတစ်ခုအမည် မည်သို့ ဖြစ်လာခဲ့သနည်း။ လက်ရှိ တွင် ရွာများအား ကျေးရွာအုပ်စု ၃ စု၊ သက်ဆိုင်ရာ အုပ်စုအုပ်ချုပ်ရေးမှူးများဖြင့် ခွဲခြားသတ်မှတ် ထားပြီး ရွာနှင့် မြေခွန်စနစ်များ အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်သည်။ ပြန်လည်သုံးသပ် လေ့လာရန် အတွက် လက်တွေ့ကျသည့် မေးခွန်းမှာ - ၁၈ ရာစုအလယ်ပိုင်းတွင် တည်ထောင်ခဲ့သည့် မြင်းမီးလောင်နယ်၏ အလယ်ဗဟိုတွင် အဘယ့်ကြောင့် ကျေးရွာအုပ်စု ၃ စုအဖြစ် ပိုင်းခြားခဲ့သနည်း။ ဂေါ်ကြီးရွာသည် အဘယ်ကြောင့် မြင်းမီးလောင် ကျေးရွာအုပ်စုတွင် ပါဝင်လာခဲ့သနည်း။ ပထမဆုံး သော သူကြီးများသည် မည်သူနည်း။ ရွာအကြီးအကဲဖြင့်အုပ်ချုပ်မှုအလွန်တွင် ဒေသန္တရအာဏာနှင့် အထက်အောက်အဆင့်ဆင့် ဆက်ဆံရေးများ မည်သို့ ဆင့်ကဲဖြစ်ပေါ်လာခဲ့ကြ သနည်း။ ပထမအပိုင်း တွင် ကိုလိုနီခေတ်ဆန့်ကျင်ရေးအပြင် နှုတ်ဖြင့်မှတ်သား ထားသော မှတ်သားဖွယ်ရာများ၊ ကိုလိုနီ မှတ်တမ်းများနှင့် မြေယာမြေပုံများ စသည့် အချက် ၃ ချက်အပေါ် အခြေခံ၍ ကျေးရွာအုပ်စုနှင့် အကြီး အကဲထားရှိကာ ပုံဖော် လုပ်ဆောင်ခြင်းတို့ကိုလည်း လေ့လာထားသည်။ ကျေးရွာအကြီးအကဲရာထူး သည် ဒေသန္တရအာဏာချိန်ခွင်အရသာမက ကိုလိုနီစနစ်၏ဖန်တီးမှုတစ်ခုဖြစ်ခဲ့ပြီး မြင်းမီးလောင် အုပ်စုသည် ဒေသန္တရအာဏာအခင်းအကျင်း၏ဗဟိုချက်ဖြစ်လာခဲ့ကာ မြေခွန်သည် ချမ်းသာကြွယ်ဝမှု အတွက် အဓိကနည်းလမ်းတစ်ခုဖြစ်ခဲ့ကြောင်း ပြသ ထားသည်။ ခေါင်းဆောင်အဆက်ဆက်သည် ဒေသန္တရအုပ်ချုပ်ရေးအင်စတီကျူး ရှင်းအပြင် ဒေသတွင်းအခြေအနေများကိုထင်ဟပ်စေသည့် မတူ ညီသော အခန်း ကဏ္ဍများကိုလည်း ပုံဖော်ဆောင်ရွက်ခဲ့ကြကြောင်း ပြသထားသည်။

ဒုတိယအပိုင်းတွင် ခေါင်းဆောင်နှစ်ဦး၏ တန်ဖိုးကိုလေ့လာထားပြီး ၎င်းတို့အကြောင်း နှုတ်ဖြင့် မှတ်သားထားမှုများကို ကိုလိုနီအုပ်ချုပ်ရေးအစောပိုင်းဆယ်စုနှစ်များ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုသမိုင်းများဖြင့် ချိတ်ဆက်ခြင်းဖြင့် စူးစမ်းလေ့လာထားသည်။ ရွာသားများသည် ဗုဒ္ဓ ဘာသာဝင်များအဖြစ် မိမိတို့၏ အခန်းကဏ္ဍကိုပြန်လည်သုံးသပ်ပြီး ကိုလိုနီအုပ်ချုပ်ရေးကို ဆန့်ကျင် လာကြသည့်အချိန်တွင် ထိုခေါင်းဆောင်နှစ်ဦး၏ အပြုအမူများသည် ကိုယ်ကျင့်တရားနှင့် ကိုက်ညီနေ ပြီး၊ ပြည်သူ့ရေးရာများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် စံပြပုဂ္ဂိုလ်များဖြစ်လာပုံကို ၎င်းက သရုပ် ဖော်ထားသည်။ ဤရှုထောင့်သည် ခေါင်းဆောင်များ၏တန်ဖိုးကိုအကဲဖြတ်ရာတွင် အတိတ်နှင့် ပစ္စုပ္ပန်အခြေအနေများသည် မည်မျှအရေးပါကြောင်းပြသခြင်းဖြင့် နက်ရှ် [Nash]၏ ပါဝါနှင့် အခွင့် အာဏာဆိုင်ရာ အယူအဆများဖြစ်သည့် ဘုန်း၊ ဂုဏ်နှင့် သြဇာတို့ကို ပြန်လည်စဉ်းစားမိစေပါသည်။ ၎င်းသည် ဥပမာ - [Aung Thwin 1985] သို့မဟုတ် [Furnivall 1948] တို့ ဖော်ပြခဲ့သည့် လူမှုစည်းလုံး မှုပြိုကွဲခြင်း၏ အခိုက်အတန့်အဖြစ်သာမက နိုင်ငံရေးအာဏာကို လမ်းကြောင်းအသစ်များတလျှောက် ပြန်လည်ဖွဲ့စည်းခြင်း၏ အဆင့်တစ်ခုအဖြစ်လည်း စဉ်းစားမိစေပါသည်။

တတိယအပိုင်းတွင် (လယ်ပိုင်ရှင်)တောင်သူမိသားစုကြီးများသည် ဒေသခံအထက်တန်းလွှာသစ်များ တဖြည်းဖြည်းဖြစ်လာပုံကို တင်ပြထားသည်။ ကိုလိုနီခေတ်ယန္တရားများဖြစ်သည့် - ရွာ၊ အခွန်စနစ်များ နှင့်တရားရုံးများသည် ကျေးရွာအုပ်စုအတွင်းရှိ 'ဒေသတွင်း' ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် တပြိုင်နက် တည်းသက်ဆိုင်နေသည်။ ထို့အပြင် ထို ကိုလိုနီခေတ်ယန္တရားများသည် - မိသားစု ဆက်ဆံရေးနှင့် ငှားရမ်းခြင်းသဘောတူညီချက်များအရ ချမ်းသာကြွယ်ဝမှုနှင့်မြေယာများကို ရရှိနိုင်အောင်ပေးအပ် ထားသည့် လူမှုတာဝန်ဝတ္တရားများကို - ဝေဖန်စိန်ခေါ် နိုင်ပုံကို ဇောင်းပေးဖော်ပြထားသည်။ ကိုလိုနီ ခေတ်မတိုင်မီ လူကုံထံများ၏ အကြွင်းအကျန်များသည် ဒေသန္တရအာဏာနယ်ပယ်မှ လုံးဝဖယ်ရှားခံရ ခြင်းမဟုတ်သော်လည်း တောင်သူကြီးများ၏ မိသားစုများသည် ဒေသန္တရခေါင်းဆောင်မှု၌ ကြီးစိုးလာ ပြီး ၎င်းတို့သည် နိုင်ငံတော်နှင့် လက်နက်ကိုင်အဖွဲ့များ၏ မြေယာပြုပြင်ပြောင်းလဲ

ရေးစီမံကိန်းများကို လျှော့ချလာနိုင်ခြင်း၊ ‘လယ်ပိုင်ရှင်- တောင်သူ” နှင့် ‘နေ့စား အလုပ်သမား - မြောက်သူ’ တို့အကြား အထက်အောက်ဆက်ဆံရေးအဆင့်ဆင့်ကို စုစည်းတည်ဆောက်လာနိုင်ခြင်းတို့ကြောင့် ကိုလိုနီခေတ် မတိုင်ခင် လူကုံထံဖြစ်ခဲ့သူတို့၏ ဩဇာလွှမ်းမိုးမှု လျော့ကျသွားခဲ့သည်။



# အခန်း ၃။ ရပ်ရေးရွာရေးများထွန်းကားလာခြင်း

ဤအခန်းတွင် ဆိုရှယ်လစ်ခေတ်အစောပိုင်းနှစ်များမှ ၂၀၁၀ ခုနှစ်များ အစောပိုင်း ဒီမိုကရေစီပွင့်လင်း လာချိန်အထိ ကျေးလက်ဒေသန္တရအုပ်ချုပ်ရေး၏ အသွင်ကူးပြောင်းမှုများကို စူးစမ်းလေ့လာထားပြီး ကျေးရွာရေးရာများသည် ဂေါ ကြီးရွာသြဇာတည်ဆောက်မှုအခင်းအကျင်း၌ အဓိကပုံစံဖြစ်လာပုံကို ရှာဖွေလေ့လာ ထားသည်။ ပထမအပိုင်းတွင် ဆိုရှယ်လစ်ခေတ် (၁၉၆၂-၈၈) နှင့် စစ်တပ်အုပ်ချုပ်မှု ခေတ်(၁၉၈၉-၂၀၁၁) ကာလများကိုလွှမ်းခြုံထားသည့် အထွေထွေသမိုင်းနောက်ခံကို စာဖတ်သူအား မိတ်ဆက်ပေးထားသည်။ ဦးနေဝင်း၏ အာဏာရှင်စနစ်အောက်တွင် 'ဗမာ့ဆိုရှယ်လစ်လမ်းစဉ်' အကောင်အထည်ဖော်မှုနှင့် ကျရှုံးမှု၊ ထို့နောက် ၁၉၈၈ ခုနှစ် အရေးအခင်း၊ ထို့နောက် စစ်တပ်လွှမ်းမိုး သည့် နဝတ/နအဖ အစိုးရကာလ နှင့် ၂၀၁၁ ခုနှစ် ဦးသိန်းစိန်၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ[USDP] အစိုးရလက်ထက်တွင် တစ်စိတ်တစ်ပိုင်းဒီမိုကရေစီပွင့်လင်းလာသည်အထိ ခေတ် အဆက်ဆက်ဖော်ပြထားသည်။ လူထုထံမရိုက်သွင်းခဲ့သော ဆိုရှယ်လစ်လမ်းစဉ် အောင်မြင်ရေး အတွေးအခေါ်အယူအဆများသည် လယ်သမားများအပေါ်ထိန်းချုပ် မှုကို မည်သို့အားကောင်းစေပြီး မယုံကြည်ရသည့်ခေတ်တွင် မည်သို့အဆုံးသတ်ခဲ့ ကြောင်း ဖော်ပြထားသည်။ စိုက်ပျိုးရေးမူဝါဒများ မအောင်မြင်ခြင်းနှင့် အစိုးရ၏ အာဏာရှင်စနစ်ကြောင့် လူနေမှုအဆင့်အတန်းများ ပိုမိုဆိုးရွားလာပြီး ၁၉၈၈ ခုနှစ် အရေးအခင်းသို့ ဦးတည်သွားစေခဲ့သည်။ သို့သော် မြင်းမီးလောင်ဒေသ၏ နိုင်ငံတော် နှင့် စိတ်ဝမ်းကွဲပြားမှုသည် အချိန်ကာလအားဖြင့် မြို့ပြဒေသများနှင့်မတူဘဲ ကွဲပြား မှုရှိသည်။ အဂတိ လိုက်စားမှု၊ ပူးပေါင်းကြံစည်မှု၊ အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် အကြမ်းဖက်မှုများသည် စစ်တပ်နှင့် အရာရှိအများအပြားက ကျေးလက်ဒေသကို စီမံခန့်ခွဲကြပုံ ဖြစ်လာသောအခါ မြင်းမီးလောင်နှင့် နိုင်ငံ တော်ကြား ကွဲပြားမှုသည် ကိုယ်ကျင့်တရားဆိုင်ရာ ကွဲပြားမှုရှုထောင့်တစ်ခု ပို၍ဖြစ်လာခဲ့သည်။

နောက်အပိုင်းနှစ်ပိုင်းတွင် နိုင်ငံတော်ဗဟိုပြုဇာတ်ကြောင်းအပေါ် ဇောင်းမ ပေးတော့ဘဲ ဤကာလကို ရွာသားများ မည်သို့ကြုံတွေ့ခဲ့ရပုံနှင့် ကျေးလက်ဒေသန္တရ

နိုင်ငံရေး၏ အသွင်ပြောင်းလဲမှုများကို အလေးပေးဖော်ပြထားသည်။ ၎င်းတွင် မြင်းမီးလောင်အုပ်စုသည် ဆိုရှယ်လစ်ခေတ် (၁၉၆၂-၁၉၈၈) အတွင်း ပြင်ပ(နိုင်ငံတော်)ကိုမဟုတ်ဘဲ အတွင်း(ကျေးလက်ဒေသန္တရ)ကိုသာ အာရုံစိုက်သည့် အုပ်ချုပ်ရေးစနစ်တစ်ခု ဖြစ်လာခဲ့သည်ဟု ဦးစွာငြင်းခုန်ထားသည်။ ဆိုရှယ်လစ်နိုင်ငံတော်မှ အာဏာ အပ်နှင်းထားသော ဒေသန္တရအဖွဲ့အစည်းများကို ရွာရှိအဓိကမိသားစုများက ထိန်းချုပ်နိုင်သောကြောင့် ရွာများတွင် တောင်သူကြီးများနှင့် မှီခိုသူများအကြား လူတန်းစားခွဲခြားမှုကို ပိုမိုအားကောင်းသွားစေခဲ့သည်။ နောက်ဆုံးအပိုင်းတွင် နဝတ/နအဖ ခေတ်တို့ကို ရွာသားများဖြတ်သန်းခဲ့ကြပုံကို စူးစမ်း လေ့လာထားသည်။ ဂေါ်ကြီးတွင် ကျေးရွာရေးရာများသည် ဩဇာအာဏာတည်ဆောက်မှု အဓိက ပုံစံ အဖြစ် ပေါ်ပေါက်လာခြင်းနှင့်အတူ ကျင့်ဝတ်ပိုင်းအရ ယခင်နှင့်မတူတော့သည့်အခြေအနေများကို ရင်ဆိုင်ဖြတ်သန်းကြပုံကို ထင်ဟပ်စေရန်အတွက် ရွာသူကြီးနှစ်ဦးဖြစ်သည့် (နာမည်ဆိုးဖြင့်ကျော် ကြားသော) ဦးဝင်းနှင့် (ယုံကြည်ထိုက်သူဟူ ကျော်ကြားသော) ဦးဌေးတို့ကို အနီးကပ်အာရုံစိုက်၍ အပိုင်းနှစ်ပိုင်း ခွဲ၍ ဖော်ပြထားသည်။ ဦးဝင်းနေရာကို နောက်ပိုင်းတွင် ဦးဌေးက ဆက်ခံခဲ့ခြင်းဖြစ်ပြီး ထိုရွာသူကြီး နှစ်ဦးနှင့် ကျွန်ုပ်တွေ့ဆုံခဲ့မှုများကို ပြန်ပြောင်းသုံးသပ်ကြည့်လျှင် ဦးဝင်းမှ ဦးဌေးသို့ အရွေ့ဖြစ်လာခြင်းသည် ကျေးလက်ဒေသန္တရအတွင်း အာဏာအခင်းအကျင်းနှင့် အခြားလူမှုစီးပွားဖြစ် တည်မှုများ၌ ပိုမိုကျယ်ပြန့်သော ကွဲအက်မှုတစ်ခုဖြစ်သည်ကို သဘောပေါက်လာခဲ့သည်။ ၎င်းသည် မယုံကြည်မှုနှင့် အဂတိလိုက်စားမှုနာမည်ဆိုးဖြင့် ထင်ရှားခဲ့သော "ဦးဝင်း"မှသည် ထိုက်တန်သူ၊ ယုံကြည်စိတ်ချရသူ၊ ကျင့်ဝတ်သိက္ခာကောင်းသူ "ဦးဌေး"ထံသို့ အပြောင်းအလဲဖြစ်သည်။ ဤ ပြောင်း လဲမှုကို ကြည့်ခြင်းဖြင့် ခေါင်းဆောင်မှုဆိုင်ရာအယူအဆတွင် "ဘုန်း" ဖြင့်ဦးဆောင်မှုမှ "လူ့တန်ဖိုး" ဖြင့်ဦးဆောင်မှုသို့ မည်သို့ပြောင်းလဲသွားသည်ကို ထင်ဟပ်စေသည်။ ဤပြောင်းလဲမှုသည် နိုင်ငံ တော်၏ အကြမ်းဖက်မှု၊ အဂတိလိုက်စားမှုသမိုင်းနောက်ခံနှင့် နီးကပ်စွာဆက်စပ်နေပြီး ဦးဌေးသည် ၎င်းနှင့်နိုင်ငံတော်အကြား တဖြည်းဖြည်းကင်းကွာသွားခြင်းကို ဂေါ်ကြီးရွာရေးရာများအပေါ် အရေး စိုက်မှုဖြင့် ချိန်ညှိခဲ့သည်။ ရွာသူရွာသားများသည် ရပ်ရေးရွာရေးများတွင် ယခင်ကထက်ပိုမို စိတ်ဝင် တစား

ပါဝင်လာကြပြီး နိုင်ငံတော်ကိုမှီခို၍မရနိုင်မှုကြောင့် ယခင်နှင့်မတူသည့် ရည်မှန်းချက်အသစ် များ၊ ပုံစံအသစ်များအကြောင်းဆွေးနွေးကြပြီး ရိုးရာဓလေ့အရစီမံအုပ်ချုပ်မှုအပေါ် ပိုအလေးပေးလာ ကြသည်။ သို့သော် ဤသို့ စုပေါင်းဆောင်ရွက်မှုများသည် ၂၁ ရာစုအစောပိုင်းတွင် ကျေးလက်ဒေသ တွင်းအားနည်းမှုအခြေအနေများနှင့် ပြင်ပချုပ်ကိုင်မှုများကြုံတွေ့ရနိုင်မှုတို့ကြောင့် ပြိုလွယ်ပျက် လွယ်ဖြစ်ခဲ့သည်။ ကျေးလက်ဒေသန္တရဆိုင်ရာကိစ္စရပ်များ၌ နိုင်ငံတော်၏ပါဝင်ပတ်သက်မှု ပြတ် တောက်သွားခြင်းကိုတုံ့ပြန်သည့်အနေဖြင့် ဂေါကြီးရွာတွင် ကိုယ့်အားကိုယ်ကိုးရေးအယူဝါဒတစ်ခု ပေါ်ပေါက်လာခဲ့ပြီး “လူကြီး”တစ်စုသည် ၂၀၀၀ ခုနှစ်များအတွင်း ဂေါကြီး၏ ကျေးရွာရေးရာများတွင် ပါဝင်ဆောင်ရွက်မှုကို သြဇာနယ်ပယ်တစ်ခုအဖြစ် စတင်လုပ်ဆောင်ခဲ့ပုံကို ကိုယ်စားပြုခဲ့သည်။

ထို့အပြင် ဤအခန်းနှင့် ယခင်အခန်းများသည် လက်ရှိခေါင်းဆောင်မှုပုံစံများကို စူးစမ်းလေ့လာရန် နောက်ခံအခင်းအကျင်းတစ်ခုကို ဖော်ပြထားသည်။ ၂၀၁၆ ခုနှစ်တွင် သူကြီးရွေးချယ်ခြင်း (အခန်း ၂)၊ ထိုဒေသ၏ ကိုလိုနီခေတ်မတိုင်မီ အာဏာအခင်းအကျင်းလေ့လာမှု (အခန်း ၃)အရ ဂေါကြီးနှင့် မြင်းမီးလောင်နယ်အကြား သဘောထားတင်းမာမှုသည် - ရွာနှစ်ရွာကို တစ်ခုတည်းသောစီရင်စုနှင့် သူကြီးတစ်ဦးတည်းအောက်တွင်စုစည်းလိုက်သည့်အခါ ဖြစ်ပေါ်လာသည့် မူလကနဦးစတင်နေထိုင် ခဲ့မှုနှင့်ဆိုင်သည့် ယှဉ်ပြိုင်မှုအမြင်များတွင် - တစ်စိတ်တစ်ပိုင်း အခြေပြုထားသည်ကို (တစ်ခန်းနှင့် တစ်ခန်းချိတ်ဆက်မှုပိုမိုမြင်သာအောင်ဖော်ပြချက်အဖြစ်) ပြသခဲ့သည်။ အကြီးအကဲရာထူး/တာဝန် သည် ဒေသတွင်းအနေအထားပေါ်မူတည်၍ အဆက်ဆက်သောခေါင်းဆောင်များ၏ မတူညီသည့် ပုံစံများဖြင့်လုပ်ဆောင်မှုတစ်ရပ်လည်း ဖြစ်လာခဲ့သည်၊ ရွာသားများသည် ဗုဒ္ဓဘာသာအပေါ် မိမိတို့၏ အခန်းကဏ္ဍကိုပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ကိုလိုနီအုပ်ချုပ်ရေးကို ဆန့်ကျင်ခြင်းတို့ကို ပြုလုပ် လာသောအခါ အကြီးအကဲအချို့သည် ကိုယ်ကျင့်တရား/အပြုအမူကောင်းမွန်စေခြင်းနှင့် ကျေးရွာ ရေးရာများတွင်ပါဝင်ဆောင်ရွက်မှု၏ စံပြပုဂ္ဂိုလ်များ ဖြစ်လာခဲ့ကြသည်။ ဤကာလသည် တောင်သူ မိသားစုများထံမှ ဆင်းသက်လာသူများ၏ အာဏာဆိုင်ရာတောင်းဆိုမှုများကို လမ်းကြောင်းဖွင့်ပေး

ခဲ့ သည့်အခိုက်အတန့်အဖြစ် ရှုမြင်ရန်လည်း ဖော်ပြထားသည်(အခန်း ၂)။ ယခင်နှင့် ယခုကာလ ကျင့် ဝတ်ပိုင်းပြောင်းလဲလာမှုကို အကဲဖြတ်ရန် မြင်းမီးလောင်သူကြီး များအား နောက်ခံထား၍ သုံးသပ်နိုင် ကြောင်း ဤအခန်းတွင် တွေ့ရှိနိုင်သည်။ ၎င်း သည် ရွာ၏ကျင့်ဝတ်/ကိုယ်ကျင့်တရား အတက်အကျကို ညွှန်ပြနေသော အရာများ လည်းဖြစ်ပြီး ရပ်ရေးရွာရေးများအား လက်ရှိဂေါကြီးရွာတွင် ခေါင်းဆောင်မှု/ သြဇာ နယ်ပယ်အဖြစ် ဦးဌေး၏ လုပ်ဆောင်မှုကိုလည်း ရည်ညွှန်းသည်။ ယခုသုံးသပ်ရန် မေးခွန်းများ မှာ (၁)ဤနောက်ခံအကြောင်းအရာများသည် အစိုးရကိုကိုယ်စားပြု၍ အုပ်ချုပ်ရေးမှူးတာဝန်ယူ ထားသည့် ကိုကျော့်အပေါ် မည်သို့သက်ရောက်မှုရှိသနည်း (၂)တောင်သူမိသားစုများအတွင်း ခေါင်းဆောင်မှုကို မည်သို့စိတ်ကူးပြီး မည်သို့ လက်တွေ့ကျင့်သုံးကြသနည်း (၃)လူကြီးများသည် ရပ်ရေးရွာရေးများကို အမှန် တကယ် မည်သို့ ကိုင်တွယ်ဆောင်ရွက်ကြသနည်း။



# အခန်း ၄။ ရွာအကြီးအကဲဖြစ်ခြင်း

ဤအခန်းတွင် ကိုကျော်သည် မြင်းမီးလောင်ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးမှူးအဖြစ် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်စဉ်က သူ၏လုပ်ပိုင်ခွင့်အာဏာကို မည်သို့ပုံဖော်ထိန်းသိမ်းခဲ့ ကြောင်း ပြသရန် သူ၏တစ်နေ့တာဘဝအကြောင်းကို ဖော်ပြထားသည်။ ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့် အတိုင်း ရွာအကြီးအကဲရာထူးကို ၁၈၈၀ ခုနှစ်များနှောင်းပိုင်းတွင် ဒေသန္တရအုပ်ချုပ်ရေး၏ လက်နက်ကိုင်ဆောင်ခွင့်ရအဖွဲ့အစည်းတစ်ခုအဖြစ် ဖန်တီးခဲ့သည်။ ထိုအချိန်မှစ၍ ဒေသခံအာဏာပိုင်များထံမှ မူဝါဒများကိုအကောင်အထည်ဖော်ရန်နှင့် ဒေသန္တရနိုင်ငံရေးကိုမည်မျှသက်ရောက်သည်အထိ စီစဉ်ရန်အခွင့်အာဏာပေးထားသည်ပေါ် မူတည်၍ ရွာသူကြီးများ၏ အာဏာသည် တိုးပွားလာလိုက်၊ လျော့နည်းသွားလိုက် ဖြစ်လာခဲ့သည်။ ယနေ့ခေတ်တွင် သူကြီးများကို မျိုးရိုးစဉ်ဆက်အရ လက်ဆင့် ကမ်းလာသည့် အာဏာပိုင်များအဖြစ်မမြင်ကြတော့ဘဲ နိုင်ငံတော်က တရားဝင်အာဏာအပ်နှင်းထားသော အရာရှိများနှင့် နိုင်ငံရေးဦးဆောင်သူများအဖြစ်သာ မြင်ကြသည်။ သို့သော် ရွာသူကြီးများ၏ အုပ်ချုပ်မှုတွင် ရိုးရာဓလေ့နှင့်နိုင်ငံတော်က အပ်နှင်းသည့် ပါဝါအရလုပ်ကိုင်မှုများ ရောနှောနေပြီး လူများ တစ်နည်းနည်းဖြင့် ဆက်ဆံရသည့် အရာရှိများလည်း ဖြစ်သည်။

ကျေးရွာတွင်း ဩဇာညောင်းမှုဆိုသည်မှာ အသိအမှတ်ပြုမှု၊ အောင်မြင်မှုများနှင့် သက်ဆိုင်သည်။ ဩဇာညောင်းမှုဆိုသည်မှာ လူတစ်ဦး၊ သူ၏ဘဝ၊ သူ၏လုပ်ရပ်များတွင် အရင်းတည်နေသော အရည် အသွေးတစ်ခုဖြစ်ပြီး အတိတ်အတွေ့အကြုံများမှထွက်ပေါ်လာသော စံနှုန်းတစ်ခုအဖြစ် ကျင့်ဝတ်ကို ပြသခြင်းနှင့် ဆက်စပ်နေသည်။ ယခင်ရွာသူကြီးများနှင့် ရဟန်းသံဃာများ၏ ရပ်တည်ချက်များ၊ အောင်မြင်မှုများနှင့် အမှတ်ရစရာများသည် ကိုကျော်၏ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ပုံဖော်မှု အပေါ်ကို လွှမ်းမိုးနေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ပြီးခဲ့သည့်ရာစုနှစ်တစ်လျှောက် ကိုယ်ကျင့်တရား၊ အကြီးအကဲဖြစ်မှုနှင့် စုပေါင်းရေးရာများနှင့် ဒေသခံများနားလည်မှု၏ ပြောင်းလဲမှုတွင် ပံ့ပိုးကူညီ

ပြီး စံပြဖြစ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ သမိုင်းကြောင်းအပိုင်းတွင်လည်း ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသည့်အတိုင်း ကျင့်ဝတ်နှင့်ကိုယ်ကျင့်တရားကို အလေးပေးခြင်းသည် ယနေ့ အချိန်ထိဒေသခံများအတွက် စံပြပုဂ္ဂိုလ်များဖြစ်သည့် ဦးဇာနေယျနှင့် ဦးတိုးခိုင်တို့ထံမှ ဆင်းသက် လာခြင်းဖြစ်ကာ ၎င်းတို့သည် "ဘုန်း"ဖြင့် ဩဇာညောင်းခဲ့သည့် နောက်ဆုံးပုဂ္ဂိုလ်နှစ်ဦးလည်းဖြစ် သည်။ သူတို့သည် လူတို့၏အပြုအမူများကို လွှမ်းမိုးနိုင်ခဲ့ပြီး ကိုလိုနီစနစ်ကိုဆန့်ကျင်သည့် အပြောင်း အလဲတွင် ကျင့်ဝတ်ကိုပြန်လည်ဆန်းသစ်စေခဲ့သည်။ အခြားတစ်ဖက်တွင် ဦးစန်းသည် ဆိုရှယ်လစ် စနစ်ဖော်ဆောင်ရန် ဆိုရှယ်လစ်နိုင်ငံတော်မှ အာဏာအပ်နှင်းထားသော ညှိနှိုင်းရေးမှူးတစ်ဦးဖြစ်ပြီး ကျေးရွာအုပ်စုအတွင်း ဂိုဏ်းဂဏခွဲခြားမှုကိုမွေးမြူခဲ့သော အခွင့်အာဏာများရှိခဲ့သည်။ နိုင်ငံတော် သည် ကျေးလက်ဒေသမှ တစ်စိတ်တစ်ပိုင်းဝေးကွာသွားခြင်းနှင့် မြင်းမီးလောင်နယ်မှ နာမည်ဆိုးဖြင့် ကျော်ကြားသော ရွာသူကြီး ဦးဝင်းသည် ဂေါ်ကြီးလူများအမြင်တွင် အဂတိလိုက်စားမှု၊ အဓမ္မလုပ်အား ပေးခိုင်းစေမှုနှင့် မဖြေရှင်းနိုင်သောပဋိပက္ခများအတွက် ကိုယ်စားပြုလာသောအခါ ကျေးရွာအုပ်စုတွင် ဒေသန္တရစီမံအုပ်ချုပ်ရေးတင်းကြပ်မှု ပိုမိုဆိုးရွားလာခဲ့သည်။ ထို့နောက် ယခင် "ဘုန်း" ဖြင့်အုပ်ချုပ်မှု စံနမူနာများ၊ ကျင့်ဝတ်နှင့် ဘက်မလိုက်မှုတို့၏ နမူနာများကိုအခြေခံ၍ ကိုယ်ကျင့်တရားဆိုင်ရာ အပြုသဘောဆောင်၍ ကွဲလွဲသူတစ်ဦးအဖြစ် ဦးဌေးပေါ်ထွက်လာခဲ့သည်။ ထို့နောက် ဦးဌေးသည် သူ၏တရားဝင်ရာထူးမှရပ်စဲသွားပြီး ဂေါ်ကြီးရွာရေးရာများအတွက် အဓိကကျသည့်နေရာမှ ဆက်လက်ပါဝင်နေချိန်တွင် ကိုကျော်သည် မြင်းမီးလောင်ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးမှူး/အကြီးအကဲဖြစ်လာခဲ့သည်။

(အစိုးရ)အာဏာဆိုသည်မှာအဘယ်နည်း၊ မည်သို့ထူးခြားသည့်ပုံစံနှင့်လည်ပတ်နေသနည်းဟူ၍ မရေရာမှုများအား ကိုကျော်က အကျဉ်းချုပ်ပြောပြခဲ့သည်။ သူ့အတွက် ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးဖြစ်ခြင်းဆိုသည်မှာ ဒေသန္တရကျင့်ဝတ်များကို လိုက်နာနေစဉ် တာဝန်ဝတ္တရားအချို့ကို ရှောင်လွှဲရခြင်း၊ တာဝန်ယူမှုရှိခြင်းနှင့် မလိုလားအပ်သည့် အငြင်းပွားမှုပုံစံအမျိုးမျိုးကို ရှောင်ရှားခြင်း တို့ကို ဆိုလိုသည်။ နေ့စဉ်ဘဝတွင် သူသည် အုပ်ချုပ်ရေးမှူးအဖြစ် အဖွဲ့အစည်းက

ပေးအပ်သည့် လုပ်ပိုင်ခွင့်အာဏာကိုသာမက အလွှာအလိုက် လူများစွာကို ကိုယ်စား ပြုနေရမှုကြောင့် ခံစားချက် အစစ်အမှန်များကို ဖုံးကွယ်ထားရသည်။ သူအသုံးပြု သည့်နည်းကိရိယာများမှာ သူ့မိသားစု၏ ဂုဏ် သတင်း၊ တစ်ခါတရံ ဆူပူငေါက်ငမ်း ခြင်း၊ ရယ်ရယ်မောမောနေခြင်း၊ တိတ်တဆိတ်နေခြင်း၊ လက်ခံ ခြင်း၊ ငြင်းဆန် ခြင်းနှင့် ပေးကမ်းခြင်း၊ အုပ်စုဖွဲ့ခြင်း၊ အကွဲအပြဲမဖြစ်အောင် ရှောင်ရှားခြင်းနှင့် စီမံ ခြင်း၊ ရွာရှိ "လူကြီးများ"ကိုလေးစားလိုက်နာခြင်းနှင့် မကျော်သင့်သည့်စည်းဘောင် များအကြောင်း ကောင်း စွာသိနားလည်ခြင်းတို့ပင်ဖြစ်သည်။ ကိုကျော်၏ လုပ်ရိုး လုပ်စဉ်များကို လေ့လာကြည့်သည့်အခါ သူ့အား နိုင်ငံတော်ကအာဏာပေးထား သော်လည်း အစိုးရသဏ္ဍာန်ဖြင့်သာ လုပ်ဆောင်နေခြင်း မဟုတ်မှန်း ပိုမိုရှင်းလင်း စွာသိလာရသည်။ မြေပြင်တွင် အစိုးရဒေသန္တရအုပ်ချုပ်ရေး အလုပ်ဖြစ်စေ ရေး အတွက် သူသည် ခြေများ၊ လက်များသဖွယ် ဆောင်ရွက်နေခြင်းဖြစ်ပြီး သူ၏ပုဂ္ဂိုလ် ရေးကွန်ရက် များနှင့်ချိတ်ဆက်မှုများဖြင့် လုပ်ဆောင်နေရခြင်းလည်းဖြစ်သည်။

ကိုကျော်သည် အာဏာနှင်းအပ်ခြင်းမခံရစဉ်ကပင် ကော်မတီများ စွာကို ဦးဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ် တွင် စတင်တာဝန်ယူခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် (တရားဝင်တာဝန်များမရှိသော) ဆယ်အိမ်မှူးများက ရွေး ချယ်ခဲ့ကြသည်။ ဆယ် အိမ်မှူးများသည် အချို့ကိစ္စများတွင် သူကြီးကို ကူညီပေးရပြီး ဥပမာအားဖြင့် မ ကြာသေးမီကအထိ အစိုးရစီမံကိန်းများအတွက် အခမဲ့လုပ်အားပေးရသည်။ ၎င်း တို့အနက် အချို့မှာ စီးပွားရေးအရ အရေးပါလိုပြီး အချို့မှာ ဩဇာလွှမ်းမိုးလိုကြ သည်။ ၎င်းတို့အများစုမှာ ဝေါကြီးတွင် အကူအညီပေးသည်ဟု လူသိများသူများ သာ ဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် သူကြီးအဖြစ် တာဝန် ထမ်းဆောင်မည့် ကိုယ်စားလှယ်လောင်းတစ်ဦးကို ရှာတွေ့နိုင်သည့် လူအုပ်စုဖြစ်သည်။ ပုံမှန်အားဖြင့် မြန်မာနိုင်ငံ၏ အညာရပ်ရွာများတွင်လည်း အသက်ကြီးသူအရေအတွက် အမျိုး မျိုးရှိပြီး ၎င်းတို့ကို ရပ်မိရပ်ဖများဟုလည်း ခေါ်ကြသည်။ ၎င်းတို့သည် (ဗဟုသုတ ကြွယ်ဝမှုနှင့် မျှတသော ဆုံးဖြတ်ချက် ချနိုင်မှုတို့အတွက်) အသိအမှတ်ပြုခံရလေ့ ရှိသောကြောင့် 'ရွာပြောရေးဆိုခွင့်ရှိသူ' ဟူ၍လည်း ဆိုနိုင် သည်။ ၎င်းတို့သည် ရွာ အကြောင်းဗဟုသုတရှိ၍ ရွာကိုယ်စား ပြောဆိုနိုင်သည်။ ၎င်းတို့ထဲမှ တစ်ဦးအား

ရွာအကြီးအကဲက အုပ်ချုပ်ရေးဆိုင်ရာရည်ရွယ်ချက်အတွက် တရားဝင်ရပ်မိရပ်ဖ အဖြစ် ရွေးချယ်သည်။ ကိုကျော် အကြီးအကဲဖြစ်စဉ်က တရားဝင်ရပ်မိရပ်ဖအဖြစ် ဦးဌေးကို ရွေးချယ်ခဲ့ပြီး ဦးဌေးသည် ရိုးသားမှုနှင့် သစ္စာရှိမှုအတွက် လေးစားခြင်းခံရသူ ရွာသူကြီးဟောင်းတစ်ဦးလည်း ဖြစ်သည်။

ရွာသားတစ်ဦးအဖြစ်သာမက တာဝန်ရှိသူတစ်ဦးအဖြစ် တပြိုင်နက်တည်း ဖြစ်သောကြောင့် ရွာအကြီး အကဲသည် အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခုကို ကိုယ်စားပြုရုံသာမက တာဝန်ဝတ္တရားအလွှာများစွာ၊ ဆက်ဆံရေးကွင်းဆက်များနှင့် အခြားသောအရာများစွာကို အပြန်အလှန်ဆက်သွယ်ပြီး လုပ်ဆောင် နေရသော ဆုံမှတ်တစ်ခုလည်း ဖြစ်သည်။ ကိုကျော်အတွက်မူ အုပ်ချုပ်ရေးမှူးတစ်ဦး၏ အခန်းကဏ္ဍများအပြင် သူသည် သားတစ်ဦး၊ အိမ်နီးချင်းတစ်ဦး၊ ခင်ပွန်းတစ်ဦး၊ မိတ်ဆွေတစ်ဦး၊ ညီအစ်ကို ဝမ်းကွဲတစ်ဦးလည်းဖြစ်ပြီး ငွေကြေး၊ လက်ဖက်ရည်၊ ကွမ်းယာနှင့် စာချုပ်များဖြင့်လည်ပတ်နေသော ညှိဝတ်ကျေပွန်မှု၊ ရင်းနှီးမှု၊ လောင်းကစားမှု စသည့် အခြေအနေများတွင် လူများနှင့် နေ့စဉ်ထိတွေ့ ဆက်ဆံနေရသော ဒေသခံအထက်တန်းလွှာဝင်တစ်ဦးလည်း ဖြစ်သည်။ ကြံဆပုံဖော်ဆောင်ရွက်ခြင်း (ခေတ်နှင့်အညီပြုခြင်း/ဖက်ရှင်မှုပြုခြင်း) ဆိုသည်မှာ ရှိနှင့်ပြီးသားအရာများ၊ တီထွင်ထားသော သို့မဟုတ် ရနိုင်သမျှသော အရာများနှင့် ဖန်တီးဆောင်ရွက်ရခြင်းဖြစ်၍ "လက်မှုပညာ" နှင့်နီးစပ် သည်။ ၎င်းသည် ပြုလုပ်ခြင်း သို့မဟုတ် လေ့ကျင့်ခြင်း လုပ်ရပ်ကို အာရုံစိုက်ခြင်းဖြစ်သည်ဟု အကျယ် တဝင့် အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။ ဖက်ရှင်ဟုဆိုရာတွင် အထည်အလိပ်ကဲ့သို့ တစ်စုံတစ်ခုအား ပုံသဏ္ဍာန်တစ်မျိုးပေးစွမ်းခြင်းကို အာရုံစိုက်ခြင်းဖြစ်ပြီး ဤစာတမ်းတွင်မူ အကြီးအကဲအဖြစ် ပုံဖော်ဆောင်ရွက်ရခြင်းကို ဆိုလိုသည်။ လူတစ်ဦးသည် ဒေသန္တရသြဇာလွှမ်းမိုးမှုဖြစ်ပေါ်စေသည့် ကွန်ရက်များ၊ နယ်ပယ်များနှင့် မည်သို့ မည်ပုံ ထိတွေ့ဆက်ဆံမည်ဟု ချိန်ညှိခြင်းအားဖြင့် သူ၏ အကြီးအကဲအဖြစ်ခေါင်းဆောင်မှုကို မည်သို့ ပုံဖော်သည်ဟု ဖော်ပြသည့် နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။



# အခန်း၅။မြေယာအမွေပေးခြင်း

ဤအခန်းတွင် ကျွန်ုပ်သည် မေးခွန်းသုံးခုဖြင့်လေ့လာဆန်းစစ်ထားသည် - ၁) မိသားစုဝင်များအကြား ဆွေမျိုးတော်စပ်မှု၊ ကိုယ်ကျင့်တရားနှင့် လူမှုဆိုင်ရာ တာဝန်ဝတ္တရားများသည် အမွေဆက်ခံမှုကို မည်သို့ စီမံပေးသနည်း။ ၂) ကျေးလက်ဒေသတွင် ထိုအစဉ်အလာသည် အတိုင်းအတာတစ်ခုအထိ မည်သို့ဆက်လက်တည်ရှိနေသနည်း နှင့် ၃) မိသားစုများတွင် အာဏာနှင့်တာဝန်ဝတ္တရားများကို ပြန်လည်သတ်မှတ်ခြင်း လုပ်ငန်းစဉ်တစ်ခုအနေဖြင့် အမွေပေးခြင်း/အမွေဆက်ခံခြင်းသည် ကျေးရွာ ခေါင်းဆောင်မှုပုံစံများနှင့် မည်သို့ ဆက်စပ်နေသနည်း။ ပထမပိုင်းတွင် - နိုင်ငံတော်စီမံကိန်းများနှင့် ဥပဒေများက မြေယာလုပ်ပိုင်ခွင့်ကို ထိန်းချုပ်ရန်ကြိုးစားနေစဉ် ဂေါကြီးရွာသမိုင်းအရ မြေယာ ဆက်နွယ်မှုများတွင် မြေယာအမွေရပိုင်ခွင့်သည် မည်သို့ အဓိကဇာတ်ကွက်မဖြစ်နေကြောင်း သမိုင်း ကြောင်းကို လေ့လာဆန်းစစ်ထားသည်။ ဒုတိယပိုင်းသည် ပို၍ သဘောတရားရေးရာဆန်ပြီး အမွေဆက်ခံမှုကို မည်သို့လက်ဆင့်ကမ်းသင့်သည်ဟူသည့် အတွေးအခေါ်များကို တင်ပြထားပါသည်။ ဤ သမိုင်းကြောင်းနှင့် သဘောတရားရေးရာအစိတ်အပိုင်းများကို နောက်ခံအဖြစ်ရှုမြင်ပြီး လက်တွေ့ ဖြစ်ပေါ်နေသည့် မြေယာအမွေလက်ဆင့်ကမ်းမှုများ၏ နမူနာအဖြစ် ကိုကျော်၏မိသားစုကို ကြည့် နိုင်သည်။ နိဂုံးတွင်မူ အမွေဆက်ခံခြင်းနှင့် ခေါင်းဆောင်မှုလက်ဆင့်ကမ်းခြင်းတို့ကို ချိတ်ဆက်ပြီး မိသားစုတစ်စုကို 'ဂရုစိုက်ခြင်း' (စီမံခန့်ခွဲခြင်း) နှင့် ကျေးရွာရေးရာများကို 'ဂရုစိုက်ခြင်း' (အုပ်ထိန်း ခြင်း)အကြား (ဖြစ်တန်ခြေရှိသည့်) နှိုင်းယှဉ်ချက်တစ်ခုကို လမ်းဖွင့်ပေးရန်ဖြစ်သည်။

၂၀၁၆ ခုနှစ် မေလတွင် သူစိုက်ပျိုးနေသောမြေပေါ်တွင် ကျွန်ုပ်တို့လမ်းလျှောက်နေစဉ် ရွာသားတစ်ဦး က "ဒီမြေကို ဘယ်သူမှ မပိုင်ဘူး" ဟု ကျွန်ုပ်အား ပြောပြခဲ့သည်။ ၎င်းသည် ကျွန်ုပ်အား ဇဝေဇဝါဖြစ် စေခဲ့သည်။ ဘယ်သူမှမြေကိုမပိုင်ဟုဆိုခြင်းသည် "မည်သူမျှ ပိုင်ဆိုင်ခွင့် မတောင်းဆိုနိုင်" သို့မဟုတ် "မည်သူမျှ မြေယာအခွင့်အရေးများ မရရှိထား"ဟု မဆိုလိုပါ။ သို့တည်းမဟုတ် နိုင်ငံတော်

က မြေယာ လုပ်ပိုင်ခွင့်တရားဝင်ဖြစ်အောင် လုပ်ဆောင်သော်လည်း အခြေခံအဆောက်အအုံဆိုင်ရာ ထိန်းချုပ်နိုင် စွမ်းအားနည်းခြင်း၊ ဒေသခံများထံမှ မြေကို သိမ်းယူသကဲ့သို့ဖြစ်ခြင်းဟူ၍လည်း သူပြောသည့်စကား ကို တိုက်ရိုက်အဓိပ္ပါယ်မကောက်နိုင်ပါ။ ထို့ထက်စာလျှင် ရွာသားများအကြား မြေယာအငြင်းပွားမှုများ အများဆုံးဖြစ်ပွားနိုင်သည့်အခြေအနေတွင် ထိုမြေ သို့မဟုတ် ထိုမြေကွက်ကို မည်သူပိုင်ဆိုင်မည်ကို မသေချာကြောင်း ဆိုလိုသည်။ ထို့ကြောင့် မိသားစုဆက်နွယ်မှုများ၏ ယာယီအခြေအနေများ၊ ပိုင်ဆိုင် မှုလွှဲပြောင်းခြင်းဆိုင်ရာအခြေအနေများနှင့် လူတို့သည် ၎င်းတို့၏ဘဝများကို မည်သို့ဖန်တီးကြသည် ဆိုသည့် ဖော်ပြချက်တစ်ခုဖြစ်သည်။ မသေချာမရေရာမှုများဖြင့်ရောနှောနေသည့် အာဏာနှင့် တာဝန်ဝတ္တရားကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုချက်အဖြစ် အမွေဆက်ခံခြင်းကို စူးစမ်းလေ့လာခြင်းသည် မိသားစုတစ်ခုဖြစ်တည်မှု (မိသားစုအတွင်း အထက်အောက်ဆက်ဆံရေး၊ အတူစားခြင်း/အိမ်မှု ကိစ္စတာဝန်ခွဲယူခြင်း)နှင့် မိသားစုဝင်များအကြားအပြန်အလှန်တာဝန်ဝတ္တရားများကြောင့် (ကျေးဇူး တရား၊ ဂရုစိုက်ခြင်း) ပိုင်ဆိုင်မှုအပေါ် ရပိုင်ခွင့် ဖန်တီးပေးသည်ကို ပြသနေသည်။ ထို့ကြောင့် ထိုလယ် သမား၏ဖော်ပြချက်သည် မြန်မာ့အခြေအနေတွင် ပိုင်ဆိုင်မှုနှင့် အခွင့်အာဏာကို ပြန်လည်သုံးသပ်ရန် ပထမခြေလှမ်းတစ်ခုဖြစ်သည်။ အဓိကအာရုံစိုက်သည်မှာ လုပ်ငန်းစဉ်၊ မိသားစုဆက်ဆံရေး၏ ယာယီအခြေအနေများ၊ လူအချင်းချင်းမည်သို့ဆက်ဆံကြသနည်းနှင့်၊ ရလဒ်အနေဖြင့် "ပိုင်ဆိုင်မှု"ကို "အခွင့်အရေး"အနေဖြင့်မဟုတ်ဘဲ "စီမံအုပ်ချုပ်မှု"အနေဖြင့် ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်သည်။

မြန်မာ့အညာကျေးလက်ဒေသတွင် မိဘများသည် ၎င်းတို့သေဆုံးပြီးနောက် သားသမီးအရင်းများအား တန်းတူညီမျှသော နည်းလမ်းဖြင့် အမွေအညီအမျှပေးရမည်ဟု ယူဆကြသည်။ ဂေါကြီးတွင် အမွေ ပေးခြင်းအားစီမံခန့်ခွဲသည့်စည်းမျဉ်းကို ဤနည်းဖြင့် ရေးဆွဲကြသည်။ ဤရွာတွင် အမွေဆက်ခံခြင်းသည် မြေယာရရှိရန် အဓိကနည်းလမ်းဖြစ်နေဆဲ ဖြစ်သည်။ အများအားဖြင့် အမွေဆက်ခံခြင်းဆိုင်ရာ အယူအဆဆိုသည်မှာ လယ်ယာမြေတစ်ခုဆက်လက်တည်တံ့နိုင်စေရန် မဟာဗျူဟာတစ်ခုကို သတ် မှတ်ပေးသည့်စည်းမျဉ်းများဖြစ်သည်။ ဂေါ

ကြီးတွင် ၎င်းသည် တောင်းဆိုမှုများကို တရားဝင်ဖြစ်စေ ခြင်း၊ ချန်လှပ်ခြင်းနှင့် တာဝန်ဝတ္တရားများကို ပြန်လည်သတ်မှတ်ခြင်းတို့၏ အဆုံးမရှိသော လုပ်ငန်း စဉ် တစ်ခုဖြစ်သည်။ အကျယ်ပြန့်ဆုံးသောအဓိပ္ပာယ်အရ အမွေပေးခြင်းဆိုသည်မှာ မိဘများ၏ သား သမီးများအားပြုစုပျိုးထောင်ရန်တာဝန်ရှိခြင်းကို ရည်ညွှန်းသည်။ ရှင်သန်ခြင်းကို အဓိပ္ပာယ်နှစ်မျိုးဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားသည် - အသက်ရှူခြင်း နှင့် ရှင်သန်နေထိုင်ရခြင်း(ဘဝ)တို့ ဖြစ်သည်။ မိဘများ သည် ပထမအဓိပ္ပာယ်ဖြင့် ရှင်သန်ခြင်းကိုမပေးဘဲ ဒုတိယအဓိပ္ပာယ်ဖြင့် သားသမီးများဘဝရှင်သန် ခြင်းကို ခွင့်ပြုကြပြီး ၎င်းကို မြှင့်တင်ရန် တာဝန်ရှိသည်။ မိဘများသည် ဗုဒ္ဓနှင့် ဆရာသမား များကဲ့သို့ ပင် သားသမီးများအတွက် ကျေးဇူးရှင်များဖြစ်ကြပြီး အပြန်အလှန် အားဖြင့် သားသမီးများက မိဘများ အပေါ် ကျေးဇူးသိတတ်ရမည်ဖြစ်သည်။ မိဘနှင့် သားသမီးများအကြား ဂရုစိုက်ရမည့် တာဝန်ဝတ္တရား ရှိပါသည်။ မိဘများထံမှ ၎င်း တို့၏ သားသမီးများဆီသို့လည်းကောင်း၊ နောက်ပိုင်းတွင် သားသမီးများ ထံမှ မိဘ များဆီသို့လည်းကောင်းဖြစ်သည်။ ၎င်းသည် ပြောင်းလဲတတ်သော သဘောရှိသည်။ ၎င်းကို မပြောဘဲ သိရှိပြီးဆောင်ရွက်ရမည် (ကျေးဇူးတရားကို သိတတ်ရမည်)။ မိဘများသည် ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် ပိုင်ဆိုင်မှုများကို လက်ဆင့်ကမ်းပေးရ မည်။ သို့သော် သားသမီးများသည်လည်း ၎င်းတို့၏ မိဘများအပေါ် တာဝန်ရှိသည်။ ကိုလိုနီခေတ်မတိုင်မီ မြန်မာနိုင်ငံတွင် အမှုများကိုစီရင် ဆုံးဖြတ်ရန်အသုံးပြုခဲ့သော စီရင်ထုံး/ရေးသားဥပဒေများထဲမှတစ်ခုတွင် ပိုင်ဆိုင်မှုဆိုင်ရာစီမံခန့်ခွဲမှု ၏နမူနာ ကို အသုံးပြုထားပြီး ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ပုဂ္ဂိုလ်ရေးဆက်နွယ်မှုများမှတဆင့် မည်သို့ ဖန်တီးသည်ကို ရှင်းပြရန်ဖြစ်သည်။

> ဆရာသည် ကျောင်းသား၏ ပိုင်ဆိုင်မှုအပေါ် အာဏာရှိသည်၊ မိဘ များသည် ၎င်းတို့ သားသမီးများ၏ ပိုင်ဆိုင်မှုအပေါ်၊ ခင်ပွန်းသည် ၎င်းတို့ဇနီး များ၏ပိုင်ဆိုင်မှုအပေါ်၊ သခင်သည် ကျွန်များ၏ပိုင်ဆိုင်မှု အပေါ် အာဏာရှိ သည်။ ကျောင်းသားသည် ဆရာ၏ပိုင်ဆိုင်မှုအပေါ်၊ သားသမီးများသည် ၎င်းတို့မိဘ များ၏ ပိုင်ဆိုင်မှုအပေါ်၊ ဇနီးသည် ခင်ပွန်း၏ ပိုင်ဆိုင်မှုအပေါ် ၊ ကျွန်သည် သခင်၏ပိုင်ဆိုင်မှုအပေါ် အာဏာရှိသည်။ ဤအာဏာလေး

မျိုးနှင့်ပတ်သက်၍ ဆရာသည်ကျောင်းသားအား သူ၏အတတ် ပညာကို သင်ကြားပေးပြီး ၎င်းတို့အတူတကွနေထိုင်သောအခါ ၎င်းတို့၏ပစ္စည်းဥစ္စာ သည် အတူတကွ ဖြစ်သွားသည်။ အဘယ်ကြောင့်နည်း — အဘယ်ကြောင့် ဆိုသော် ကျောင်းသားသည် ဘဏ္ဍာစိုး၊ ပစ္စည်း ဥစ္စာကို တာဝန်ယူသူဖြစ် သောကြောင့်ဖြစ်သည်။ [Richardson 1847: 177-178]။

တစ်နည်းအားဖြင့်ဆိုရသော် လူများအကြား အပြန်အလှန်တာဝန်ဝတ္တရား များသည် အရာဝတ္ထုများ အပေါ် တောင်းဆိုပိုင်ခွင့်များကိုဖန်တီးပေးသောကြောင့် အတူတကွနေထိုင်ခြင်းသည် ပိုင်ဆိုင်မှုအခွင့် အရေးကို ပေးစွမ်းနိုင်သော ဆက်ဆံ ရေးတစ်ခုကို ဖန်တီးပေးပါသည်။ ရပိုင်ခွင့်ရှိခြင်းကြောင့် ထို အမွေကို စီမံခန့်ခွဲခွင့် လည်း ဖြစ်ပေါ် နိုင်သည်။ အတူနေအတူစား သို့မဟုတ် တစ်အိုးတစ်အိမ် နေထိုင် မှုသည် မိသားစုတစ်စု မည်သို့ဖွဲ့စည်းသည်ကို သတ်မှတ်ရာတွင် အရေးကြီးပါသည် (ဥပမာ အားဖြင့် တစ်အိုးတည်းစားခြင်း သို့မဟုတ် အရင်းအမြစ်များကို စုစည်း ခြင်း)။ အမွေကို အညီအမျှ ခွဲဝေပေးခြင်းသည် နောက်ဆုံးတွင် အိမ်ခြံမြေများ ပြိုကွဲ သွားစေနိုင်ကြောင်း အစောပိုင်းတွင် သတိပြု မိခဲ့ပါသည် [Hardiman 1910: 28]။ သို့သော် ၎င်းကို "ပေးသော်လည်းထိန်းသိမ်းထားခြင်း" နည်းလမ်း ဖြင့် ပြန်လည် အထိန်းအထေပြုထားသည်။ မိဘများသည် အမွေကို အညီအမျှ လွှဲပြောင်းပေး သင့်သော် လည်း ၎င်းတို့ကို ပြုစုစောင့်ရှောက်ကာ မိသားစုကိုဆက်လက်ထိန်းသိမ်း မည့်သူအတွက် အစိတ် အပိုင်းတစ်ခုကို သိမ်းဆည်းထားလေ့ရှိသည်။ ထို့ကြောင့် အိမ်ထောင်ပြုပြီးနောက် လင်မယားအဖြစ် မိဘနှင့်အိမ်ခွဲနေထိုင်မှု၊ အဖေနှင့်အမေ နှစ်ဖက်စလုံးထံမှ အမွေကိုတန်းတူခွဲဝေမှုကြောင့် မိသားစု များပြိုကွဲသွားစေနိုင် သည့်အနေအထားရှိပါက (အထူးသဖြင့်) ကြီးမားသောတောင်သူမိသားစုများ တွင် မပြိုကွဲစေရန် စဉ်ဆက်မပြတ် ထိန်းသိမ်းရန်သဘောထားလည်း ရှိပါသည်။ ဆွေမျိုး တော်စပ်မှုနှင့် မိသားစုဆိုင်ရာအယူအဆများဖြစ်သည့် သွေးသားတော်စပ်ခြင်း၊ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းလာ ခြင်းနှင့် တူညီသောမိဘနှစ်ပါးထံမှမွေးဖွားလာ ခြင်း [Spiro 1986: 44–45] ကလည်း ဤစိတ်နေ သဘောထားကို အလေးပေး ဖော်ပြသည်။ အထူးသဖြင့် သဘောတရားအရ အကြီးဆုံးသား သို့မဟုတ် အကြီး

ဆုံးသမီး ဩရသသည် မိဘများ၏ ဝန်ထုပ်ဝန်ပိုးများနှင့် တာဝန်ဝတ္တရားများကို ယူရမည်ဟု ယူဆကြသည်။ ၎င်းသည် ဂေါကြီးတွင် အတိုင်းအတာတစ်ခုအထိ ရှိနေဆဲဖြစ်သည်။

အကျဉ်းအားဖြင့် အမွေဆက်ခံခြင်းဆိုသည်မှာ ရုပ်ဝတ္ထုပစ္စည်း သို့မဟုတ် ကိုင်တွယ်ထိတွေ့နိုင်သော ရုပ်ပိုင်းဆိုင်ရာအမွေအနှစ်ကို ရည်ညွှန်းသည်။ ထိုအစုကို [Tambiah 2013] မှ ဖော်ပြထားသော ရိုးရာ ဓလေ့အရ အလယ်ဗဟို - အစွန်အဖျား ခွဲခြားမှုကို လိုက်နာ၍ အမျိုးအစားနှစ်ခု ခွဲခြားထားသည်။ အိမ် ထောင်စု၏ 'အတွင်းပစ္စည်း'’များဖြစ်သည့် ရွှေ၊ လက်ဝတ်ရတနာ၊ အိမ်၊ ယာဉ်များ၊ လယ်ယာစက် ယန္တရားများ၊ တစ်ခါတရံတွင် မွေးမြူရေးတိရစ္ဆာန်များနှင့် 'အပြင်ပစ္စည်း' များဖြစ်သည့် စိုက်ပျိုးမြေ၊ သစ်ပင်များ၊ သီးနှံအခြောက်ခံသည့်နေရာများ စသဖြင့် နှစ်မျိုးခွဲခြားထားသည်။ ယေဘုယျအားဖြင့် အပြင်ပစ္စည်းများကို သားသမီးတစ်ဦးချင်းစီအား တန်းတူခွဲဝေပေးပြီး အတွင်းပစ္စည်းများသည် မိဘ များနှင့်အတူနေထိုင်သူအတွက်ဖြစ်ပြီး မိသားစုတာဝန်ကိုလွှဲပြောင်းယူရန် ရည်ရွယ်ပါသည်။ ဤသို့ အလယ်ဗဟိုနှင့်အစွန်အဖျား(အတွင်းနှင့်အပြင်)ခွဲဝေမှုသည် အမြဲတမ်းညှိနှိုင်းနေရမည့်ကိစ္စဖြစ်သော ကြောင့် အမွေလွှဲပြောင်းမှုအတွက် တသမတ်တည်းရှိနေသည့် မြေပုံမဟုတ်ဘဲ ပုံကြမ်းတစ်ခုအဖြစ် သာ နားလည်သင့်သည်။ အမွေပေးခြင်းသည် စင်စစ်အားဖြင့် အမှန်တကယ်စတင်ခြင်း သို့မဟုတ် ပြီးဆုံးခြင်းမရှိသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး မျိုးဆက်များ အပြန်အလှန်ဆက်နွယ်နေသောကြောင့် မိသားစုဝင်များနှင့် လူ/အရာဝတ္ထုများအပေါ် အခွင့်အာဏာအကြား တာဝန်ဝတ္တရားများသည်လည်း စဉ်ဆက်မပြတ် ပြောင်းလဲနေပါသည်။

အမွေကိစ္စကို မိဘများကွယ်လွန်ချိန်မှသာ တစ်ကြိမ်တည်း/တစ်ချိန်တည်း အပြီးအပြတ်ဆောင်ရွက် ခြင်းမျိုးမဟုတ်ဘဲ အချိန်ကာလအသီးသီးတွင် ဖြစ်ပေါ်နိုင်ပြီး ဥပမာအားဖြင့် - အိမ်ထောင်ပြုချိန် သို့မဟုတ် မိဘများက ၎င်းတို့ အသက်ရှင်နေစဉ်အတွင်း သားသမီးများက ၎င်းတို့အား မည်သို့ဂရုစိုက် ကြရမည်ဟု သတ်မှတ်သည့်အချိန်ကဲ့သို့သော အချိန်အမျိုးမျိုးတွင် ဖြစ်ပေါ်လေ့ရှိသည်။ အိမ်ထောင် ပြုခြင်း

သည် မိသားစုအသစ်တစ်ခုတည်ထောင်ခြင်းကို တရားဝင်ဖြစ်စေပြီး ဇနီးမောင်နှံနှစ်ဦးသည် မိဘများထံမှ မင်္ဂလာလက်ဖွဲ့ကို များသောအားဖြင့် ငွေပမာဏပုံစံဖြင့် ရရှိကြသည်။ ၎င်းတို့၏ ဇနီး လောင်းများကိုလက်ထပ်ခွင့်တောင်းခံရန်အတွက် အမျိုးသားများ(၎င်းတို့၏မိဘများ)သည် တင် တောင်းငွေ/ပစ္စည်းများ ယူဆောင်လာကြပြီး [Spiro ၊ 1975:90] တစ်ခါတရံတွင် မြေယာများလည်း ပါဝင်သည်။ အဆိုပါ တင်တောင်းငွေ/တင်တောင်းပစ္စည်းများသည် စင်စစ်အားဖြင့် သတို့သားလောင်း၏ အမွေအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ လက်ထပ်ပြီးသည်နှင့် ဇနီးမောင်နှံနှစ်ဦး၏ မိဘများပေးလိုက်သည့် အမွေအနှစ်အားလုံးသည် ၎င်းတို့နှစ်ဦး၏ အတူတကွပိုင်ဆိုင်မှုဖြစ်လာသည်။ ဇနီး သို့မဟုတ် ခင်ပွန်းသည် ကြီးလေးသော အပြစ် (အိမ်ထောင်ရေးဖောက်ပြန်ခြင်း၊ အိမ်တွင်းစီးပွား ရေးတွင် မပါဝင်ခြင်း၊ အရက်စွဲခြင်း၊ သံသယဖြစ်ဖွယ် ကုန်ကျစရိတ်များ စသဖြင့်) ကျူးလွန်ခြင်း ကြောင့် ကွာရှင်းပြတ်စဲကြမည်ဆိုပါက (သဘောတရားအရ) ပိုင်ဆိုင်မှုများကို လင်နှင့်မယား ကြား ကိုယ်စီကိုယ်င ခွဲဝေနိုင်သည်။ ထို့ကြောင့် ယေဘုယျအားဖြင့်ဆိုရပါလျှင် သားသမီးများသည် ကိုယ်ပိုင်မိသားစုတစ်ခုဖန်တီးရန် မိဘများထံမှ လက်ဆောင်/ လက်ဖွဲ့များရရှိကြပြီး ထိုအထဲတွင် ၎င်းတို့အမွေဝေစု ပါဝင်သွားပါက မိဘအမွေ အပေါ် ၎င်းတို့ရပိုင်ခွင့်ကို ပယ်ဖျက်နိုင်သည်။ ထို့အပြင် တူမ သို့မဟုတ် တူ သို့မဟုတ် မြေး စသဖြင့်ကို မွေးစားလေ့လည်းရှိကြပြီး မွေးစားမိဘများအား ဂရုစိုက်ပေးရန်ဖြစ်ကာ ထိုသူသည် အမွေဆက်ခံခွင့်ရရှိမည် ဖြစ်သည်။ မိသားစုတိုးတက်စေရန် အတွက် 'ရင်းနှီးသည့်' ပြင်ပလူတစ်ယောက်ကို မိသားစုအတွင်း ခေါ်ဆောင်လာပြီး ထိုသူသည် မိသားစု၏ အမွေဆက်ခံခွင့် အပြည့်အဝရရှိသူ ဖြစ်လာနိုင်ပါသည်။ ခြုံငုံ၍ဆိုရပါလျှင် အမွေပေးခြင်း/ အမွေဆက်ခံခြင်းဆိုသည်မှာ မိသားစုတစ်ခုအတွင်းဖြစ်ပွားခဲ့သည့် အမွေကိစ္စအမျိုးမျိုး၏ သမိုင်း ကြောင်းကိုထည့်သွင်းစဉ်းစား၍ မိမိ၏တာဝန်ဝတ္တရားများကို ဖြည့်ဆည်းပေးခြင်းဖြစ်ပါသည်။ သို့သော် အရင်းအမြစ်များကို ရရှိနိုင်ရန် နည်းဗျူဟာများအပေါ်တွင်လည်း မူတည်သည်။

လက်တွေ့မြေပြင်တွင် ကျေးလက်ဒေသများ၌ နိုင်ငံတော်နှင့် ဈေးကွက် အင်အားစုများ၏ လွှမ်းမိုးမှု များ ရှိသကဲ့သို့ မြေအသုံးပြုမှုနှင့် လွှဲပြောင်းမှုများကို

ထိန်းသိမ်းစည်းကြပ်ပေးနေသည့် ဓလေ့ထုံးတမ်း အစဉ်အလာများလည်း လည်ပတ်နေသည်။ ဤဓလေ့ထုံးတမ်းများအနက် အမွေဆက်ခံခွင့်သည် ကျေးလက်မြေယာပိုင်ဆိုင်မှုအတွက် ရာစုနှစ်များစွာမဟုတ်ပါလျှင်တောင်မှ ဆယ်စုနှစ်များစွာ အတိုင်းအတာတစ်ခုအထိ ဆက်လက်တည်ရှိနေပါသည်။ ယခင်အခန်းတွင် တစ်စုံတစ်ဦးသည် ၎င်း၏ အကြီးအကဲ(အုပ်ချုပ်ရေးမှူး)ရာထူးကို မည်သို့ ပဲ့ကိုင်ပုံဖော်သည်ကိုလေ့လာခဲ့ပြီး အမွေလွှဲပြောင်း ခြင်းနှင့် ကောင်းစွာပိုင်ဆိုင်ခြင်းကို "အုပ်ချုပ်မှု"၏ မေးခွန်းတစ်ခုအဖြစ် ဖော်ပြခဲ့သည်။ ၎င်းသည် နောက်အခန်းတွင် အခြားအာဏာပုံစံတစ်ခုဖြစ်သည့် ကျေးလက်"လူကြီးများ" ၏ "အုပ်ထိန်းမှု" ကို ဖော်ပြရန်လမ်းဖွင့်ပေးခဲ့သည်။



# အခန်း ၆။ ကျေးရွာရေးရာများအား ကြည့်ရှုစောင့်ရှောက်ခြင်း

Nash က လူကြီးများကို သြဇာအာဏာမရှိသူများဟုလေ့လာသုံးသပ်ခဲ့ပြီး ကျွန်ုပ်က ၎င်း၏ဆန့်ကျင် ဘက်အနေဖြင့် လူကြီးများသည် ကျေးရွာရေးရာများကို ကြည့်ရှုစောင့်ရှောက်ခြင်းဖြင့် အများအကျိုး ကို ဖော်ဆောင်နိုင်မှုကြောင့် ၎င်းတို့တွင် အခွင့်အာဏာတစ်ရပ်ရှိသည်ဟု ငြင်းခုန်လိုပါသည်။ ဆိုလို သည်မှာ ကျွန်ုပ်၏ ကွင်းဆင်းလေ့လာမှုတွင် တွေ့ဆုံခဲ့ရသော လူကြီးများသည် Nash တွေ့ဆုံခဲ့ရသူ များနှင့် မတူပါ။ ၎င်းတို့သည် "လူကြီး" ဟူသောအဓိပ္ပာယ်ကို ပြောင်းလဲခဲ့ပြီး ကိုယ်ကျင့်တရားသည် သြဇာလွှမ်းမိုးနိုင်မှုတွင် အဓိကကျလာပါသည်။ နှစ်ပေါင်းခြောက်ဆယ်ခန့် ကြာမြင့်ခဲ့ပြီးနောက် မေးခွန်းမှာ ထိုကဲ့သို့သော အမျိုးသားများသည် ဂေါကြီး၏ သြဇာလွှမ်းမိုးနိုင်မှုနယ်ပယ်တွင် မည်သို့ ရှေ့တန်းရောက်လာခဲ့သနည်းဟူသည့် မေးခွန်းဖြစ်သည်။ အခန်း ၃ တွင် ရွာရေးရာများ ထွန်းကား လာသည်နှင့်အမျှ "ဦးဝင်း" ဟူသည့်အမည်ဆိုးနှင့်ကျော်ကြားသူထံမှ "ဦးဌေး" ဟူသည့်ယုံကြည်ထိုက်သူထံကူးပြောင်းလာမှုသည် ကျေးလက်ဒေသအတွင်း ကျင့်ဝတ်ပိုင်းဆိုင်ရာအပေါ် အလေးထားလာမှု ဖြစ်ပေါ်စေခဲ့သည်ကို ကျွန်ုပ်တို့ မြင်တွေ့ခဲ့ရသည်။ နိုင်ငံတော်အကြမ်းဖက်မှု၊ ကျေးလက်တောင်သူ လယ်သမားများနှင့်နိုင်ငံတော်ကြား တစ်စိတ်တစ်ပိုင်း အဆက်အသွယ်ပြတ်တောက်မှုကို ထင်ဟပ် သောအားဖြင့် ရွာခေါင်းဆောင်များသည် တရားဝင်အစိုးရရာထူးများထံမှ ကျေးရွာရေးရာများတွင် ပါဝင်ပတ်သက်မှုကို ပြန်လည်ချိန်ညှိလာခဲ့သည်။ "ဘုန်း"ဖြင့်အုပ်ချုပ်ခဲ့သူ နောက်ဆုံးပုဂ္ဂိုလ်များဟု ဆိုနိုင်သည်။ ကျေးလက်ရေးရာစီမံခန့်ခွဲမှုကို လူမှုရေးခေါင်းစဉ်အောက်တွင် ရိုးရာဓလေ့အရ ကျေးရွာ သားများကသာ အဓိကပြုလုပ်ကြသည်။ ကျွန်ုပ်၏ ကွင်းဆင်းလုပ်ငန်းဆောင်တာများအတွင်း ရွာတွင် ၎င်းတို့ လှည့်လည်သွားလာနေသည်ကို တွေ့မြင်ခဲ့ရပြီး ဥပမာအားဖြင့် သူတို့သည် အခမ်းအနားများ တွင် အမြဲရှိနေခဲ့သည်။ ကိုကျော်သည် မကြာခဏ ၎င်းတို့ထဲတွင် ပါဝင်သော်လည်း သူသည် အုပ်ချုပ် ရေးမှူးဖြစ်ပြီး "လူကြီး"မဟုတ်သေးဘဲ သူ၏လမ်းညွှန်မှုမှာ တစ်မျိုးတစ်ဖုံဖြစ်သည်။

ရွာရေးရာများကို လူ့တန်ဖိုးအကဲဖြတ်သည့် ပါဝင်ဆောင်ရွက်မှုနေရာတစ်ခုအဖြစ် ပြုလုပ်ခြင်းဖြင့် လူကြီးများသည် ဂေါကြီးရွာရေးရာများကို အုပ်ထိန်းသူ/ကြည့်ရှုစောင့်ရှောက်သူများအဖြစ် သြဇာနယ်ပယ်တစ်ခု ဖြစ်ပေါ်စေကြောင်း ကျွန်ုပ်တဖြည်းဖြည်း သဘောပေါက်လာခဲ့သည်။

ထို့ကြောင့် "လူကြီး၏တန်ဖိုး"ကို မေးခွန်းထုတ်ခြင်းသည် ဂေါကြီးရှိ လူမှုဆက်ဆံရေးများ၏ သဘော သဘာဝနှင့် ခေတ်ပြိုင် မြန်မာနိုင်ငံအလယ်ပိုင်းသမိုင်းကြောင်းနှင့် ပတ်သက်သည် - သြဇာနှင့်အာဏာ တည်ဆောက်ရာတွင် ရွာရေးရာများနှင့် ကိုယ်ကျင့်တရားသည် မည်မျှအရေးပါသနည်း။ "လူကြီးများ၏တန်ဖိုး" တည်ဆောက်မှုကို ဤအခန်းတွင် လူမှုဗေဒရှုထောင့်မှ လက်တွေ့ကျကျခွဲခြမ်းစိတ် ဖြာခြင်းဖြင့် ထိုမေးခွန်းကို ဖြေလိုပါသည်။ သြဇာနှင့်အခွင့်အာဏာကို ယခင်က အနည်းဆုံး နည်းလမ်း နှစ်ခုဖြင့် ဗမာ/မြန်မာနိုင်ငံ၏ ဤဒေသတွင် ခွဲခြမ်းစိတ်ဖြာခဲ့သည်။ ပထမအချက်အားဖြင့် ဗမာဗုဒ္ဓ ဘာသာကိုအာရုံစိုက်သည့် လေ့လာမှုအချို့က ကုသိုလ်ကောင်းမှုလုပ်ခြင်းသည် လူမှုဖြစ်တည်မှုတစ်ခု ကို မည်သို့ဖြစ်ပေါ်စေသည်ကို ပြသခဲ့သည်။ ဥပမာအားဖြင့် - လှူဒါန်းခြင်းဖြင့် သြဇာတိုးပွားစေသည် ဟူသော[Lehman 1984]၏အယူအဆကို [Schober 1989] က သူ၏ "ကုသိုလ်နယ်ပယ်" အယူအဆ တွင် ခုခံကာကွယ်ခဲ့သည်။ ပိုမိုလောကီဆန်သောအနေအထားတွင်မူ (ထောက်ပံ့သူ - အထောက်အပံ့ခံ ယူသူပုံစံဖြင့်) အာဏာဆက်ဆံရေးကို မည်သို့လေ့လာဆန်းစစ်ခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည် - ၎င်းသည် ဗမာ/မြန်မာပြည်အလယ်ပိုင်းတွင် သြဇာတည်ဆောက်မှုအဓိကပုံစံအဖြစ် နားလည်ထား သည် - လူတစ်ဦးချင်း၏ အရှိန်အဝါ၊ "ဘုန်း" သည် သြဇာတည်ဆောက်မှုမဟာမိတ်ဖွဲ့ရန် အဓိက သော့ချက်ဖြစ်သည် [Nash 1965]။ ဆိုလိုသည်မှာ ထိုလေ့လာစိတ်ဖြာမှုများအား ဆန့်ကျင်ရန် မဟုတ် ဘဲ ပုံစံအမျိုးမျိုးဖြင့်တည်ရှိနေသည့် သြဇာအာဏာများကိုဖော်ပြသည့် မတူသောအခေါ်အဝေါ်များ အဖြစ် အသိအမှတ်ပြုရန်ဖြစ်သည်။ လူတို့အချင်းချင်း မည်သို့ပတ်သက်ဆက်ဆံကြသည် အပေါ် မူတည်၍ ထိုသြဇာအာဏာများသည် ပြန်လည်မွေးဖွားခြင်း သို့မဟုတ် ဝေဖန်ထောက်ပြခံရခြင်းတို့ ဖြစ်ပေါ်သည်။ ထို့ကြောင့် လူတစ်ဦးသည် သူ၏ အလှူအဒါန်း

ကြောင့် သို့မဟုတ် သူ့ "ဘုန်း" ကြောင့် ကြီးမြတ်နေနိုင်သည်။ ကျွန်ုပ်၏အယူအဆမှာ မူ - "လူကြီးများ၏တန်ဖိုး"သည် အခြားပုံစံတစ်ခုမှ လာသည်။ ဆိုလိုသည်မှာ အများ အကျိုးကိုအလေးထားသည့် ရပ်ရွာရေးရာများတွင် "လူကြီးများ" ပါဝင် ဆောင်ရွက် ခြင်းဖြစ်သည်။

လူကြီးဟူသည့် အသုံးအနှုန်းသည် ဘက်စုံသုံး အသုံးအနှုန်းဖြစ်သည်။။ သတင်းမီဒီယာပေါ်မှ နာမည် ကြီးပုဂ္ဂိုလ်များ၊ ယေဘုယျအားဖြင့် သက်ကြီးရွယ် အိုများနှင့် အထူးသဖြင့် ဗိုလ်ချုပ်များအကြောင်း ပြောဆိုရာတွင်လည်း အသုံးပြု နိုင်သည်။ ထို့အပြင် ဒေသတစ်ခုရှိ ခေါင်းဆောင်များ၊ ဩဇာကြီးမားပြီး လေးစား ခံရသူများအကြောင်း ပြောဆိုရာတွင်လည်း လူကြီးဟူသည့် အသုံးအနှုန်းကို အသုံးပြုသည်။ ထို့ကြောင့် "လူကြီး"၏အရည်အသွေးဆိုသည်မှာ ကျော်ကြားမှု၊ ရာထူး၊ ဘုန်းကံ သို့မဟုတ် အများ အကျိုးကိုယ်စားပြုရွက်ဆောင်ခြင်း စသဖြင့် လူ့ အရည်အသွေးပြ တန်ဖိုးစကေးအမျိုးမျိုးကို ရည်ညွှန်း နိုင်ပါသည်။ လူတစ်ဦးကို "လူကြီး" ဟုခေါ်ဆိုခြင်းသည် အခြေအနေအပေါ်၊ လူကြီးဟု သတ်မှတ် ခံရသူများ နှင့်စကားပြောဆိုသူများအပေါ်မူတည်၍ အပြုသဘော သို့မဟုတ် အနှုတ်လက္ခဏာ ဆောင် သော အဓိပ္ပာယ်ဖွင့်ဆိုချက် ရှိနိုင်သည်။ သို့သော် ဂေါကြီးရွာတွင် လူကြီး များကား မည်သူနည်းဟု မေးမြန်းပါက စာရင်းမှာ တိုတောင်းပြီး တိတ်ဆိတ်သွား လေ့ရှိသည်။ ဒေသတစ်ခုတွင် လူကြီးဖြစ်ခြင်း သည် နေ့စဉ်ဘဝတွင်ဖြစ်စေ၊ အထူး အခမ်းအနားများတွင်ဖြစ်စေ လူမှုနယ်ပယ်၌ အများအကျိုးကို ဆောင်ရွက်နိုင်စွမ်းနှင့် ဆက်စပ်နေသည်။ ၎င်းသည် လူတစ်ဦးကိုသတ်မှတ်ရန် ခက်ခဲသောအရည် အသွေး တစ်ခုဖြစ်ကာ ကိုယ်ကျင့်တရားဆိုင်ရာအကဲဖြတ်ခြင်းကိုဆိုလိုပြီး လူမှုရေးနှင့် အခြား ဖြစ်တည်မှု နယ်ပယ်များရှိ ဆက်ဆံဆောင်ရွက်မှုအခြေအနေကို ရည်ညွှန်း သောကြောင့် ဖြစ်သည်။ ပို၍တိကျစွာ ပြောရလျှင် ကျွန်ုပ်တို့လေ့လာသုံးသပ်နေ သော လူကြီးများကို လူကြီးလူကောင်းဟု လည်းခေါ်သည်။ လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရား၊ အများနှင့်ယှဉ်တွဲနေထိုင်ခြင်းနှင့် ဆက်စပ် သော ကျင့်ဝတ်များ ကို အကဲဖြတ်ခြင်းသည် ဤအရည်အချင်းသတ်မှတ်ချက်၏ နေရာတိုင်းတွင် ရှိ နေသည်။ ထို့ကြောင့် ကျေးရွာလူထုအတွက် မည်သည့်ကိစ္စရပ်များက အရေးပါသည်

ကို လေ့လာ ဆန်းစစ်ခြင်းဖြင့် "လူကြီး" များတည်ရှိမှု၏ သင့်လျော်မှုကို ကျွန်ုပ်တို့ သိနားလည်နိုင်သည်။ ဤသို့ "လူကြီး"များ၏ ဩဇာလွှမ်းမိုးနိုင်မှုကို သဘောပေါက်ရန် အသေအချာလေ့လာသုံးသပ်ရန်လိုအပ်ပြီး ဒေသန္တရအခြေအနေနှင့် လူမှုဖြစ်တည်မှုများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် လူမှုနယ်ပယ်အတွင်း လူ့အရည်အသွေးသတ်မှတ်ရာတွင် အခြားသောအချက်များဖြစ်သည့် ဂုဏ်သိက္ခာ၊ ဘုန်း သို့မဟုတ် အလှူအဒါန်းရက်ရောအောင်မြင်မှုစသော တန်ဖိုးစကေးများလည်း တည်ရှိနေမှုကြောင့်ဖြစ်ပါသည်။

ဂေါ်ကြီးရွာအတွက် လူအများက တန်ဖိုးရှိသူဟုဖော်ပြကြသည့် လူကြီးသုံးဦးကိုဖော်ပြရန် ကျွန်ုပ်ရွေး ချယ်ထားပြီး ရွာသားများအဆိုအရ ထိုလူကြီးများသည် ကျေးရွာရေးရာများအား ကြည့်ရှုစောင့် ရှောက်ခြင်းဖြင့် အများအကျိုးကို မြှင့်တင်ပေးကြ၍ဖြစ်သည်။ လူကြီးများ၏ အခြားအမည်တစ်ခုမှာ "ရပ်ရေးရွာရေးအုပ်ထိန်းသူ" ဟူ၍ ဖြစ်ပြီး ယေဘုယျအားဖြင့် စုပေါင်းအဖွဲ့အစည်းတစ်ခုကို ဦးစီးဦး ဆောင်ပြုသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ရပ်ရေးရွာရေးများကို ကြည့်ရှုစောင့်ရှောက်ခြင်းဖြင့် လူကြီးများသည် ဩဇာလွှမ်းမိုးမှုကို ခိုင်မာစေခြင်းနှင့် တိုးချဲ့ခြင်းလည်းဖြစ်ပြီး ထိုကာလများအတွင်း အခြားသောပါဝင်ဆောင်ရွက်မှုပုံစံများအပေါ် "အများအကျိုး"ဟူသည့် အယူအဆက အုပ်စိုးသွားပုံရ သည်။ ဤထိတွေ့ဆက်ဆံမှုများတွင် အများအားဖြင့် မိသားစုဆက်ဆံရေးများ၊ မျိုးဆက်တစ်ခုနှင့်တစ်ခု ဆက်ဆံရေးများ၊ အိမ်နီးချင်းနှင့်ဆက်ဆံရေးများ နှင့် အထောက်အပံ့ခံယူသူဆက်ဆံရေးများ လည်းပါဝင်ပြီး ပုံစံအမျိုးမျိုးဖြင့်ဖြစ်ပေါ်နေကာ ကျွန်ုပ်တို့ လေ့လာမည့်အခြေအနေများမှာ အခမ်း အနားနှစ်ခုနှင့် အငြင်းပွားမှုတစ်ခုဖြစ်သည်။ သို့သော် ၎င်းတို့ကိုမဖော်ပြမီ ရပ်ရေးရွာရေးများကို ကြည့်ရှုစောင့်ရှောက်ခြင်းဆိုသည်မှာ - လူမှုနှင့်ကျင့်ဝတ်ဆိုင်ရာအကဲဖြတ်ခြင်း၊ ရိုးရာဓလေ့ထုံးတမ်း များနှင့် ဖြစ်ပေါ်လာသည့်အခြေအနေအသစ်များအားချိန်ညှိခြင်းနှင့် ဩဇာနယ်ပယ်ချဲ့ထွင်ခြင်းပင်ဖြစ်ကြောင်း ဖော်ပြလိုသည်။

ဂေါ်ကြီးတွင် မကြာသေးမီက ဩဇာနယ်ပယ်ဆိုင်ရာ အသွင်ပြောင်းလဲမှုအပြီးတွင် ရပ်ရေးရွာရေးသည် ရိုးရာစုပေါင်းလူမှုရေးပုံစံနှင့် အသစ်ဖြစ်ပေါ်လာသော

အခြေအနေများကို ပေါင်းစပ်ထားသည်။ လူမှု ဗေဒအဆင့်တွင် လူမှုရေးဆိုသည်မှာ တစ်ဦးချင်းနှင့် မိသားစုတာဝန်ဝတ္တရားများထက် ကျော်လွန်၍ ရပ်ရွာတစ်ခုလုံး၏ ကောင်းကျိုးချမ်းသာအတွက် တာဝန်ယူခြင်းနှင့်ပတ်သက်သည်။ အနည်းဆုံးအားဖြင့် ၎င်းသည် "သာရေး" ( ဥပမာ - အိမ်ထောင်ပြုခြင်း/မင်္ဂလာပွဲများ) နှင့် "နာရေး" (ဥပမာ - ဈာပန ကိစ္စများ)အတွက် အပြန်အလှန်အကူအညီပေးမှုကို ရည်ညွှန်းသည်။ လူမှုရေးဆိုသည်မှာ အခမ်းအနား များပြုလုပ်ခြင်းမှသည် အငြင်းပွားမှုများကိုဖြေရှင်းခြင်းအထိ စုပေါင်းလုပ်ဆောင်မှု အမျိုးမျိုးကို လွှမ်းခြုံထားသည့် အယူအဆတစ်ခုဖြစ်သည်။ သို့သော် ၎င်း၏အတိုင်းအတာသည် သတ်မှတ်ထား သောအချိန်တွင် အရေးကြီးသည်ဟု ယူဆသည့်အရာများအလိုက် ပြောင်းလဲသွားပါသည်။ ယနေ့ခေတ် ရပ်ရေးရွာရေးများတွင် ဥပမာအားဖြင့် - အခမ်းအနားများစီစဉ်ခြင်း (တစ်ဦးချင်းဖြစ်စေ၊ မိသား စုဖြစ်စေ၊ ဘုန်းကြီးကျောင်းနှင့်သက်ဆိုင်သည့်အခမ်းအနားဖြစ်စေ)၊ ရေနှင့် လျှပ်စစ်ဓာတ်အား ထောက်ပံ့မှုစနစ်များကို စီမံခန့်ခွဲခြင်း၊ လမ်းများပြန်လည်တည်ဆောက်ခြင်း၊ မကျန်းမာသူများ ဆေး ကုသမှုနှင့် ဈာပနကိစ္စများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ဆက်ဆံခြင်း သို့မဟုတ် ရွာကို တိုးချဲ့ခြင်းဆိုင်ရာကိစ္စများ ပါဝင်သည်။ ထိုသဘောအရ ဂေါကြီးတွင် ရပ်ရေးရွာရေးများသည် သြဇာ နယ်ပယ်ပုံစံတစ်ခုဖြစ်လာခြင်းဆိုသည်မှာ - လူမှုရေးခေါင်းစဉ်အောက်တွင် အများအကျိုးအတွက် ပါဝင်ဆောင်ရွက်ခြင်းသည် ကျင့်ဝတ်နှင့်အယူအဆပိုင်းအရ အပြောင်းအလဲ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပြီး အကြမ်းဖက်၍အဂတိလိုက်စားသည့်နိုင်ငံတော်ကို နာမည်ဆိုးဖြင့်ကျော်ကြားသော ရွာသူကြီး ကကိုယ်စားပြုခဲ့ခြင်းမှသည် ဒေသတွင်း ကိုယ်ယူကိုယ်ထအယူအဆသို့ ပြောင်းလဲလာခဲ့ခြင်းဖြစ်သည် - ဟု ရည်ညွှန်းသည်။

တတိယအချက်အားဖြင့် ရပ်ရေးရွာရေးများထွန်းကားလာခြင်းသည် သြဇာနယ်ပယ်ကို မည်သို့မြင် ယောင်ပြီး မည်သို့တိုးချဲ့ခဲ့သည်ဟူ၍လည်း ထင်ဟပ်စေပါသည်။ အခန်း ၄ တွင် ကိုကျော်၏ တစ်နေ့ တာဘဝအကြောင်း လိုက်လံလေ့လာပြီးနောက် ရပ်ရွာတွင်း အဖြစ်အပျက်များကို အစိုးရအုပ်ချုပ်ရေး ဆိုင်ရာရှုထောင့်မှသာ သိနားလည်ခြင်းသည် လက်တွေ့မကျဆိုသည်ကို ကျွန်ုပ်တို့တွေ့ရှိခဲ့ပါသည်။

ဥပမာအားဖြင့် ကိုကျော်တို့ကျေးရွာနှင့် လူမှုရေးစံနှုန်း/အလေ့အကျင့်များဆင်တူသည့် တိုးစီကုံးရွာသို့ (မင်္ဂလာမဆောင်မီ) မင်္ဂလာမောင်နှံစေ့စပ်ကြောင်းလမ်းပွဲအတွက် ကိုကျော်သွားရောက်ခြင်းသည် ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် အုပ်ချုပ်ရေးရာရှုထောင့်မှ သွားရောက်ခြင်းမဟုတ်ဘဲ ဂုဏ်သရေရှိ သက်သေတစ်ဦးအဖြစ် လူမှုရေးရှုထောင့်မှ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် တိုးစီကုန်းကို ဂေါကြီး၏ရပ်ရေးရွာရေးတစ်ခုအဖြစ် ထည့်သွင်းထားခြင်းဖြစ်သည်။ ဥပမာအားဖြင့် ၎င်းတို့သည် အခမ်းအနားများအတွက် အချင်းချင်းကူညီကြပြီး တိုးစီကုံးရွာလူများသည် အခမ်းအနား များကျင်းပရန် ဂေါကြီး၏ ရွာဘုံပိုင်ပစ္စည်းများနှင့် ဘုန်းကြီးကျောင်းကို မှီခိုအားထားကာ တစ်ဦးနှင့် တစ်ဦး ရပ်ဆွေရပ်မျိုးများဟု ခေါ်ဆိုကြသည်။ ဤအသုံးအနှုန်းသည် ရှည်လျားသော ဆွေမျိုးနှောင် ကြိုးများမှတဆင့် အပြန်အလှန်ချစ်ခင်ရင်းနှီးမှုနှင့် ဆက်နွယ်မှုကို ထင်ဟပ်စေသည်။ နေထိုင်ရာ အရပ်နှင့် ဆွေမျိုးဟူသည့် စကားလုံးနှစ်ခုကို ပေါင်းစပ်ထားသည့် အခေါ်အဝေါ်ဖြစ်သည်။ ထိုကဲ့သို့ သော စုဝေးမှုကို ရွာရှိအသက်အရွယ်ကြီးသူများကို ခေါ်သည့် "ရပ်မိရပ်ဖ-နေထိုင်ရာအရပ်ဒေသ၏ မိဘများ" ဟူသည့် အသုံးအနှုန်းတွင်လည်း တွေ့နိုင်သည်။ ဆိုလိုသည်မှာ ရိုးရာလူမှုရေးပုံစံသည် ဘုံ နေထိုင်ရာအရပ်နှင့် ဆွေမျိုးတော်စပ်မှု/တစ်နယ်တည်းသားဖြစ်မှုအလိုက် ဖြစ်တည်မှုတစ်ခုကို ဖန်တီးပေးသည်။ သဘောတရားအရ လူမှုရေးသည် လူတိုင်းနှင့်သက်ဆိုင်ပြီး သူစိမ်းများအပေါ်ထိုင်ဝတ် ကျေပွန်မှုမှသည် အိမ်နီးချင်းများ၏ ဈာပနများအထိ ကျယ်ပြန့်သော ဆက်ဆံရေးအစုံကို လွှမ်းခြုံထား သည်။ လူမှုရေးကပင် ရွာများကို စုစည်းပေးသည် သို့မဟုတ် ချန်လှပ်လိုက်သည်။ လူမှုရေးတွင် "ရပ်" ဆိုသည့် စကားလုံးသည် ကျေးရွာမြေပုံ အတိုင်းအတာအရမဟုတ်ဘဲ လူအချင်းချင်းပတ်သက် ဆက်ဆံမှု၊ တာဝန်ခွဲဝေယူမှုများနှင့် အတိုင်းအတာတစ်ခုအထိ သက်ဆိုင်နေသည်။ ဤသို့ လူအုပ်စု များအကြား ရပ်ဆွေရပ်မျိုးသဖွယ်နှောင်ဖွဲ့မှုသည် နောက်ခံအခင်းအကျင်း သမိုင်းပေါ်တွင်လည်း မူတည်သည် - တိုးစီကုံးရွာသည် ၎င်းတို့၏ သမိုင်းကြောင်းနှင့် မူလပထမအခြေချနေထိုင်သူဖြစ်ခွင့် အတွက် တောင်းဆိုမှုတလျှောက် ဂေါကြီးနှင့်ရင်းနှီးသည့်ဆက်နွယ်မှုရှိသော်လည်း ဂေါကြီးနှင့် မြင်းမီး လောင်နယ်တို့သည် ထို

ကဲ့သို့သောဆက်ဆံရေးမျိုး မည်သည့်အခါကမျှ အမှန်တကယ် တည်ဆောက် ခဲ့ခြင်း မရှိပါ။ ဆန့်ကျင်ဘက် အနေဖြင့် မြင်းမီးလောင်နယ်မှလူများကို ဂေါကြီး၏ရပ်ရေးရွာရေးများမှ မြင်သာစွာ ဖယ်ထုတ်ခံထားရပြီး ဆိုလိုသည်မှာ မြင်းမီးလောင်နယ်မှလူများသည် ၎င်းတို့ရပ်ရွာ အတွက် ၎င်းတို့ကိုယ်တိုင်ကိုသာ အားကိုးရမည်ဖြစ်သည်။ ဤကွဲပြားမှုသည် ဂေါကြီးနှင့် မြင်းမီး လောင်နယ်အကြား ထပ်ခါတလဲလဲ ဖြစ်ပေါ်နေသော မကျေနပ်ချက်များနှင့်အတူ လက်တွဲသွားသည်။ ဆိုလိုသည်မှာ ဤ လူမှု - နောက်ခံ အခင်းအကျင်း၏ သမိုင်းကြောင်းသည် ယနေ့ ထိုရွာများ၏ အဖြစ် အပျက်နှင့် တိုးတက်မှုများ မည်သို့ ဖြစ်ပေါ်လာသည်ကို ပုံဖော်ပေးခဲ့သည်။

ဤအခန်းတွင်တင်ပြထားသောပုဂ္ဂိုလ်သုံးဦးသည် အကြမ်းဖက်ပြီး ဆက်ဆံရေးပြတ်တောက်နေသော နိုင်ငံတော်ကို ရင်ဆိုင်ရာတွင် ယခင်ကျင့်ဝတ်ပုံစံကိုလိုက်နာ၍ ရပ်ရွာအကျိုးစီမံရန်အတွက် ရိုးရာလူမှု ရေးပုံစံများနှင့် အသစ်ဖြစ်လာသည့် အခြေအနေများကိုပေါင်းစပ်ကာ ရပ်ရေးရွာရေးများကို ထိန်းသိမ်း မြှင့်တင်ရန် လွန်ခဲ့သောဆယ်စုနှစ်များအတွင်း တွန်းအားပေးခဲ့ကြသည်။ ထိုသို့ပြုလုပ်ရန် အတွက် ၎င်းတို့သည် လူမှုရေးရာနယ်ပယ်၏ အဓိကကျသော ကျေးရွာရှိစုဖွဲ့မှုများ (ကာလသားခေါင်းများ၊ အခမ်းအနားမှူး၊ ရပ်မိရပ်ဖ) ကို အသုံးပြုခဲ့ပြီး လူ့တန်ဖိုးကို အကဲဖြတ်သည့် အခြေအနေများတွင် ဒေသန္တရ (အပြန်အလှန်ကူညီမှု၊ အိမ်ထောင်ပြုခြင်း၊ အငြင်းပွားမှုများတွင် အဖြေရှာသဘောတူညီမှု) ကျင့်ဝတ်များကို ထိန်းသိမ်းခဲ့ကြသည်။

ရှင်ပြုပွဲအခမ်းအနားကို ကြည့်ခြင်းအားဖြင့် လူတို့သည် ကုသိုလ်၊ ငွေကြေး၊ အစားအသောက်၊ အပြန် အလှန်ကူညီမှု စသည်တို့ဖြင့် အချင်းချင်း ဆက်ဆံပုံအပြင် ရှင်ပြုပွဲသည်လည်း ရပ်ရွာကိစ္စဖြစ်ကြောင်း ပြသနေသည်။ အမှန်စင်စစ်ပင် ဂေါကြီးတွင် ရှင်ပြုပွဲကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီကြရန် စုပေါင်းအားထုတ်မှုလိုအပ်ပါသည်။ ရိုးရာဓလေ့ထုံးတမ်းစဉ်လာအောက်တွင် "ဦးလင်း"သည် ယင်း အတွက် တာဝန်ရှိပါသည်။ ထို့အပြင် ရှင်ပြုပွဲတော်အတွင်း ဖြစ်ပေါ်သော ပါဝင်ပတ်သက်မှုပုံစံ အမျိုး မျိုး (ကုသိုလ်မျှဝေခြင်း၊ ရှင်ပြုလက်ဖွဲ့ငွေ၊ အစားအသောက်လှူဒါန်းခြင်း၊ ဂီတ၊ သားကို ဘုန်းကြီး ကျောင်းသို့ပို့ဆောင်ခြင်း စသည်)၊ ပန်းကန်ဆေးခြင်း၊

ရွာမဏ္ဍပ်/အခမ်းအနားခန်းမ ဆောက်လုပ်ခြင်း၊ အစားအသောက်ကျွေးမွေးခြင်း သို့မဟုတ် ချက်ပြုတ်ခြင်းတို့သည် လူတို့၏ပါဝင်ပတ်သက်မှုကို တိုင်းတာသည့် စမ်းသပ်မှုများဖြစ်သည်။ ဤသို့စုပေါင်းကိစ္စရပ်များတွင် လူတို့၏ပါဝင်ပတ်သက်မှု သည် ရွာကို မြေပုံအတိုင်းအတာအရသာမဟုတ်ဘဲ တာဝန်ခွဲဝေယူပြီး တစ်ဦးနှင့်တစ်ဦး ချိတ်ဆက် နေထိုင်ရာ နေရာတစ်ခုအဖြစ် သတ်မှတ်ရာတွင် အဓိကကျသည်။ စုံတွဲများပေါင်းစည်းခြင်းသည် လည်း စုပေါင်းပါဝင်မှုတစ်ခုဖြစ်သည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရပြီး လူသိရှင်ကြားဖြစ်စေခြင်း၊ စုံတွဲများ ရွေ့ လက်တွဲပေါင်းစည်းရန် “ဦးမောင်”က ဦးဆောင်ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ဖြင့် ရပ်ရွာတွင်း မင်္ဂလာကိစ္စ အဆင်ပြေချောမွေ့စေပြီး နှစ်ဖက်မိသားစုများသည်လည်း ရိုးရာဓလေ့များကို လိုက်နာ ရန် ဖြစ်သည်။

ထို့အပြင် အများအကျိုးဟုဆိုရာ၌ တစ်ခါတရံတွင် စျာပနကိစ္စများဆောင်ရွက်ခြင်း၊ ရပ်ရွာတိုးချဲ့ ခြင်းအပြင် အိမ်နီးချင်းများနှင့်ဆက်ဆံရေးကို ထိန်းညှိခြင်းဆိုင်ရာ ကိစ္စရပ်လည်း ပါဝင်နိုင်သည်။ ဦးဌေး၏ အများအကျိုးကို မြှင့်တင်နိုင်စွမ်းသည် သူ၏အတိတ်ကလုပ်ဆောင်ချက်များနှင့် နီးကပ်စွာ ဆက်စပ်နေပြီး ရွာတစ်ရွာလုံးအပေါ် ဂုဏ်သိက္ခာ/သမာဓိနှင့် စဉ်ဆက်မပြတ် ကတိကဝတ်ကို ပြသခဲ့သည်။ ထို့ကြောင့် “လူကြီးများ”သည် နက်ရှ် [Nash]ဖော်ပြခဲ့သော ‘ဘုန်းကံနှင့်လူ’နှင့် မတူသော ရွာခေါင်းဆောင်များဖြစ်သည်။ “လူကြီးတို့”၏ တန်ဖိုးသည် ၎င်းတို့၏ လူ့ဒါန်းမှုပမာဏ သို့မဟုတ် အရေအတွက်ပေါ်တွင်လည်း မူတည်ခြင်း မရှိပါ။ ထို့အပြင် လူများအကြား အထက်အောက် အဆင့်အတန်းကို ဖန်တီးပေးသော ပါဝင်ဆောင်ရွက်မှု ပုံစံနှစ်မျိုးဖြစ်သည့် ထောက်ပံ့မှု သို့မဟုတ် ကုသိုလ်ပြုမှုကဏ္ဍကြောင့် “လူကြီး” တို့၏ ကြီးမြတ်မှုကို ဖြစ်ပေါ်စေသည်ဟုလည်း အပြည့်အဝ ထင်ဟပ်ခြင်း မရှိပါ။ ရပ်ရေးရွာရေးများတွင် လူတို့၏ပါဝင်မှုသည် မတူညီသည့်စိတ်ကူးများဖြင့် အမျိုးမျိုး ကွဲပြားနေနိုင်သော်လည်း လူမှုရေးခေါင်းစဉ်အောက်တွင် အားလုံးစုစည်းသွားကြသည်။ ၂၁ ရာစု ၊ ဂေါ်ကြီးရွာတွင် “လူမှုရေး”သည် ရွာရှင်သန်လည်ပတ်ရေးအတွက် အဓိကနယ်ပယ်ဖြစ်လာပြီး “လူကြီး”များက ရပ်ရေးရွာရေးများကို ပဲ့ကိုင်လမ်းညွှန်ခဲ့ကြသည်။ ထို့ကြောင့် ရွာကိစ္စရပ်များသည် အခြားကိစ္စရပ်များ အားလုံး

ကို အတိုင်းအတာအမျိုးမျိုးဖြင့် ဖြတ်ကျော်သွားပြီး 'ကိုယ့်အရေးများ'သည် လည်း 'လူမှုရေး ကိစ္စရပ်များ'နှင့် သက်ဆိုင်နေနိုင်သည်။ ထို့ကြောင့် ရပ်ရွာကိစ္စရပ်များ အား လူ့တန်ဖိုး ကို ဘုံအကျိုးစီးပွားအရတိုင်းတာသည့် ပါဝင်ဆောင်ရွက်မှုနေရာ တစ်ခုအဖြစ် ပြုလုပ်ခြင်းဖြင့် လူကြီး များသည် "ဖို သို့မဟုတ် အမျိုးသား" တန်ဖိုး များ လွှမ်းမိုးထားသော (ထိရှလွယ်သော) လူမှုဖြစ်တည်မှု ကို ဖန်တီးနေကြသည်။ သမိုင်းအခြေအနေအချို့တွင် လူကြီးများသည် ကျေးရွာရေးရာများကို အုပ်ထိန်းသူ/ စောင့်ရှောက်သူများအဖြစ် ၎င်းတို့၏ အခန်းကဏ္ဍကို ဖန်တီးခဲ့ကြသည်။

ဤစာတမ်းပါကျေးရွာတွင် ရပ်ရေးရွာရေးများအား ဦးစီးဦးဆောင် ပြုရန် အမျိုးသားအုပ်စုတစ်ခုကို ယုံကြည်အပ်နှင်းခဲ့ကြပြီး ယခင်ကျင့်ဝတ် လိုက်နာသူ ခေါင်းဆောင်များအား စံနမူနာယူ၍ ရိုးရာလူမှု ရေးအယူအဆအပေါ် ဆောင်ရွက်သွားခြင်းဖြစ်သည်။ ယနေ့ခေတ်သစ် ဩဇာအာဏာဖွဲ့စည်းမှု ကြောင့် ထိုကျေးရွာအပေါ် မည်သို့သက်ရောက်မှုရှိသနည်းဆိုသည်ကို ဤအခန်းတွင် နားလည် သဘောပေါက်နိုင်အောင် ကြိုးစားထားခြင်းလည်းဖြစ်သည်။ ရပ်ရေးရွာ ရေးများသည် အသစ်အဆန်း မဟုတ်ပါ။ သို့သော် နိုင်ငံတော်၏ အကြမ်းဖက်မှုနှင့် အဂတိလိုက်စားမှုကြောင့် နောက်ဆက်တွဲ အနေဖြင့် ရပ်ရေးရွာရေးများအား "လူ့ တန်ဖိုးအကဲဖြတ်သည့် ပါဝင်ဆောင်ရွက်မှုနယ်ပယ်" အဖြစ် အသွင်ပြောင်းသွားခြင်း မှာ ထူးခြားမှတ်သားဖွယ်ရာဖြစ်သည်။



# နိဂုံး

ဤစာတမ်းပါ သမိုင်းကြောင်းအပိုင်းတွင် နေရာဒေသတစ်ခု၌ သြဇာပါဝါဖွဲ့စည်းမှု မည်သို့ အသွင် ပြောင်းသွားခဲ့သည်ဟု ဖော်ပြထားသည်။ သမိုင်းကြောင်းအရ အရေးပါသည့် သိနားလည်မှုတစ်ခုမှာ ကိုလိုနီခေတ်ကို ပြိုကွဲမှုကာလဟူ၍သာ မသတ်မှတ်သင့်ပါ။ ကိုလိုနီအုပ်ချုပ်ရေး၏ မြန်မာနိုင်ငံအပေါ် သက်ရောက်မှုနှင့် ပတ်သက်သည့် လေ့လာသုံးသပ်မှုအကြီးစားတွင် ရွာသူကြီးနှင့်ကျေးရွာစနစ်ကို မိတ်ဆက်ခြင်းသည် ဆိုးကျိုးဖြစ်ပေါ်စေသကဲ့သို့ ရိုးရာအထက်တန်းလွှာများကို ဖယ်ရှားပြီး အာဏာ နှင့် ဖွဲ့စည်းတည်ဆောက်မှုအသစ် ဖြစ်ပေါ်လာသည့်အခြေအနေတွင် နေရာနှင့်မြေယာများကို ပြန်လည်စီစဉ်ခြင်းဖြင့် ယခင်ရှိခဲ့သည့်အာဏာကို လုံးဝ မတည်မငြိမ်ဖြစ်စေခြင်းကြောင့် အသွင် ပြောင်းမှုဆန်သည်ဟူသော အယူအဆကို အခြေခံထားသည်။ ရိုးရာအထက်တန်းလွှာများသည် တစ်နေရာနှင့်တစ်နေရာ မတူညီခြင်း၊ အာဏာကို မည်သူရရှိသင့်သည်ဟူသော ဒေသတွင်းပဋိပက္ခ များ၊ လုပ်ပိုင်ခွင့် အာဏာဆိုင်ရာအကန့်အသတ်များနှင့် လက်တွေ့အကောင်အထည်ဖော်နိုင်မှုများ စသောရှုပ်ထွေးမှုများသည် ရွာသူကြီးစနစ်မတိုင်မီကပင်ရှိနှင့်ခဲ့ပြီးဖြစ်ကာ ရွာသူကြီးစနစ်သည် ထိုအခြေအနေများကို ဖယ်ရှားခြင်းမပြုဘဲ တွဲစပ်လိုက်ခြင်းသာဖြစ်သည်။ ဤစာတမ်းသည် သမိုင်းကြောင်းအရ ဆက်လက် ဖြစ်ပေါ်နေမှုများနှင့် ပြောင်းလဲမှုများကို ပိုမိုနက်နဲသိမ်မွေ့စွာ သိရှိ နားလည်မှုရရှိစေရန် အထောက်အကူပြုသည်။ ထို့အပြင် ကိုလိုနီခေတ်မတိုင်မီကပင် ရွာနှစ်ရွာ ကြားဆက်ဆံရေးသည် သမိုင်းကြောင်းအရ စိတ်ဝမ်းကွဲပြားမှုများ၊ တင်းမာမှုများ၊ ပြိုင်ဆိုင်မှုများနှင့် ပြည့်နှက်နေပြီး ကိုလိုနီခေတ်ကာလနှင့်ကိုလိုနီခေတ်ပြီးကာလများ၌ ကျေးရွာစနစ်နှင့် ကျေးရွာ နယ်နိမိတ်ကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း ထိုကဲ့သို့ပင် ဆက်လက်တည်ရှိနေကြောင်း တွေ့ရှိရ သည်။ ထိုတင်းမာသည့် ဆက်ဆံရေးသည် ယနေ့ထိတိုင်ပင် ဆက်လက်တည်ရှိနေပြီး "သူကြီးရာထူး" ကိုအဓိပ္ပါယ်ဖွင့်ဆိုရာတွင် အချိန်ကာလအလိုက်ပြောင်းလဲနေပြီး ဒေသန္တရအခြေအနေများ၊ တစ်နိုင်ငံ လုံးအခြေအနေများနှင့်လည်း ဆက်စပ်နေသည်။

ကျေးလက်ဒေသန္တရအတွင်း အာဏာလည်ပတ်မှုနှင့် ကျေးလက်နေ့စဉ် လုပ်ဆောင်မှုကို အာရုံစိုက် ခြင်းဖြင့် ဤစာအုပ်သည် မြန်မာနိုင်ငံတွင် 'တောင်ပေါ်' နှင့် 'မြေပြန့်' ဟူသည့် သမားရိုးကျသာ ကွဲပြား ရှုမြင်မှုမှ ဝေးကွာစေရန်လည်း ကူညီပေးပါသည်။ အညာဒေသတွင်း ဖြစ်ပေါ်တည်ရှိမှုများကို ထို သုံးသပ်မှုအပေါ်တွင် အခြေခံထားသည်။ မြေပြန့်ဒေသရှိလူ့အဖွဲ့အစည်းတွင် တောင်ပေါ်ဒေသ လူ့အဖွဲ့အစည်းများနှင့်ဆန့်ကျင်ဘက်အနေဖြင့် - အဖေဘက်သာမက အမေဘက်နှင့်လည်း ဆွေမျိုး တော်စပ်အမွေဆက်ခံခွင့်ရှိခြင်း (တောင်ပေါ်ဒေသတွင် အမည်/အမွေစသဖြင့် အဖေဘက်သာ အဓိက ဖြစ်ခြင်း)၊ ပုဂ္ဂိုလ်ရေးအချိတ်အဆက်များဖြင့် အာဏာရခြင်း (တောင်ပေါ်ဒေသတွင် အထက်အောက် အာဏာဆက်ဆံရေး)၊ ဗုဒ္ဓဘာသာဖြစ်ခြင်း (တောင်ပေါ်ဒေသတွင် မိရိုးဖလာနတ်/ဝိညာဉ်ကိုးကွယ်ယုံကြည်မှု)၊ ဆန်စပါးစိုက်ပျိုးရေး (တောင်ပေါ်ဒေသတွင် ရွှေ့ပြောင်းတောင်ယာ)နှင့် နိုင်ငံတော်/ဗဟို အာဏာရှိခြင်း (တောင်ပေါ်ဒေသတွင် နိုင်ငံတော်/ဗဟိုအာဏာစက်ဝေးကွာခြင်း/မသက်ရောက်ခြင်း) စသည့် သွင်ပြင်လက္ခဏာများရှိသည်။ သို့သော်လည်း ရှုပ်ထွေးသောနိုင်ငံရေး/ဩဇာတည်ဆောက်မှု လုပ်ငန်းစဉ်များကိုမူ တောင်ပေါ်ဒေသတွင်သာမက မြေပြန့်ဒေသများတွင်လည်း ကြုံတွေ့ရသည်။ ဤစာအုပ်တွင် မြေပြန့်ဒေသများရှိအာဏာကို စည်းလုံးညီညွတ်ပြီးအဖွဲ့အစည်းများအတွင်း စနစ် တကျလည်ပတ်နေသည့်အရာအဖြစ်ရှုမြင်မည့်အစား အာဏာသည် ဆွေမျိုးတော်စပ်မှု၊ သမိုင်း ကြောင်း၊ ကိုယ်ကျင့်တရား၊ တာဝန်ယူမှု၊ တာဝန်ဝတ္တရား၊ ဩဇာအာဏာရှိမှု၊ အာဏာမဲ့မှုတို့နှင့် ဆက်စပ်သော ဒေသန္တရဗဟုသုတစနစ်များမှ တဆင့် အဆက်မပြတ် ညှိနှိုင်းနေရသည့်ပုံပေါ်ကြောင်း ကျွန်ုပ်ပြသထားပါသည်။ ဤစာတမ်းဖြင့် ငြင်းခုန်မှုမှာ "နိုင်ငံတော်အာဏာ" သည် အစိုးရဖွဲ့စည်း တည်ဆောက်မှုအရ သူကြီး၏ကိုယ်စားပြုမှုမှတဆင့် ဗဟိုမှသည် ဒေသန္တရကျေးရွာအဆင့်သို့ ချောမွေ့စွာစီးဆင်းသွားသည်ဟူသော အယူအဆကိုစိန်ခေါ် ပြီး အမှန်စစ်စစ်လက်တွေ့တွင် အခြား နေရာများ၌မြင်တွေ့ရသည့်အတိုင်း ရှုပ်ထွေးသော နေ့စဉ်ကိစ္စရပ်များပင်ဖြစ်ကြောင်း နည်းလမ်းများ စွာဖြင့်တင်ပြထားသည်။

အညာဒေသ၏ ကိုလိုနီခေတ်မတိုင်မီကာလကို အာရုံစိုက်ခြင်းဖြင့် ခေါင်းဆောင်မှုအတွက် ယှဉ်ပြိုင်မှု၊ အမျိုးမျိုးသောဆက်ဆံရေးတည်ဆောက်မှုနှင့် အာဏာဆိုင်ရာ ထွေလီကွဲပြားမှုတို့သည် ကျေးလက် ဒေသ၏ ရှင်သန်ဖြစ်တည်မှုတွင် အဓိကဖြစ်ခဲ့ပြီး ၎င်းတို့သည် ကိုလိုနီခေတ်ကို ကြံ့ကြံ့ခံခဲ့ကြကြောင်း တွေ့ရှိရသည်။ ထိုခေတ်မှဆင်းသက်လာသော အုပ်စုများသည် လယ်ယာစိုက်ပျိုးရေး တိုးချဲ့မှု၊ ဝိညာဉ် ဂိုဏ်းဂဏများနှင့် ဗုဒ္ဓဘာသာတို့၏ တိုးတက်ပြောင်းလဲမှု၊ ဒေသခံအကြီးအကဲများနှင့် ဆက်နွယ်မှု တို့မှတဆင့်ပုံဖော်ဖွဲ့စည်းခြင်းဖြင့် ၎င်းတို့၏ အခြေချနေထိုင်မှုများကို ခိုင်မာစေခဲ့သည်။ ၎င်းသည် ဒေသတွင်နေထိုင်ခြင်းဆိုင်ရာ (ဆန့်ကျင်ဘက်မဟုတ်သော်လည်း) ကွဲပြားသော ပိုင်ဆိုင်မှုခံစားချက် များကိုဖြစ်ပေါ်စေသည်။ ဤသဘောအားဖြင့် ဂေါ်ကြီးနှင့် မြင်းမီးလောင်ကိုတည်ထောင်ခဲ့သည့် အကြောင်းအရာများသည် ကိုလိုနီခေတ်မတိုင်မီကပင် ရှိခဲ့သည့် ပြောင်းလဲလွယ်သည့်စနစ် (အမှုထမ်း နှင့် အမှုထမ်းမဟုတ်သူ လူအုပ်စုများ)၏ ဖြစ်တည်မှုနှင့် ဆက်စပ်နေပြီး ယနေ့ထိတိုင်ပင် မူလပထမ နေထိုင်သူဆိုင်ရာအခွင့်အရေးများနှင့် အခြားဒေသများမှရွှေ့ပြောင်းလာသူတို့၏ အခွင့်အရေးများဟူ၍ မတူသော အမြင်ရှုထောင့်များ တည်ရှိနေသည်။ ထို့ကြောင့် ဒေသတွင်းဒဏ္ဍာရီများနှင့် ယုံတမ်း စကားများကို သမိုင်းဝင်အရင်းအမြစ်များ၊ ယနေ့ခေတ်ပြိုင်ကိစ္စရပ်များနှင့် ပတ်သက်သည့် ဆွေးနွေး ချက်များအဖြစ်ရှုမြင်ရန် ဤစာအုပ်က အကြံပြုထားသည်။

ဤလေ့လာမှုသည် ကိုလိုနီခေတ်မတိုင်မီက ဒေသခံလူကုံထံများကို တစ်ခုတည်းသာရှိသောအုပ်စု တစ်ခုအဖြစ်နားလည်ထားမှုနှင့် ကျေးရွာများတွင် ရွာသူကြီးစနစ်ဖြစ်ပေါ်လာမှုကို အာဏာ၏ သဘောသဘာဝပြောင်းလဲမှုအဖြစ်သာ သတ်မှတ်ထားမှုကို ဝေဖန်ထောက်ပြခြင်းဖြစ်သည်။ ထို ရှုထောင့်အားဖြင့် ကျေးရွာစနစ်ဖြစ်ပေါ်လာမှုသည် “ဓလေ့ထုံးတမ်းစဉ်လာများ” နှင့် “ကိုလိုနီခေတ် အရာရှိများ”ကိုအတူ ယှဉ်တွဲထားသည့် ရိုးရာဓလေ့များဖြစ်ပေါ်လာစေရန်ဖြစ်ပြီး ကျေးလက်ဒေသ ငြိမ်ဝပ်ပိပြားရေးအတွက် ကြိုးပမ်းမှုတစ်ရပ်လည်း ဖြစ်သည်။ သို့သော် မြင်းမီးလောင် ကျေးရွာ အုပ်စုကို အမှန်တကယ်ဖန်တီးခြင်းသည် ကိုလိုနီစနစ်ကိုလိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင် သည့်လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ ရွာစနစ်၊ အခွန်စနစ်နှင့်

တရားရုံးများက မြေယာနှင့် ချမ်းသာ ကြွယ်ဝမှုကိုထိန်းညှိပေးသည့် တာဝန်ဝတ္တရားများနှင့်ဓလေ့ထုံးတမ်းများကို ဝေဖန်ထောက်ပြရန် နည်းလမ်းများကိုပံ့ပိုးပေးခဲ့ပြီး အထူးသဖြင့် မိသားစုဆက်ဆံရေးနှင့် ငှားရမ်းခြင်းသဘောတူညီချက် များအတွင်းမှ ဖြစ်သည် (ဆိုလိုသည်မှာ ပိုင်ဆိုင်လိုမှုများကို တရားရုံးများမှတဆင့် အရေးဆိုခြင်းဖြင့် ဒေသတွင်း ဓလေ့ထုံးတမ်းများကို စိန်ခေါ်လာကြသည်)။ မြင်းမီးလောင်ကျေးရွာအုပ်စုသည် ဒေသ တွင်းဖြစ်ပေါ်ပြောင်းလဲမှုများ၏ ဗဟိုချက်ဖြစ်လာသောအခါ သူကြီးရာထူးသည် ဒေသန္တရဖြစ်ပေါ် ပြောင်းလဲမှုများ၏ ရလဒ်လည်းဖြစ်သကဲ့သို့ ကိုလိုနီခေတ် ကျေးရွာများကိုထိန်းချုပ်ရန် နည်းလမ်း တစ်ခုလည်းဖြစ်သည်။ ထို့နောက် မြင်းမီးလောင်သည် အကြီးအကဲပေါ်မူတည်၍ ဩဇာတိုးချဲ့နိုင်သောနယ်ပယ်တစ်ခုအဖြစ် ပြောင်းလဲလာခဲ့ပြီး ခေါင်းဆောင်အဆက်ဆက်သည် မတူညီသော ရပ်တည်ချက်များကို ပုံဖော်လာသောအခါ ဦးဆောင်မှုမှာ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ မတူညီစွာ ဆောင်ရွက်သည့် ကိစ္စဖြစ်လာခဲ့သည်။

၂၀ ရာစု၏ ပထမဆယ်စုနှစ် နှစ်ခုတွင် - ကိုလိုနီခေတ်၏ ပထမ ရွာသူကြီးနှစ်ဦးထံမှသည် ဂေါကြီး၏ ပထမဆုံးဆရာတော်ရောက်လာခြင်းနှင့်အတူ "ဘုန်းဖြင့်ဦးဆောင်သူ နောက်ဆုံးအမျိုးသား" များထံ အပြောင်းအလဲဖြစ်လာခဲ့ပြီး ထို "ဘုန်း"နှင့်အမျိုးသားခေါင်းဆောင်များသည် ကျေးရွာလူထု၏ နိစ္စ ဓူဝဘဝတွင် အပြုအမူကောင်းများဖြစ်ပေါ်စေခြင်း၊ ကျင့်ဝတ်လိုက်နာစေခြင်းများအတွက် နမူနာ ယူထိုက်သူများဖြစ်လာကာ ကျေးရွာလူထုသည် ဗုဒ္ဓဘာသာဝင်များအဖြစ် ပြန်လည်သုံးသပ်လာကြ ခြင်း နှင့် ကိုလိုနီအုပ်ချုပ်ရေးကို လက်သင့်မခံမှုများ ဖြစ်ပေါ်လာခဲ့သည်။ ဤရှုထောင့်က ဤကာလကို လူမှုပြိုကွဲမှု၏ အခိုက်အတန့်အဖြစ်သာမက အမျိုးမျိုးသော ချိတ်ဆက်မှုများမှတဆင့် ကြီးမားသော တောင်သူမိသားစုများထံ ဩဇာအာဏာ ပြန်လည်ဖွဲ့စည်းခြင်း၏ အဆင့်တစ်ခုအဖြစ်ပါ ကျွန်ုပ်တို့စဉ်းစားနိုင်စေခဲ့သည်။ ၂၀ ရာစု ပထမနှစ်ဝက်ကာလများတွင် ဤဒေသန္တရဖြစ်ပေါ်ပြောင်းလဲမှုများ ထံမှ ကိုလိုနီခေတ်လူကုံထံအကြွင်းအကျန်များကို အလုံးစုံ ပထုတ်လိုက်ခြင်းမရှိခဲ့ပေ။ သို့သော် ၎င်းတို့ ၏လွှမ်းမိုးနိုင်မှုများ လျော့ကျလာခဲ့ပြီး အကြောင်းမှာ လွတ်လပ်ရေးမရမီ ဆယ်စုနှစ်များအတွင်း တောင်သူမိသားစုကြီး

များသည် နိုင်ငံတော် သို့မဟုတ် လက်နက်ကိုင်အဖွဲ့များ၏ မြေယာစီမံကိန်း များကို နည်းအမျိုးမျိုးဖြင့် ရှောင်လွှဲနိုင်ခဲ့မှုကြောင့်ဖြစ်သည်။ ဒေသတွင်း အထက်အောက် အာဏာ ဖွဲ့စည်းမှုသည် "တောင်သူ- လယ်သမားအစစ်" နှင့် "မြောက်သူ-နေ့စား အလုပ်သမား" ဟူ၍ ကွဲပြား လာသောအခါ အဆိုပါတောင်သူမိသားစုကြီးများသည် ဒေသတွင်းခေါင်းဆောင်မှုတွင် အများဆုံး နေရာယူလာခဲ့သည်။ ကိုလိုနီအုပ်ချုပ်ရေး ကိုဆန့်ကျင်လာကြစဉ် လောကီရေးရာများတွင် အပြုအမူ များ ကောင်းမွန်မှန်ကန် အောင်၊ ကိုယ်ကျင့်တရားကောင်းမွန်အောင်လုပ်ဆောင်ခဲ့သည့် ခေါင်းဆောင် အချို့ သည် စံပြပုဂ္ဂိုလ်များဖြစ်လာခဲ့ပြီး "ဘုန်းဖြင့်"ခေါင်းဆောင်မှုပုံစံမှသည် ခေါင်းဆောင် အဖြစ် ထိုက်တန်မှု သို့မဟုတ် လူ့တန်ဖိုးနှင့်ကျင့်ဝတ်သိက္ခာဖြင့်ခေါင်းဆောင်မှု ပုံစံသို့ တဖြည်းဖြည်း ပြောင်း လဲလာခြင်းကို အမှတ်အသားပြုသည်။ ထို့အပြင် ခေါင်းဆောင်ဖြစ်ရန်ထိုက်တန်မှုကို အကဲဖြတ်ရာ တွင် ဩဇာနှင့်အာဏာဆိုင်ရာ Nash ၏အယူအဆဖြစ်သည့် "လူတစ်ဦး၏ဘုန်း" သာမက အတိတ်နှင့် လက်ရှိ ပစ္စုပ္ပန်ကာလအခြေအနေများသည်လည်း အရေးပါလှကြောင်း ပြန်လည်သုံးသပ် မိ စေသည်။

ဆိုရှယ်လစ်ခေတ် (၁၉၆၂-၁၉၈၈) အတွင်း နိုင်ငံတော်မူဝါဒများသည် တောင်သူများနှင့် နေ့စားအလုပ် သမားများအကြားကွာဟချက်ကို ပိုမိုမြင့်မားစေခဲ့ ကာ နိုင်ငံတော်သည် ဒေသဆိုင်ရာကိစ္စရပ်များ အပေါ်ထိန်းချုပ်မှုကို ပိုမိုတင်းကြပ် ခဲ့ပြီး ကျေးလက်ဒေသအား လယ်ပိုင်ရှင်တောင်သူများရှိရာအရပ် ဟူသည့်ပုံရိပ် ကို ဖန်တီးပေးခဲ့သည်။ သို့သော် ထိုအချိန်က အများစုမှာ နေ့စားအလုပ်သမားများ၊ မှီခိုသူများနှင့် ငှားရမ်းသူများ ဖြစ်သည်။ ဦးနေဝင်း၏အစိုးရ တဖြည်းဖြည်း ပြိုလဲ သွားခြင်းနှင့်အတူ ဒေသဆိုင်ရာအာဏာပိုင်များနှင့်အပေးအယူလုပ်ခြင်းကို ဗျူဟာ တစ်ခုအဖြစ် မမြင်တော့ဘဲ လိမ်လည် လှည့်ဖြားရန်နှင့် လာဘ်ထိုးရန် တွန်းအား ပေးသည့် အရာတစ်ခုအဖြစ်သာ မြင်ကြတော့သည်။ ၁၉၈၈ ခုနှစ် သွေးမြေခမှု ကြောင့် မြို့ပြမှာကဲ့သို့ ဂေါကြီးရွာတွင် ပြိုကွဲမှု မကြုံခဲ့ရပါလျှင်တောင်မှ ၎င်းသည် အစိုးရအရာရှိများအပေါ် မယုံကြည်မှု တိုးပွားလာစေခဲ့သည်။ ကျေးလက်ဒေသ တွင် နောက်ပိုင်း၌ ထို ပြိုကွဲမှု ဖြစ်ပေါ်ခဲ့သည်။ တော်လှန်ပုန်ကန်မှုများဖြစ်ပွားပြီး

နောက် နိုင်ငံတော်သည် ကျေးလက်ဒေသ ဆိုင်ရာများနှင့်ကင်းကွာသွားပြီး ၁၉၉၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ရွာသူကြီးအဖြစ် တာဝန်ထမ်း ဆောင်ခဲ့သည့် ဦးဝင်းသည် အညာဒေသတွင် အဓမ္မလုပ်အားပေးခိုင်းစေမှုများကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည် လုပ်ဆောင်ခဲ့သည့်အခါ ၎င်းသည် နိုင်ငံတော်၏ ကြီးထွားလာသည့် အဂတိလိုက်စား မှုနှင့် အကြမ်းဖက်မှုများ၏ ပြယုဂ်ဖြစ်လာခဲ့သည်။ နာမည်ဆိုးဖြင့်ကျော်ကြားသော ဦးဝင်းထံမှ ယုံကြည် လေးစားထိုက်သူ ဦးငွေထံ ရွာသူကြီးအဖြစ်ပြောင်းလဲခြင်း သည် ကျေးလက်ဒေသဖြစ်တည်မှုများတွင် ပိုမိုကျယ်ပြန့်သော ကွဲလွဲမှုကို ထင်ဟပ် စေခဲ့သည်။ ၎င်းသည် မယုံကြည်မှုနှင့် အဂတိလိုက်စားမှုထံမှ ယုံကြည်စိတ်ချရမှုနှင့် ကျင့်ဝတ်သိက္ခာရှိမှုထံသို့ ပြောင်းလဲသွားခြင်းဖြစ်သည်။ ဦးငွေသည် ၎င်း၏ ရာထူး သက်တမ်းအပြီးတွင် နိုင်ငံတော်နှင့် တဖြည်းဖြည်းကင်းကွာသွားခြင်းကို ဘုန်းဖြင့် အုပ်ချုပ်ခဲ့သူ နောက်ဆုံးပုဂ္ဂိုလ်များအားစံနမူနာယူ၍ ဂေါကြီးရေးရာများအား ထဲထဲ ဝင်ဝင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် ချိန်ညှိခဲ့သည်။ ဒေသခံအထက်တန်းလွှာများသည် ကျေးရွာရေးရာများတွင် တဖြည်းဖြည်းပြန်လည် စိတ်ဝင်တစားပါဝင်လာခဲ့ကြ ပြီး ၎င်းတို့သည် ပိုမို၍ ရိုးရာဆန်သည့်ပုံစံဖြစ်သည့် "လူမှုရေး" ဟူသည့် ခေါင်းစဉ် အောက်တွင် အခြေအနေ/ကိစ္စရပ်အသစ်များကို ထုတ်ဖော်ပြောဆိုလာကာ ၂၁ ရာစု အစော ပိုင်းတွင် စုပေါင်းလုပ်ဆောင်မှုများကို ကျေးလက်ဒေသဖြစ်တည်မှုများ၏ ထိရှလွယ်သောပုံစံအဖြစ်သို့ ပြောင်းလဲလာစေခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရသော် နိုင်ငံတော်၏ ကျေးလက်ရေးရာများမှ ကင်းကွာသွားခြင်းကိုတုံ့ပြန်သည့်အနေဖြင့် ဂေါကြီးတွင် ကိုယ့်အားကိုယ်ကိုးသည့် အတွေးအခေါ် တစ်ခုဖြစ်ပေါ်လာခဲ့ပြီး "လူကြီး"တစ်စုက ကျေးရွာရေးရာများတွင် ပါဝင်ဆောင်ရွက်မှုကို သြဇာ နယ်ပယ် တစ်ခုအဖြစ် မည်သို့စတင်လုပ်ဆောင်လာသည်ကို တွေ့မြင်ခဲ့ရသည်။ ထိုသို့ပြုလုပ် ခြင်းဖြင့် သူတို့သည် လူကြီးဟူသော စကားလုံးနှင့် ဆက်စပ်နေသော အဓိပ္ပာယ် ကို ပြောင်းလဲခဲ့ပြီး ၎င်းကို ကျင့် ဝတ်ဆိုင်ရာ ပိုမိုအရေးပါမှုတစ်ခု ဖြစ်စေခဲ့သည်။ ထို့အပြင် ၎င်းတို့သည် ရွာခေါင်းဆောင်မှုတွင် အများ ဆုံးပါဝင်နေသူများဖြစ်ပြီး တောင်သူမိသားစုကြီးများ၏ သားစဉ်မြေးဆက်များဖြစ်ကာ လွန်ခဲ့သော ရာစုနှစ် ၂ခု တလျှောက် အမွေဆက်ခံရရှိသောမြေများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် သြဇာလွှမ်းမိုး

မှုရှိသူ များဖြစ်ကြသည်။ ထိုသို့မြေယာအမွေလွှဲပြောင်းပေးမှုများသည် ကျေးလက်ဒေသတွင်း မြေယာဆိုင်ရာ ဆက်နွယ်မှုများကို စုစည်းပေးခဲ့သည်။

ဤစာအုပ်သည် ကျေးလက်ဒေသခေါင်းဆောင်များအား ဆန့်ကျင်ဘက်ဝိသေသလက္ခဏာများနှင့် မရေမရာမှုအဖြစ်ရှုမြင်မှုကို ဖော်ပြထားသည်။ ဒေသခံများနှင့် နိုင်ငံတော်အကြား ကြားခံအဖြစ် သူ ကြီးရာထူးမှာ အလွန်အမင်း ကန့်သတ်ခံထားရသည်ကို ပြသထားပါသည်။ တစ်ချိန်တည်းတွင် စုပေါင်း စီစဉ်သူများအဖြစ် "လူကြီးများ"၏ ဆုံးဖြတ်ချက်ချနိုင်သည့် အခန်းကဏ္ဍကို အခိုင်အမာပြောဆို ထားပါသည်။ သို့သော် သူကြီးနှင့်လူကြီးများတွင် ဥပဒေအရစည်းနှောင်သည့်ပါဝါ မရှိပါ (ဆန့်ကျင် ဘက် ဝိသေသလက္ခဏာများဆိုသည်မှာ ဤသည်ကိုဆိုလိုသည်၊ လက်တွေ့တွင် ဆုံးဖြတ်ချက်ချမှု များနှင့် စီမံမှုများ ပြုနေကြသော်လည်း ဥပဒေအရ စည်းနှောင်သည့်ပါဝါ မရှိပါ)။ ကျေးလက်ဒေသ ဖြစ်တည်မှုဆိုင်ရာနားလည်မှုကို တိုးချဲ့နိုင်ရန်အတွက် အပြန်အလှန်ဆက်ဆံကြမှုများအား အာရုံစိုက် ရန်မှာ ကျွန်ုပ်၏ ရွေးချယ်မှုဖြစ်ပြီး လူတို့၏ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်ဆံပုံများ ချိန်ညှိကြပုံကို ကြည့်၍ဖြစ်သည်။ ဖြစ်တည်မှုနယ်ပယ်၏ အရေးပါမှုအပေါ်မူတည်ပြီး အပြန်အလှန်ဆက်ဆံမှု အတွင်း ပါဝင်ဆောင်ရွက်မှုပုံစံများကွဲပြားကာ နယ်ပယ်အလိုက် သမိုင်းကြောင်းအရ ကိုက်ညီမှုပေး စွမ်းနိုင်သည်ဟု ၎င်းက ဖော်ပြခဲ့သည်။

ကိုကျော်၏နေ့စဉ်ဘဝကို လိုက်ပါလေ့လာခြင်းဖြင့် ရွာအကြီးအကဲဖြစ်မှုအား အစိုးရအာဏာနှင်းအပ် ထားသည့် တရားဝင်အဖွဲ့အစည်းတစ်ခုအဖြစ်သာ မြင်ခြင်းသည် အဓိကအနှစ်သာရများနှင့်လွဲချော်ရန် သေချာကြောင်း ဤစာအုပ်တွင် ငြင်းခုန်ထားသည်။ ကျေးရွာအကြီးအကဲဖြစ်မှုသည် မရေရာစွာဖြင့် အကဲဖြတ်ပါဝင်ဆောင်ရွက်ခြင်း၊ ဒေသတွင်းဖြစ်ပေါ်မှုများနှင့်အညီပဲ့ကိုင်ထိန်းကြောင်းခြင်းနှင့် ပညာသည်ဆန်ခြင်းတို့အဖြစ် ရှုမြင်ခြင်းဖြင့် ရွာခေါင်းဆောင်မှုကို မနုဿဗေဒရှုထောင့်မှ ငြင်းခုန်မှုအား ပြန်လည်စတင်ရန် ကျွန်ုပ် ကြိုးစားထားသည်။ ရွာအကြီးအကဲဖြစ်ခြင်းသည် နိုင်ငံတော်နှင့် ကျေးရွာ လူထုအကြားထားရှိသည့် အပေါ်ယံရာထူးသက်သက်မဟုတ်ဘဲ ဦးဆောင်သူအဖြစ် ပဲ့ကိုင်ထိန်း ကြောင်းရန်လည်း လမ်းဖွင့်ပေး

ထားသည်။ အတိတ်ကာလကပြိုကွဲမှုများနှင့် ယခင်ခေါင်းဆောင်များ ၏အမှတ်ရစရာများ၊ လက်ရှိ အကဲဖြတ်ချိတ်ဆက်ဆောင်ရွက်မှုများသည် ကိုကျော်၏ ကျေးရွာအုပ် ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်မှုအပေါ် မည်သို့သက်ရောက်ကြောင်း ကျွန်ုပ်၏ ဤစာအုပ်က ဖော်ပြ နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ အကြီးအကဲတစ်ဦးဖြစ်လာခြင်းဖြင့် ကိုကျော်သည် ရာထူးတာဝန် တစ်ခုကို လက်ခံခြင်းဖြစ်ပြီး ၎င်းသည် အများ မယုံကြည်ကြသည့် ရာထူးတစ်ခုလည်း ဖြစ်သည်။ တစ်ချိန်တည်းတွင် သူသည် ဂေါကြီးအတွက် အရေးပါသော ဝိသေသလက္ခဏာဖြစ်သည့် "ကိုယ်ကျင့်သိက္ခာကောင်းမွန်ခြင်း/ကျင့်ဝတ်လိုက်နာခြင်း"ဖြင့် ရပ်ရေးရွာရေးများစီမံခန့်ခွဲမှုကိုလည်း ပုံဖော် ဆောင်ရွက်ရသည်။

မည်သူမျှ ထင်သာမြင်သာစွာရှာအကြီးအကဲမဖြစ်လိုခြင်းသည် အကြီးအကဲဖြစ်ခြင်းကြောင့်"မက်မောစရာများဖြစ်သည့် လွှမ်းမိုးနိုင်မှု၊ ဂုဏ်သိက္ခာ၊ ကုသိုလ် သို့မဟုတ် ငွေကြေးအကျိုးအမြတ်များထက် မက်မောစရာမဟုတ်သည်များဖြစ်သည့် အချိန်ပေးရမှု၊ ငွေကြေးကုန်ကျမှု၊ အများပြည်သူ၏ ဝေဖန်ခံ ရနိုင်မှုနှင့် မြို့နယ်ဌာနဆိုင်ရာများ၏ ဖိအားဒဏ်ကိုခံရနိုင်မှုက ပိုများနေ၍ဖြစ်သည်" [Kempel 2012: 70]။ ၎င်းသည် ရာစုနှစ်နှစ်ခုကြာ အက်ကြောင်းများ၊ အကြမ်းဖက်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ အမှတ်ရဖွယ် များရှေ့တန်းရောက်လာသည့် ဖြစ်ပေါ်ပြောင်းလဲမှုတွင် ပုဂ္ဂလိကဘဝ၊ အများပြည်သူနှင့် အစိုးရတို့ ဆုံစည်းရာနေရာဖြစ်သောကြောင့် ဖြစ်သည်။ အကြီးအကဲဖြစ်ရန်ယှဉ်ပြိုင်မှုသည် ကျေးရွာအုပ်စု တစ်ခုစီတိုင်းရှိ ဒေသတွင်းကိစ္စရပ်များ၊ မိသားစုဆိုင်ရာအကြောင်းအရာများ၊ ပတ်သက်ဆက်နွှယ်မှုရေးရာများနှင့် ကျေးရွာများအကြား သမိုင်းတလျှောက် အတိုက်အခံအဖြစ် တည်ရှိနေမှုများကြောင့် အကန့်အသတ်များ ရှိသည်။ မည်သို့ပင်ဆိုစေကာမူ အကြီးအကဲဖြစ်မှုအားထိန်းချုပ်လိုသည့် ဒေသ တွင်းအထက်တန်းလွှာများထဲမှလာသူ သို့မဟုတ် ဒေသတွင်းအထက်တန်းလွှာများနှင့် ရင်းနှီးသူများ အတွက်မှ အကြီးအကဲဖြစ်ရန်ယှဉ်ပြိုင်ရာ၌ အခြားသူများထက်စာလျှင် အသာစီးရမည့်အနေအထား တွင်ဆက်လက်ရှိနေဆဲဖြစ်သည်။ သို့သော်လည်း အကြီးအကဲဖြစ်လာမည့်သူသည် သူ၏ပုဂ္ဂလိက ဘဝနှင့်အများပြည်သူအကျိုးစီးပွားကိစ္စရပ်များ၏ စဉ်ဆက်မပြတ်

ပေါင်းစည်းမှု သို့မဟုတ် ဝေးကွာမှု များနှင့် တသားတည်းဆက်စပ်ဖြစ်ပေါ်နေသည့် ဖိအားများ/တာဝန်ဝတ္တရားများကိုလည်း စီမံဖြေရှင်း ရန် လိုအပ်သည်။ ဤမသေမချာဖြစ်မှုသည်ပင် အစိုးရ၏အကျိုးစီးပွားလည်း ဖြစ်နေနိုင်ပြီး အကြောင်း မှာ ဤနည်းဖြင့် ရပ်ရွာတစ်ခုလုံး၏ စုပေါင်းတာဝန်ကို အကြီးအကဲတစ်ဦးတည်းအားဖြင့် ပတ်သက် ဆက်ဆံနိုင်၍ ဖြစ်သည် - သို့သော် ဤအချက်သည် ထင်မြင်ယူဆချက်သက်သက်အနေဖြင့်သာ ရှိပါသေးသည်။ ကိုကျော်၏ ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် လုပ်ငန်းဆောင်တာသည် အတိတ်နှင့် ပစ္စုပ္ပန်ဖြစ်ပျက်ပြောင်းလဲမှုများကြားတွင် ပါးပါးနပ်နပ်ရှိရမည်ဖြစ်ပြီး ကျေးရွာလူထု နားလည်လက်ခံ ထားသည့် "ခေါင်းဆောင်ဖြစ်ရန်ထိုက်တန်မှု" ကို သူမည်သို့ထိန်းသိမ်းဆောင်ရွက်သည်အပေါ် အခြေခံ၍ အကဲဖြတ်ခံရခြင်း ဖြစ်သည်။

အမျိုးသားခေါင်းဆောင်မှုဆိုင်ရာမေးခွန်းသည် အမွေဆက်ခံခြင်းမှတစ်ဆင့် မိသားစုဆက်ဆံရေးအထိ အလှမ်းကျယ်သည်။ အမွေပေးခြင်း/အမွေဆက်ခံခြင်းသည် ကိစ္စရပ်များအပေါ် အခွင့်အာဏာ၊ တာဝန်ယူမှုနှင့် လူများအကြား တာဝန်ဝတ္တရားများကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုသည့် လုပ်ငန်းစဉ် တစ်ခု ဖြစ်လာခဲ့သည်။ မိသားစုဆက်ဆံရေးနယ်ပယ်အတွင်း အမျိုးသား၏ ဩဇာအာဏာသည် အဓိကအားဖြင့် အုပ်ချုပ်မှုမှ ဆင်းသက်လာသည် (ဆိုလိုသည်မှာ ပိုင်ဆိုင်မှုနှင့် ၎င်းနှင့်ဆက်နွယ်နေ သောလူများကို ကြည့်ရှုစောင့်ရှောက်သည့် လုပ်ငန်းစဉ်ဖြစ်သည်)။ မိသားစုဆက်ဆံရေးနယ်ပယ်ဆို သည်မှာ တရားဝင်မျိုးရိုးစဉ်ဆက်ဖြစ်ခြင်း(မျိုးဆက်မပြတ်ခြင်း)နှင့် ထိုသို့ မိသားစုအတွင်းခေါင်း ဆောင်မှုကို လက်ဆင့်ကမ်းခြင်းဖြစ်သည်။ ထို့အပြင် လူတစ်ဦး၏ ပုဂ္ဂိုလ်ရေးအရည်အချင်းများဆို သည်မှာ မိသားစုဆက်ဆံရေးထက် ကျော်လွန်ပါသည်။ ၎င်း၏ မျိုးရိုး၊ စွမ်းဆောင်ရည် (အောင်မြင်မှု များ၊ ဘုန်း၊ ကံ) တို့အကြား ပေါင်းစပ်မှုနှင့်ညှိနှိုင်းရမှုများသည် မြန်မာနိုင်ငံတွင် အမျိုးသားများဖြစ် တည်မှု/ဦးဆောင်မှုသီအိုရီ၏ ဗဟိုချက်တွင်ရှိနေသည်။ "ကြည့်ရှုစောင့်ရှောက်ခြင်း"သည် "မိဘများ" နှင့် "ကလေးများ" အကြား ပုဂ္ဂိုလ်ရေးအရ စွမ်းဆောင်ရည်များ၊ အပြန်အလှန် တာဝန်ဝတ္တရားများနှင့် ဆက်စပ်သည့် အာဏာအရင်းအမြစ်တစ်ခုဖြစ်ပြီး ထိုအယူအဆသည် ခေါင်းဆောင်မှုဆိုင်ရာ

အခြား အတွေးအခေါ်များနှင့် အလေ့အကျင့်များတွင် ပျံ့နှံ့နေသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များတွင် ဂေါကြီး ရှာ၏ ဖြစ်တည်ရှင်သန်မှု၌ ရပ်ရေးရွာရေးအယူအဆ ထွန်းကားလာပြီး ရပ်ရေးရွာရေးအုပ်ထိန်းသူ/ ကြည့်ရှုစောင့်ရှောက်သူဟု ဖော်ပြကြသည့် "ခေါင်းဆောင်ဖြစ်ထိုက်သူများ"က ရပ်ရွာအရေးကိစ္စ များအား ဩဇာနယ်ပယ်တစ်ခုအဖြစ် ဆောင်ရွက်ခဲ့ကြခြင်းသည် ဥပမာ တစ်ခုပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရပါလျှင် ကိုကျော်၏ အကြီးအကဲတစ်ဦးအဖြစ် ပုံဖော်ဆောင်ရွက်မှုကို မရေရာမှုများဖြင့် အကဲဖြတ်ချိတ်ဆက်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်အဖြစ် စူးစမ်းလေ့လာခြင်းဖြင့် - မိသားစုများအတွင်း ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းဆိုင်ရာ မေးခွန်းအား မိသားစုအတွင်းခေါင်းဆောင်မှု(အုပ်ချုပ်မှု)အဖြစ် လေ့လာဆန်းစစ်မှုသို့ ဆင့်ကဲတိုးတက်သွားစေသည်။ ထိုအယူအဆအပေါ်အခြေခံ၍ ဂေါကြီးရွာ "လူကြီးများ"အား အများအကျိုးအတွက်ရပ်ရွာအရေးကိစ္စများအားဦးဆောင်ရန် (အုပ်ထိန်းမှု/ ကြည့်ရှု စောင့်ရှောက်မှု)အတွက် အရည်အချင်းပြည့်မီစေခြင်းလည်း ဖြစ်သည်။ ထိုအကြောင်းခြင်းရာများကို ကြည့်ခြင်းဖြင့် ဩဇာပါဝါဖွဲ့စည်းတည်ရှိမှုအမျိုးမျိုးတွင် အမျိုးသားများ၏ လုပ်ပိုင်ခွင့်အာဏာ မည်သို့ ပျံ့နှံ့နေသည်ကို တွေ့ရှိနိုင်သည်။



# ရည်ညွှန်းကိုးကားချက်များ


**Aung-Thwin, Michael.** 1985. 'The British "Pacification" of Burma: Order without Meaning', *Journal of Southeast Asian Studies* 16(2): 245–61.

**Furnivall, John S.** 1948. *Colonial Policy and Practice: A Comparative Study of Burma and Netherlands India.* Cambridge: University Press.

**———.** 1957. *An Introduction to the Political Economy of Burma.* Rangoon: Burmese Advertising Press.

**Griffiths, Michael P.** 2018. 'Modern Welfare and Traditions of Reciprocity: *Parahita* Organizations and Emergent Ecologies of Redistribution in Rural Myanmar', PhD dissertation. Hull: University of Hull.

**Hardiman, John P.** 1910. *Report on the Regular Settlement of the Lower Chindwin District, April 1906–June 1909.* Rangoon: Office of the Superintendent, Government Printing.

**Kempel, Susanne, and Myanmar Development Research.** 2012. *Village Institutions and Leadership in Myanmar: A View from Below.* United Nations Development Program.

**Koenig, William J.** 1990. *The Burmese Polity, 1752–1819: Politics, Administration, and Social Organization in the Early Kon-Baung Period.* Ann Arbor: University of Michigan Press.

**Nash, June, and Manning Nash.** 1963. 'Marriage, Family, and Population Growth in Upper Burma', *Southwestern Journal of Anthropology* 19(3): 251–66.

**Nash, Manning.** 1963. 'Party Building in Upper Burma', *Asian Survey* 4: 197–202.

**———.** 1965. *The Golden Road to Modernity: Village Life in Contemporary Burma.* London: John Wiley and Sons.

**Richardson, David.** 1847. *The Damathat: Or the Laws of Menoo.* Maulmain: American Baptist Mission Press.

**Rozenberg, Guillaume.** 2015. *The Immortals: Faces of the Incredible in Buddhist Burma*, trans. W. Keeler. Honolulu: University of Hawai'i Press.

**Schober, Juliane.** 1989. 'Paths to Enlightenment: Theravada Buddhism in Upper Burma', PhD dissertation. De Kalb: University of Illinois.

**Scott, James C.** 1972. 'The Erosion of Patron-Client Bonds and Social Change in Rural Southeast Asia', *The Journal of Asian Studies* 32(1): 5–37.

**Spiro, Melford E.** (1977) 1986. *Kinship and Marriage in Burma: A Cultural and Psychodynamic Analysis.* Berkeley: University of California Press.

**Tambiah, Stanley J.** (1973) 2013. 'The Galactic Polity in Southeast Asia', *HAU: Journal of Ethnographic Theor*y 3: 503–34. (Reprinted from Stanley J. Tambiah, 1973, 'The Galactic Polity in Southeast Asia', in *Culture, Thought, and Social Actio*n, Cambridge, MA: Harvard University Press, pp. 3–31.).

**Turner, Alicia.** 2014. *Saving Buddhism: The Impermanence of Religion in Colonial Burma.* Southeast Asia. Honolulu: University of Hawai'i Press.

Stéphen Huard

# မြန်မာ့အညာဒေသရေးရာ မှတ်တမ်း

ဒီစာအုပ်က မြန်မာနိုင်ငံအလယ်ပိုင်း၊ အညာဒေသမှာရှိတဲ့ ဗုဒ္ဓဘာသာကိုးကွယ်ကြတဲ့ ကျေးရွာအုပ်စု တစ်ခုကိုအခြေတည်ပြီး လူတွေအတူတကွ နေထိုင်မှုကို ဘယ်လို စီစဉ်ကြသလဲ၊ ဘယ်လို ဆွေးနွေးညှိနှိုင်းပြီးဆုံးဖြတ်ကြသလဲဆိုတာကို နီးနီးကပ်ကပ် ပြောပြထားပါတယ်။ မြေယာနဲ့ အမွေဆက်ခံမှု၊ အချင်းချင်း ကူညီယုံကြည်မှု၊ ပွဲတော်/အခမ်းအနားတွေ၊ အကြွေးကိစ္စရပ်တွေလို နေ့စဉ်ကိစ္စတွေကို လိုက်လံကြည့်ရှုပြီး ဆုံးဖြတ်ချက်တွေဟာ ဆက်ဆံရေး၊ နာမည်ကောင်းရှိခြင်း၊ မဖြစ်မနေ ယူရမယ့် တာဝန်ဆိုတဲ့ဂရုတစိုက်စိတ်ကူးတွေကြောင့် ဘယ်လိုပုံဖော်လာသလဲဆိုတာကို ပြသပေးပါတယ်။ သုတေသီကိုယ်တိုင် အညာရွာတစ်ရွာမှာသွားရောက်နေထိုင်လေ့လာခြင်းနဲ့ သမိုင်းနောက်ခံကိုပေါင်း စပ်ထားပြီး ရပ်ရေးရွာရေးတွေက ဒေသတွင်းရှင်သန်ဖြစ်တည်မှုရဲ့အဓိကနယ်ပယ် ဘယ်လိုဖြစ်လာခဲ့ သလဲ၊ လူ့တန်ဖိုးကို အများရှေ့အကဲဖြတ်သုံးသပ်ကြတဲ့နေရာ ဘယ်လိုဖြစ်လာခဲ့သလဲဆိုတာကို ရေးသားဖော်ပြထားပါတယ်။ ဒေသတွင်း အငြင်းပွားမှုတွေ၊ မျက်နှာသာပေးမှု/ အကူအညီပေးမှုတွေ နဲ့ အများပြည်သူဆိုင်ရာတာဝန်ဝတ္တရားတွေကနေတဆင့် အခွင့်အာဏာကို ယုံကြည်မှု၊ ဂုဏ်သတင်းနဲ့ စဉ်ဆက်မပြတ်ညှိနှိုင်းမှုတို့ကိုအသုံးပြုပြီး ဘယ်လိုတည်ဆောက်ထားတယ်ဆိုတာကိုလည်း ဖော်ပြ ထားပါတယ်။

9791098281310